# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကိုမြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၂၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၇၉)


## (၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပ

# နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် မတ် ၂၇

၂၀၂၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့၊ ယနေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားသည်။

ဦးစွာ စစ်ရေးပြအခမ်းအနား အရာရှိ၊ စစ်သည်များ၊ တပ်မတော် များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ပါဝင် ချီတက်ကြမည့် (ကြည်း) အမျိုးသမီးစစ်ရေးပြ အမျိုးသမီး စစ်ရေးပြတပ်ခွဲတို့သည် တပ်မတော်(ကြည်း၊ ရေ၊ လေ) မှ တပ်ခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်

*စာမျက်နှာ ၆ ကော်လံ ၁* ❐

**"တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်မှု မှန်သမျှသည် တပ်မတော်အတွက် မဟုတ်ဘဲ အမိနိုင်ငံနှင့် တိုင်းရင်းသားပြည်သူလူထု ကောင်းကျိုးဖြစ်ထွန်းပြီး အချုပ်အခြာအာဏာ ပိုင်ဆိုင်သည့် နိုင်ငံနှင့်လူမျိုးအဖြစ် ကမ္ဘာ့အလယ်တွင် ဆက်လက်ရပ်တည်သွားနိုင်ရေး ကိုယ်ကျိုးမငဲ့ မွန်မြတ်သည့် စိတ်ရင်းစေတနာနှင့် လုပ်ဆောင်နေခြင်းဖြစ်"**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။






မြန်မာ့အလင်း

# တစ်ထောင်တန်အိပ်မက်

အကယ်၍သာ လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း မြန်မာငွေကျပ် တစ်ဘီလီယံခွဲတိတိ လက်ထဲသို့ရောက်ရှိလာမည်ဆိုလျှင် ဘာလုပ်ကြမည်လဲ။ ရှေးဦးစွာ လူဖြစ်ရကျိုးနပ်ပေပြီတကားဟူ၍ ဖရဏာပီတိတို့ တစိမ့်စိမ့်တအိအိခံစားကာ ပျော်လည်းပျော်ကြရ၊ မော်လည်းမော်ကြရမည်။ မများလှသော်လည်း တော်တော်နှင့် မဆပ်နိုင်ခဲ့သည့် ကြွေးပူကြွေးအေးတို့အားလုံး ပြေအောင် ကျေအောင် ပေးဆပ်လိုက်မည်။ ပြီးလျှင် မိသားစုစီးရန် ကားကောင်းကောင်းတစ်စီးနှင့် ခေတ်မီမီပုံလှလှ တိုက်အိမ်တစ်လုံး။ ဤမျှ စိတ်ကူးပြီးသည့်အချိန်တွင် သိန်းပေါင်း ၅၀၀၀ မကုန်တတ်သေး။ နောက်ထပ်ကျန်နေသည့် ကျပ်သိန်းပေါင်း ၁၀၀၀၀ ကို ဘာလုပ်ကြဦးမလဲ။

စိတ်ကူးယဉ်ရသည်မှာ လွန်စွာ ပျော်စရာကောင်းသည်။ ဤသို့ စိတ်ကူးယဉ်ခွင့်ရရှိနိုင်စေရန် အနည်းဆုံးငွေကျပ် ၁၀၀၀ ကိုရင်း၍ အောင်ဘာလေထီတစ်စောင်လောက်တော့ ဝယ်ယူထားရန်လိုသည်။ ပြောစရာတစ်ခုရှိသည်မှာ အောင်ဘာလေထီလက်မှတ်တစ်စောင်၏ တန်ဖိုးသည် ဈေးကွက်တွင် ကျပ် ၁၀၀၀ ထက် ပိုများနေတတ်ခြင်းနှင့် တစ်စောင်ချင်းထိုးရန် မလွယ်ကူခြင်းပင်ဖြစ်သည်။ ဈေးကွက်တွင် ထီများဈေးကြီးနေခြင်းနှင့် စပ်လျဉ်း၍ ထီချစ်သူများ၏ မကျေမနပ်စကားသံများကို မကြာမကြာ ကြားရလေ့ရှိပြီး လွှတ်တော်ထဲအထိပင် တင်သွင်းဆွေးနွေးခဲ့ဖူးသလို အကြောင်းကြောင်းတို့ကြောင့် ဈေးကွက်ထဲမှ ထီဈေးနှုန်းကို ထိန်းချုပ်ရန် ခက်ခဲသည်ဟူ၍လည်း ကြားသိခဲ့ရဖူးသည်။

တစ်ခေတ်တစ်ခါက ထီတစ်စောင်လျှင် နှစ်ကျပ်နှုန်းဖြင့် နိုင်ငံအတွင်း ဈေးနှုန်းတစ်ပြေးညီ ထီထိုးနိုင်ခဲ့ကြသည်။ ထီအရောင်းကိုယ်စားလှယ်များမှာ ထီ ၁၀ စောင်ပါ တစ်အုပ်ရောင်းလျှင် အပိုတစ်စောင်ကို အကျိုးအမြတ်အဖြစ် ခံစားခဲ့ကြရခြင်းဖြစ်သည်။ ထီထိုးသူများအနေဖြင့် ထီဆုငွေအများဆုံး ကျပ်တစ်သိန်းမှသည် အနည်းဆုံး ကျပ် ၇၀၀ အထိ ရရှိခဲ့ကြရာ ထိုခေတ်ကာလငွေတန်ဖိုးအနေဖြင့် အနည်းဆုံးထီဆုသည် နွားတစ်ရှဉ်းတန်ဖိုးခန့်ပင်ဖြစ်သည်။ ထီထိုးသူများက မိမိတို့၏ စိတ်ကူးများကို ထီထိုးရာတွင် အတိတ်အဖြစ်ရေးသားခဲ့ကြရာ နှစ်လတစ်ကြိမ်ထီဖွင့်သည့်အခါ ထီပေါက်စဉ်များ၌ “ သားရှင်ပြုရန်”၊ “ မာစီဒီးကား ဝယ်စီးရန်”၊ “ခင်သန်းနုနှင့် မင်္ဂလာဆောင်ရန်” စသည်ဖြင့် တွေ့မြင်ရပြီး ပျော်ရွှင်ဖွယ်ရာလည်း ဖြစ်သည်။

အစိုးရကဖွင့်လှစ်သည့် ထီလုပ်ငန်းများမှာ မိမိတို့နိုင်ငံတွင်သာမက အခြားနိုင်ငံများတွင်လည်း ရှိနေကြသည်။ မြန်မာ့ထီလုပ်ငန်းမှာ ဒုတိယကမ္ဘာစစ်မဖြစ်မီကစတင်ခဲ့ခြင်းဖြစ်သည်ဟု မှတ်သားရဖူးသည်။ ခေတ်အဆက်ဆက်တွင် ထီလုပ်ငန်းကို ခေတ်နှင့်အညီ အဆင့်ဆင့်ပြုပြင်ပြောင်းလဲခဲ့ခြင်းဖြင့် လက်ရှိကာလတွင် ထီတစ်စောင်၏ ရောင်းဈေးကျပ် ၁၀၀၀ နှင့်အများဆုံးဆုကြေးငွေကျပ်သိန်းပေါင်း ၁၅၀၀၀၊ ဒုတိယအများဆုံးဆုကြေးငွေကျပ်သိန်း ၁၀၀၀၀၊ တတိယအများဆုံးကျပ်သိန်း ၅၀၀၀၊ ကျပ်သိန်း ၂၀၀၀၊ ကျပ်သိန်း ၁၀၀၀ အထူးဆုကြီးများ၊ ကျပ်သိန်း ၅၀၀၊ ကျပ်သိန်း ၂၀၀၊ ကျပ်သိန်း ၁၀၀၊ ကျပ်သိန်း ၅၀၊ ကျပ်သိန်း ၂၀၊ ကျပ် ၁၀ သိန်းဆုကြီးများ၊ ဝေဝေဆာဆာ ပဒေသာဆုမဲများ စသည်ဖြင့် ရောင်းဈေး၊ ရောင်းချသည့် စနစ်၊ ဆုကြေးငွေပမာဏတို့ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

ထီထိုးခြင်းသည် ကံစမ်းခြင်းသာဖြစ်၍ လောဘကြီးဖို့မလို၊ နှလုံးသွင်းမှန်ဖို့သာလိုသည်။ အောင်ဘာလေထီရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ခွဲဝေပေးပြီးကျန် ၄၀ ရာခိုင်နှုန်းကို နိုင်ငံဘဏ္ဍာအဖြစ်သိမ်းယူ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ရာ ထီတစ်စောင်ထိုးလိုက်သည်နှင့် ကံထူးရှင်သို့မဟုတ် ကုသိုလ်ရှင်အဖြစ် ခံယူနိုင်ကြသည်။ ထီဆုကြီးကြီးပေါက်သူကို မဟာကံထူးရှင်အဖြစ် ထီဆိုင်ကြီးများက ဂုဏ်ပြုလေ့ရှိကြရာ ထီမပေါက်သေးသည့် ထီချစ်သူများမှာ ထီဆုကြီးများနှင့် နိုင်ငံ့ဘဏ္ဍာတို့၏ အလှူရှင်မဟာကုသိုလ်ရှင်ကြီးများအဖြစ် ဂုဏ်ယူနိုင်ကြကြောင်း နှလုံးသွင်းလျက် လာမည့် မေလ ၁ ရက် (ကမ္ဘာ့အလုပ်သမားနေ့) နေ့ထူးနေ့မြတ်ကြီးတွင် ဖွင့်လှစ်မည့် (၂၆) ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအမီ ကံစမ်းနိုင်ကြပါစေကြောင်း။ ။

## (၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ရွှေကြာသင်္ကန်းတော်ကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် ဆင်ယင်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၇

နေပြည်တော်ရှိ ဥပ္ပါတသန္တိ ကုန်းတော်ပြင်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိ စေတီတော်၏ လိုဏ်တော်ကြီးအတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်လေးဆူနှင့် မဟာဆုတောင်းပြည့် (ပန်းပေါင်း) ဘုရားကြီးတို့အား (၁၃)ကြိမ်မြောက် ရွှေကြာသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၆ နာရီခွဲတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထိန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စေတီတော်ဂေါပက အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ စေတီတော် လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယ ရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွား ဆင်းတုတော်မြတ်လေးဆူနှင့် စေတီတော်ရင်ပြင် အရှေ့မြောက်ထောင့် ဂန္ဓကုဋီတိုက် ကျောင်းဆောင်တော်၌ ကိန်းဝပ် စံပယ်တော်မူလျက်ရှိသည့် မဟာဆုတောင်းပြည့် (ပန်းပေါင်း) ဘုရားကြီးတို့အား ရွှေကြာသင်္ကန်းတော်၊ မြသပိတ်တော်ဖြင့် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် ရေချမ်းတော်တို့ကို ဒုတိယဝန်ကြီး ဦးမင်းထိန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်းနှင့် နေပြည်တော်သာသနာရေးမှူး ဦးဆန်းထွန်းအောင် တို့က ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ သံဃာတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်မည့် နေရာသို့ ပင့်ဆောင်၍ တံခွန်၊ ကုက္ကား၊ မုလေးပွားများ ဆက်ကပ်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

ဆက်လက်၍ ဇန်းမော်ကျောင်းတိုက် ဆရာတော်ကြီးထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ရတနသုတ်၊ မေတ္တသုတ်ပရိတ်တရားတော်ကို နာယူကြသည်။ ထို့နောက် အကြီးအကဲများနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သန်လျင်မြို့ မင်းကျောင်း ပထမပြန် စာသင်တိုက် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဒုတိယဝန်ကြီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

## ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ဇလွန် မတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်တွင် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းကို ယနေ့နံနက် ၇ နာရီခွဲခန့်တွင် ဘုရားကြီးဝင်းအတွင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။



ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် ဇလွန်မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၃၂ ကျောင်း ၊ သီလရှင်ကျောင်း ငါးကျောင်းမှ သံဃာတော်နှင့် သီလရှင် ၅၆၈ ပါးအတွက် ဆွမ်းဆန်စိမ်းလောင်းလှူ ငွေကျပ် ၂၈၄၀၀၀၀ ကို လောင်းလှူခဲ့ကြောင်း သိရသည်။

ဝေယံ – ဇလွန် ( ပြန်/ဆက် )

## မင်းပြားမြို့၌ (၇၆ )နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

မင်းပြား မတ် ၂၇

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့တွင် ၂၀၂၁ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သော(၇၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မသောင်းရွှေ ဦးဆောင်သောရုံးဝန်ထမ်းများက ပြည်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် အခမဲ့ သွားရောက်ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဆက်လက်၍ (၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်တွင် ပါရှိသော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ စွမ်းအားရှိသမျှ ကာကွယ်ပေးမယ်၊ (၇၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ၊ တပ်မတော် အဆင့်ဆင့် ပြောင်းလဲလာပုံ၊ နိုင်ငံရေးယဉ်ကျေးမှုနှင့်သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်စသောအကြောင်းအရာများအား ဝေဝေဆာဆာဖော်ပြထားသော(၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များအား နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ ၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူစည်ကားရာနေရာများတွင် လေ့ လာ ဖတ်ရှုနိုင်ရန်အတွက် ပြန်/ဆက် ဝန်ထမ်းများက အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

ခင်မောင်ထွန်း(ပြန်/ဆက်)

## မယ်စဲ့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းနှင့် တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မယ်စဲ့ မတ် ၂၇

ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်း ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုကွာဟမှုမရှိစေရေးအတွက် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေများဖြင့် ဟိုစဲ့ကျေးရွာ၌ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းများကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိပြီး ဟိုစဲ့အမှတ်(၃)ရွာမှ တောင်ပေါ်စေတီ သွားလမ်းတွင် မြေသားလမ်းမှ ကတ္တရာခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၈၃ ဒသမ ၁၆ သန်းဖြင့်လည်းကောင်း၊ ဟိုစဲ့ခန်းမဆောင်မှ တောင်ပေါ်စေတီသွားလမ်းတွင် ကျောက်လမ်းမှ ကတ္တရာခင်းခြင်းလုပ်ငန်းကို ငွေကျပ် ၅၃ ဒသမ ၁၄ သန်းဖြင့် လည်းကောင်း၊ ဟိုစဲ့အမှတ်(၃)ရွာမှ တောင်ပေါ်စေတီ သွားလမ်းပေါ်ရှိ ၁၀ ပေ ကျောက်စီကမ်းကပ်ခုံ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ငွေကျပ် ၁၀ ဒသမ ၉၄ သန်းနှင့် ၂၅ ပေ ကျောက်စီကမ်းကပ်ခုံ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ငွေကျပ် ၃၀ ဒသမ ၅၆၅ သန်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကာ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းများအလိုက် ခွင့်ပြုငွေများထုတ်ပေးရန် လိုအပ်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝတ်ရည်(ပြန်/ဆက်)

# ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၇

**၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြသည်။**

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီးနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဘွဲ့ခံဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသန်းကျော်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီးထံမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မြို့မစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဂန္ဓမာ မဟာထေရ်မြတ်က

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဂန္ဓမာ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသူရိယ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသုမန အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ စန္ဒာဝရ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ပညာဝံသ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။

*စာမျက်နှာ ၃ မှ*

သမ္မော ဒနီယသြဝါဒကထာကို မြွက်ကြား ချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့မစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဂန္ဓမာထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ယင်းနောက် ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ညောင်ကန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုလန္ဒကထံ လည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မဟာဝိဇ္ဇာသိပ္ပံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသူရိယထံလည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အောင်မြေသာယာဝန်မင်းကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်က အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ဇွဲကိုက်ဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်းဆရာတော် ဘဒ္ဒန္တသုမန ထံလည်းကောင်း၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မြို့ရှေ့(ရွာဦး) စန္ဒာရုံ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ ထံ လည်းကောင်း၊ ကောင်စီဝင် မန်းငြိမ်းမောင်က အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကညင်ချောင်းကျေးရွာ ကျောင်းတောင်တောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒာဝရ ထံ လည်းကောင်း၊ ကောင်စီဝင် ဒေါ်အေးနုစိန်က အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်း ရပ်ကွက် ရွှေပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသ ထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။



၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပစဉ်။

ယင်းနောက် ကောင်စီဝင် ဦးမောင်းဟာက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရခိုင်ပြည်နယ် မြောက်ဦးမြို့ အောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာသာမိ ထံ လည်းကောင်း၊ ကောင်စီဝင် ဦးစိုင်းလုံးဆိုင်က အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မိုးကောင်း ကျောင်းတိုက် ဇယဝတီကျောင်း ဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ ထံလည်းကောင်း၊ ကောင်စီဝင် ဒေါက်တာ ဗညားအောင်မိုးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဖက်ပင်အိုင်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌ ထံ လည်းကောင်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ ရတနာ့ဗိမာန် ချမ်းသာကြီးတိုက် ဆရာတော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ ထံ လည်းကောင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ မင်းကျောင်းစာသင်တိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဝေဠုရိယ ထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်းမြို့နယ် အရှေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရ ထံ လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးသန်းကျော်က အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းမြို့နယ် ရွှေသုဝဏ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသဒ္ဓိယ ထံလည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဇေယျသိဒ္ဓိ (မဟာသံ့သာရ) ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုမာရ ထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာသာမိ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစိုင်းလုံးဆိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာ ဗညားအောင်မိုး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝေဠုရိယ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသုန္ဒရ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။

*စာမျက်နှာ ၄ မှ*

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွင်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရခိုင်ပြည်နယ် စစ်တွေမြို့ မဏိရတနာ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ သောဘ ထံလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နိဂြောဓာရုံညောင်ပင်သာ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဝိသုတ ထံလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဇဟာန်းမြို့နယ် အလယ်တောရ စံပြစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသ ထံလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပါဠိကာရီစာသင်တိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ အင်္ဂီသ ထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင် မင်းကျောင်းဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် နှင့်ဇနီး၊ ဧည့်ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး (၁၃) ပါးနှင့် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး (၇) ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသန်းကျော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသိဒ္ဓိယ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ကုမာရ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွင်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ သောဘ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝိသုတ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။



စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအင်္ဂီသ အား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၀၂၂ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၂၇

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပသည်။**

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ သာကေတမြို့နယ်၊ တိပိဋကာ လင်္ကာရကျောင်းတိုက် ဆရာတော် ဒွိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂသာမိ အမှူးပြုသည့် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ ဘွဲ့တံဆိပ်တော်ရဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ တက်ရောက်ကြပြီး သာသနာပြုဘွဲ့ရ လူပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ သာကေတမြို့နယ်၊ တိပိဋကာလင်္ကာရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာမိ မဟာထေရ်မြတ်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာမိ မဟာထေရ်မြတ်က သမ္မောဒနီယ ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ယင်းနောက်ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးလှစိုးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။



ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ဘွဲ့တံဆိပ်ဆက်ကပ်စဉ်။

**ရေစက်သွန်းလောင်း**

ဆက်လက်၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၇၈ ပါး၊ သီလရှင်ဆရာကြီး ၈ ပါး စုစုပေါင်း ၁၈၆ ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် သာသနာပြုဘွဲ့ရလူပုဂ္ဂိုလ် ၁၁ ဦးတို့အား ဘွဲ့တံဆိပ်များ အပ်နှင်းခြင်းတို့ကို ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဇဟာန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချနာယက ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ အရှင်မြတ်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**အောင်မြင်စွာ ကျင်းပပြီးစီး**

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား အဆောင်အယောင်နှင့် တကွ ပင့်ဆောင်၍ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အကြီးအကဲ များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ အခမ်းအနားကို ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများ၏ အလေးပြုမှုကို ခံယူစဉ်။

❒ ရှေ့ဖုံးမှ

စစ်ရေးပြ စစ်ကြောင်းကြီးများ အလိုက် စစ်ရေးပြကွင်းမုခ်ဦး ရှေ့တွင် စတင်စုရုံးရောက်ရှိ နေရာယူကြပြီး စစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

**ချီတက်နေရာယူ**

ထို့နောက် ဘက်ပိုက်တပ်စုနှင့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌ နေရာယူကြပြီး ယန္တရားစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် သိန်းထွေး ဦးဆောင်၍ ခေတ်လွန်အမြောက်ယန္တရားတပ်ခွဲ၊ ခေတ်လွန်သံချပ်ကာယန္တရားတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ယန္တရားတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးယန္တရားတပ်ခွဲ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံး ယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ယန္တရားတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ယန္တရားတပ်ခွဲတို့က ချီတက်နေရာယူကြသည်။

ဆက်လက်ပြီး စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် စိုးမင်းဦး ဦးဆောင်၍ အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် မိုးဇော်ထွန်း ဦးဆောင်သည့် ဗမာ့လွတ်လပ်ရေး တပ်မတော် (BIA)၊ ဗမာ့ကာကွယ်ရေး တပ်မတော် (BDA)တပ်ခွဲ၊ ဗမာ့အမျိုးသားတပ်မတော် (BNA) တပ်ခွဲ၊ ဗမာ့မျိုးချစ်တပ်မတော် (PBF)တပ်ခွဲ၊ ဗမာ့တပ်မတော် (BA)တပ်ခွဲ၊ မီးတုတ်ကိုင်တပ်ခွဲ၊ ဘယ်ရီတပ်ခွဲတို့ ပါဝင်သည့် အနော်ရထာစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် အောင်အောင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ဂေါ်ရခါး တောဆောင်းတပ်ခွဲ၊ ပို့င့် ၃၀၃ ရိုင်ဖယ် တပ်ခွဲ၊ ဘီအေ-၅၂ စတင်းတပ်ခွဲ၊ ဘီအေ-၆၃ တပ်ခွဲ၊ အမျိုးသမီး (ကြည်း၊ ရေ၊ လေ) (၁၉၅၇-၁၉၇၂) တပ်ခွဲ၊ တပ်မတော်(ရေ)(၁၉၅၇-၁၉၇၂)တပ်ခွဲ၊ တပ်မတော်(လေ) (၁၉၅၇-၁၉၇၂) တပ်ခွဲတို့ပါဝင်သည့် ကျန်စစ်သားစစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ထွန်းနိုင်ဦး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ တပ်မတော် (ကြည်း) (၁၉၇၃-၁၉၈၈)တပ်ခွဲ၊ တပ်မတော် (ရေ) (၁၉၇၃-၁၉၈၈) တပ်ခွဲ၊တပ်မတော် (လေ) (၁၉၇၃-၁၉၈၈) တပ်ခွဲ၊ တပ်မတော် (ကြည်း) (၁၉၈၉-၁၉၉၉) တပ်ခွဲ၊ တပ်မတော် (ရေ)(၁၉၈၉-၁၉၉၉) တပ်ခွဲ၊ တပ်မတော်(လေ) (၁၉၈၉-၁၉၉၉) တပ်ခွဲ၊ တပ်မတော် (ကြည်း) (၂၀၀၀-၂၀၁၄) တပ်ခွဲတို့ ပါဝင်သည့် ဘုရင့်နောင်စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထူး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ တပ်မတော် (ရေ) (၂၀၀၀-၂၀၁၄)တပ်ခွဲ၊ တပ်မတော် (လေ) (၂၀၀၀-၂၀၁၄) တပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၂၀၀၀-၂၀၁၄)တပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) တပ်ခွဲ (၁)၊ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု တပ်ခွဲတို့ပါဝင်သည့် အောင်ဇေယျ စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်စိုး ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ (၁)၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ပါဝင်သည့် ဆင်ဖြူရှင် စစ်ကြောင်း။

**အစီအစဉ်အတိုင်းချီတက်**

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် စိုးတင့် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အမျိုးသမီး (အရာရှိ) တပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အမျိုးသမီး (အခြားအဆင့်) တပ်ခွဲ၊ လေကြောင်းချီတပ်ခွဲ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့ ပါဝင်သည့် ဗန္ဓုလစစ်ကြောင်း။

စစ်ကြောင်းမှူး ရဲမှူးချုပ် ဟန်ထွန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး)ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲ (၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး) တပ်ခွဲ (၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) တပ်ခွဲ (၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) တပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) တပ်ခွဲ (၃)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့(အမျိုးသား)တပ်ခွဲ (၄) တို့ပါဝင်သည့် အောင်ဆန်းစစ်ကြောင်းတို့က စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ စစ်ရေးပြကွင်းအတွင်းသို့ အစီအစဉ်အတိုင်း ချီတက်ကြသည်။

အဆိုပါ (၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ၊ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ လွတ်လပ်ရေး မော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အငြိမ်းစား အရာရှိကြီးများ၊ အငြိမ်းစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား (အငြိမ်းစား) ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့တို့မှ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ တပ်မတော် ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် တပ်မတော်သား အားကစားသမားများ၊ တပ်မတော်နေ့ အလှူရှင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ ရေကြောင်း၊ လေကြောင်း လူငယ်သင်တန်းများမှ အုပ်ချုပ်သူ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

*စာမျက်နှာ ၇ သို့*

**“ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို ၁၉၄၂ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)၊ ၁၉၄၃ ခုနှစ်တွင် ဗမာ့အမျိုးသားတပ်မတော် (BNA)၊ ၁၉၄၅ ခုနှစ် ဇူလိုင်လတွင် မျိုးချစ်ဗမာ့တပ်မတော်(PBF)၊ စက်တင်ဘာလတွင် ဗမာ့တပ်မတော် (Burma Army) အဖြစ် အဆင့်ဆင့် အမည်ပြောင်းလဲဖွဲ့စည်းခဲ့၊ တပ်မတော်သည် ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် နယ်ချဲ့ဗြိတိသျှတို့လက်အောက်မှ မြန်မာနိုင်ငံကို လွတ်လပ်ရေး ရယူပေးခဲ့သည့်အတွက် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာခဲ့သည့် တပ်မတော်လည်းဖြစ်၊ တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ လွတ်လပ်ရေးရပြီး ခေတ်အဆက်ဆက်တွင် ပြည်တွင်း၊ ပြည်ပ အန္တရာယ်အမျိုးမျိုးကို အသက်၊ သွေး၊ ချွေး များစွာ ပေးဆပ်ပြီး စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်ခဲ့ရသည်ကို သိစေလို”**

*စာမျက်နှာ ၆ မှ*

**စစ်ရေးပြအခမ်းအနားကျင်းပ**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌ နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး အမြောက် ၁၉ ချက် ဂုဏ်ပြုပစ်ဖောက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

**မိန့်ခွန်းပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် စစ်ရေးပြအခမ်းအနားသည် အမိမြန်မာနိုင်ငံတော်ကြီးကို ခေတ်အဆက်ဆက် ကာကွယ် စောင့်ရှောက်ခဲ့သည့် သမိုင်းဂုဏ်ဒြပ် အစဉ်အလာကြီးမားသည့် မြန်မာ့တပ်မတော်၏ (၇၆) နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသည့် စစ်ရေးပြအခမ်းအနားဖြစ်သကဲ့သို့ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရသည့် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဂုဏ်ပြုအခမ်းအနားကို ပြန်လည်ကျင်းပသည့်စစ်ရေးပြအခမ်းအနားလည်းဖြစ်ကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုနှစ် ကျော်ခဲ့သည့်တိုင် ခေတ်အဆက်ဆက် ကောင်းမြတ်သည့် အစဉ်အလာများကို လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့သည့် တပ်မတော်အတွက် အလွန်ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း။

သမိုင်းကြောင်းတစ်လျှောက်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံအဖြစ် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ငြိမ်းချမ်းထည်ဝါစွာ စုစည်းရပ်တည်နေထိုင်သည့် မိမိတို့နိုင်ငံသည် ၁၈၈၆ ခုနှစ်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရပြီး နယ်ချဲ့တို့၏ ဖိနှိပ်မှုအောက်တွင် နှစ်ပေါင်း ၁၀၀ ကျော် နေခဲ့ကြရကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် မြန်မာ့မျိုးချစ်ခေါင်းဆောင်များအနေဖြင့် နယ်ချဲ့ကို တိုက်ထုတ်ရန် တပ်မတော်တစ်ရပ် ထူထောင်နိုင်ရေး သခင်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်သည် ဂျပန်၏အကူအညီဖြင့် စစ်ပညာများကို အပင်ပန်းအဆင်းရဲခံသင်ယူခဲ့ကြကြောင်း၊ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့၏ ဦးဆောင်မှုနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် စတင်ဖွဲ့စည်းခဲ့ပြီး နယ်ချဲ့အင်္ဂလိပ်တို့ကို မျိုးချစ်စိတ် ထက်သန်ပြင်းပြသည့် ပြည်သူလူထုနှင့် ပူးပေါင်းမောင်းထုတ်ခဲ့ကြကြောင်း၊ အင်္ဂလိပ်တို့ ဆုတ်ခွာပြီးနောက် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဂျပန်တို့က လွတ်လပ်ရေးပေးခဲ့သော်လည်း ပြည်သူလူထုသည် ဆိုးရွားစွာ ညှဉ်းပန်းနှိပ်စက်မှုကို မမျှော်လင့်ဘဲ ခံခဲ့ရသည့်အတွက် တပ်မတော်အနေဖြင့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်တွင် သမိုင်းဝင် ဖက်ဆစ်တော်လှန်ရေးကြီးကို တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးနှင့် အတူ ပူးပေါင်းလက်တွဲ ဆင်နွှဲခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းနေ့ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့ကြခြင်းပင်ဖြစ်ကြောင်း။

**လွတ်လပ်ရေး ရယူပေးခဲ့**

ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို ၁၉၄၂ ခုနှစ်တွင် ဗမာ့ကာကွယ်ရေး တပ်မတော် (BDA)၊ ၁၉၄၃ ခုနှစ်တွင် ဗမာ့အမျိုးသားတပ်မတော် (BNA)၊ ၁၉၄၅ ခုနှစ် ဇူလိုင်လတွင် မျိုးချစ်ဗမာ့တပ်မတော်(PBF)၊ စက်တင်ဘာလတွင် ဗမာ့တပ်မတော် (Burma Army)အဖြစ် အဆင့်ဆင့် အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့ကြောင်း၊ တပ်မတော်သည် ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် နယ်ချဲ့ဗြိတိသျှတို့လက်အောက်မှ မြန်မာနိုင်ငံကို လွတ်လပ်ရေး ရယူပေးခဲ့သည့်အတွက် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာခဲ့သည့် တပ်မတော်လည်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့ပြီးနောက် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု၊ အယူဝါဒရေးနှင့် တိုင်းရင်းသားရေးတို့အရ ပြည်တွင်း သောင်းကျန်းမှုများ ပေါ်ပေါက်လာရာတွင် တပ်မတော်က ပူပူနွေးနွေးရရှိထားသည့် လွတ်လပ်ရေးကြီး လက်လွတ်မဆုံးရှုံးစေရန် အသက်၊ သွေး၊ ချွေးများစွာကိုစတေးပြီး သောင်းကျန်းသူများကို နှိမ်နင်းပေးခဲ့ရကြောင်း၊ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)တို့ စတင်လက်နက်ကိုင်တောခိုခဲ့ရာမှစပြီး အခြားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ ပေါ်ပေါက်လာခဲ့ကြောင်း၊ နိုင်ငံတကာကလည်း "ရောင်စုံသောင်းကျန်းသူများ"ဟု ကင်ပွန်းတပ်ခဲ့ကြကြောင်း၊ ထိုအချိန်တွင် တပ်မတော်စစ်ဦးစီးချုပ် တာဝန်ထမ်းဆောင်နေသည့် ဗိုလ်ချုပ်ကြီး နေဝင်းသည် ခြေလျင်တပ်အနည်းငယ်၊ လက်ရုံးဝန်ထမ်းတပ် အနည်းငယ်နှင့် ရသမျှအင်အားစုစည်းပြီး နိုင်ငံအနှံ့ ဆူပူသောင်းကျန်းနေသည့် ရောင်စုံသောင်းကျန်းသူများကို ပြန်လည်ထိန်းချုပ်တိုက်ခိုက်ကာ နိုင်ငံကို တည်ငြိမ်အောင်၊ မပြိုကွဲအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

> **"ထာဝရငြိမ်းချမ်းရေးရရှိစေရေးအတွက် တပ်မတော်အနေဖြင့် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကိုလည်း ဆောင်ရွက်ပေးခဲ့၊ ယခုအခါတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီဆိုသည့် ကော်မတီ ၃ ခုနှင့် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိ"**

ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများသည် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား စတင်ဖြစ်ပွားခဲ့ခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန်တာဝန်ရှိသည့် အဖွဲ့အစည်းပီသစွာ ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် ပြည်တွင်းရောင်စုံသောင်းကျန်းမှုများကို နှိမ်နင်းခြင်းသာမက ၁၉၅၀-၆၁ ခုနှစ်ကာလအတွင်းတွင် ပြည်ပကျူးကျော်သူ ကူမင်တန် (တရုတ်ဖြူ) များ၊ ရခိုင်ပြည်နယ်အတွင်းတွင် အခြေပြုလှုပ်ရှားနေတဲ့ ကုလားဆိုး သောင်းကျန်းသူများကို တိုက်ခိုက်နှိမ်နင်းနိုင်ခဲ့ကြောင်း၊ ၁၉၆၂-၇၂ ခုနှစ်တွင် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် သောင်းကျန်းသူ

*စာမျက်နှာ ၈ သို့*



(၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသည့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများအား တွေ့ရစဉ်။

*စာမျက်နှာ ၇ မှ*

များကို အမြစ်ဖြတ် တိုက်ထုတ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် ပဲခူးရိုးမတွင် အခြေစိုက်လာသည့် ဗကပများကို ပြည်သူလူထုနှင့်ပူးပေါင်းပြီး ဖြတ် ၄ ဖြတ်စနစ်နဲ့ စစ်ဆင်ရေးကြီးတွေ ဆင်နွှဲခဲ့သည့်အတွက် ၁၉၇၅ ခုနှစ်မှာ ပဲခူးရိုးမဒေသအတွင်း ဗကပတို့၏လှုပ်ရှားမှုကို အဆုံးသတ်စေနိုင်ခဲ့ကြောင်း။

**ကာကွယ်စောင့်ရှောက်**

၁၉၈၈ ခုနှစ် နိုင်ငံအတွင်း ဆူပူမှု ဖြစ်ပွားနေသည့်အပေါ် အခွင့်ကောင်းယူပြီး တပ်မတော်ကို အကျပ်အတည်း တွေ့စေရန်အတွက် ဗကပများသည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် စစ်မျက်နှာသုံးခုဖြင့် မိုင်းယန်းဒေသကို လာရောက်တိုက်ခိုက်ခဲ့သောကြောင့် ၈ ရက်ကြာ သမိုင်းဝင် မိုင်းယန်းတိုက်ပွဲဆင်နွှဲခဲ့ရကြောင်း၊ မိုင်းယန်းတိုက်ပွဲတွင် ဗကပတို့ အထိနာအရေးနိမ့်သွားပြီးနောက် အကျိုးဆက်အနေဖြင့် ဗကပအဖွဲ့မှ ကိုးကန့်အဖွဲ့ ခွဲထွက်ပြီး "ဝ"အဖွဲ့က အာဏာသိမ်းလိုက်ခြင်းများကြောင့် ဗကပ(ဗဟို) ပြိုကွဲခြင်းနှင့်အတူ ဗကပအရှေ့မြောက် စစ်ဒေသလည်း လုံးဝချုပ်ငြိမ်းသွားခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလအတွင်း၌ပင် ကရင်ပြည်နယ် မဲသဝေါဒေသကို ထိုးစစ်ဆင် တိုက်ခိုက်လာသည့် သောင်းကျန်းသူများကိုလည်း တပ်မတော်အနေဖြင့် အောင်မြင်စွာ ပြန်လည်ချေမှုန်းတိုက်ခိုက်နိုင်ခဲ့ကြောင်း။

၁၉၈၉ ခုနှစ်အတွင်း၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေ နယ်စပ်တစ်လျှောက်ရှိ သောင်းကျန်းသူ စခန်းများစွာကို တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည့်အပြင် ၁၉၉၁ ခုနှစ်တွင်လည်း မြစ်ဝကျွန်းပေါ်ဒေသကိုထိုးဖောက်ဝင်ရောက်လာသည့် သောင်းကျန်းသူများကိုလည်း အမြစ်ပြတ် ချေမှုန်းနိုင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အရှေ့မြောက်ပိုင်းနယ်စပ်ဒေသနယ်မြေအတွင်း သောင်းကျန်းသူများသည် ကိုးကန့်ဒေသ တစ်ခုလုံးကို တိုက်ခိုက်သိမ်းပိုက်ထိန်းချုပ်ရန်နှင့် ထိုမှတစ်ဆင့် နယ်စပ်ဒေသများဖြစ်သည့် မုံးကိုး-ဖောင်းဆိုင်ဒေသမှ မြန်မာပြည်မြောက်ပိုင်းနယ်မြေဘက်သို့ နယ်မြေချဲ့ထွင်နိုင်ရေးဆိုသည့် ရည်ရွယ်ချက်ဖြင့် လောက်ကိုင်တွင်ရှိသည့် ဌာနချုပ်အပါအဝင် လက်အောက်ခံ တပ်ရင်းများကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်လာခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်က မြို့တွင်းတိုက်ပွဲအပါအဝင် လေကြောင်းပစ်ကူနှင့် အမြောက်ပစ်ကူများရယူပြီး လောက်ကိုင်ဒေသကို တိုက်ခိုက်လာသည့် သောင်းကျန်းသူများကို တွန်းလှန်တိုက်ခိုက်ခဲ့ပြီး နယ်စပ်ဒေသတစ်လျှောက် ဖြန့်ခွဲတပ်စွဲထားသည့် သောင်းကျန်းသူစခန်းများကိုပါ အောင်မြင်စွာ တိုက်ခိုက် သိမ်းယူနိုင်ခဲ့ကြောင်း၊ ထို့နောက် သောင်းကျန်းသူများသည် မြောက်ပိုင်း မဟာမိတ်တပ်ပေါင်းစုဖွဲ့စည်းပြီး ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် မုံးကိုး၊ ဖောင်းဆိုင်၊ မန်ကန် စသည့် တပ်စခန်းများနှင့် ၁၀၅ မိုင်စခန်း၊ မုံးပေါ်တပ်စခန်းတို့ကို တစ်ချိန်တည်း တစ်ပြိုင်တည်းဝင်ရောက်တိုက်ခိုက်လာခဲ့သည်ကိုလည်း အောင်မြင်စွာ ချေမှုန်းနိုင်ခဲ့ကြောင်း၊ တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ လွတ်လပ်ရေးရပြီး ခေတ်အဆက်ဆက်တွင် ပြည်တွင်း၊ ပြည်ပ အန္တရာယ်အမျိုးမျိုးကို အသက်၊ သွေး၊ ချွေး များစွာပေးဆပ်ပြီး စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်ခဲ့ရသည်ကို သိစေလိုကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ခဲ့ရာတွင် စွန့်လွှတ်စွန့်စားစွာ အသက်ပေး ကာကွယ်တိုက်ခိုက်ခဲ့ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကို နိုင်ငံတော်နှင့် တပ်မတော်က ယနေ့အချိန်အထိ အောင်ဆန်းသူရိယဘွဲ့ ၆ ဦး၊ သီဟသူရဘွဲ့ ၅၀၊ သူရဘွဲ့ ၅၄၆ ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ၁,၈၆၀၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂,၀၁၈ ဦး၊ စစ်သေနာပတိချုပ်၏ သူရဲကောင်း လက်မှတ်ရရှိသူ ၃၃၉ ဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၂,၉၈၇ ဦးတို့ကို စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့၊ တံဆိပ်၊ လက်မှတ်များ အသီးသီးချီးမြှင့်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့၊ တံဆိပ်၊ လက်မှတ်များ မရသော်လည်း ပေးအပ်တဲ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် စွန့်လွှတ်မှုပေါင်းများစွာဖြင့် ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကိုလည်း တန်ဖိုးထား ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် ယနေ့အခမ်းအနားတွင်လည်း အောင်ဆန်းသူရိယဘွဲ့ ရရှိသူများ၏ မိသားစုများကိုပါ ဂုဏ်ယူစွာဖြင့် ဖိတ်ကြားတက်ရောက်စေလျက်ရှိပါကြောင်း။

**အလေးအနက်ဂုဏ်ပြု**

ယခု စစ်ရေးပြအခမ်းအနားကြီးတွင် မိမိတို့တပ်မတော် စတင်ဖွဲ့စည်းချိန်တွင် စတင်အသုံးပြုဝတ်ဆင်ခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)၊ ဗမာ့ကာကွယ်ရေးတပ်မတော်(BDA)၊ ဗမာ့အမျိုးသား တပ်မတော် (BNA)၊ မျိုးချစ်ဗမာ့တပ်မတော် (PBF)၊ ဗမာ့တပ်မတော် (Burma Army)နှင့် လွတ်လပ်ရေးရပြီးနောက် ခေတ်အဆက်ဆက်ပြောင်းလဲ ဝတ်ဆင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝတ်စုံများကို ဂုဏ်ပြုဝတ်ဆင်ပြီး အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ရှေးနောင်တော်များအားလုံးကို အလေးအနက်ဂုဏ်ပြုပါကြောင်း။

ယခုနှစ် စစ်ရေးပြအခမ်းအနားတွင် ခေတ်လွန်အမြောက်နှင့် သံချပ်ကာ ယာဉ်ယန္တရားများ ပါဝင်ပြသမှုသည် လွတ်လပ်ရေးရပြီးစ ရောင်စုံသောင်းကျန်းသူ နှိမ်နင်းမှု စစ်ဆင်ရေးများတွင် စွမ်းစွမ်းတမံ တိုက်ပွဲဝင်ခဲ့မှုများကို တန်ဖိုးထား ပြန်ပြောင်းသတိရစေပြီး ဂုဏ်ပြုသည့်အနေဖြင့် ပါဝင်ဆောင်ရွက်စေခြင်းပင် ဖြစ်ကြောင်း၊ ချို့တဲ့စွာဖြင့် စခဲ့ရသည့်အမြောက်၊ ယန္တရားများသည် ခေါင်းဆောင်အသီးသီး၏ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုအချိန်တွင် ခေတ်မီသည့် အမြောက်၊ ယန္တရားများ တပ်ဆင်အသုံးပြုလာနိုင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

**ရည်မှန်းချက်**

တပ်မတော်ကို နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် သမားရိုးကျ စစ်ပွဲဆင်နွှဲနိုင်သည့် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားရှိသည့် ခေတ်မီတပ်မတော် (Standard Army) တစ်ရပ်အဖြစ် ရည်မှန်းချက်ထား ဖွဲ့စည်းတည်ဆောက်လျက်ရှိကြောင်း၊ Standard Army ဖွဲ့စည်းတည်ဆောက်ရာတွင် တပ်မတော် (ကြည်း)ကို လူ၊ လက်နက်ဖွဲ့စည်းမှု အဆင့်မြှင့်တင်ခြင်းသာမက တပ်မတော် (ရေ)အတွက် လိုအပ်သည့်စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ခြင်း၊ ဝယ်ယူဖြည့်တင်းခြင်းများ အပြင် တပ်မတော်(လေ)အတွက် လိုအပ်သည့် လေယာဉ်များကို အဆင့်မြှင့်တင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ခေတ်မီလေယာဉ်များ ရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားစွမ်းအားအရင်းအမြစ်များသည် တပ်မတော်ကို အကျိုးပြုနိုင်ရုံမျှမက နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကိုပါ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားလူ့စွမ်းအား အရင်းအမြစ်များပြုစုပျိုးထောင်ရာတွင် ဆေးပညာရှင်၊ အင်ဂျင်နီယာ၊ နည်းပညာကျွမ်းကျင်သူနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူသိပ္ပံပါရဂူနှင့် ပါရဂူဘွဲ့ရ ၁,၂၀၀ ကျော်၊ မဟာဘွဲ့ရ ၁၄,၀၀၀ ကျော်တို့ကို ပြည်တွင်း၊ ပြည်ပတွင် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံနှင့် တပ်မတော်အတွက် သက်ဆိုင်ရာ အခန်းကဏ္ဍအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြကြောင်း။

၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်နေ့တွင်ကျရောက်ခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ပြုဆု၊ အမှုထမ်းကောင်းဆိုင်ရာဂုဏ်ပြုဆု၊ အနုပညာဆိုင်ရာဂုဏ်ပြုဆု၊ စာပေဆိုင်ရာ ဂုဏ်ပြုဆု၊ စီးပွားရေးဆိုင်ရာ ဂုဏ်ပြုဆု၊ နည်းပညာဆိုင်ရာ ဂုဏ်ပြုဆု၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဂုဏ်ပြုဆုနှင့် အားကစားဆိုင်ရာ ဂုဏ်ပြုဆု စသည့် ဂုဏ်ပြုဆုအသီးသီးကို ပေးအပ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် တပ်မတော်အနေဖြင့် တပ်မတော်ဂုဏ်ဆောင်နှင့် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများစွာကိုလည်း နှစ်စဉ်လေ့ကျင့်မွေးထုတ် ပေးနိုင်ခဲ့ကြောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ ကမ္ဘာ့အိုလံပစ်အားကစားပွဲများ၏ ရွှေကူး၊ ဘောလုံး၊

*စာမျက်နှာ ၉ သို့*



(၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား တွေ့ရစဉ်။

**"တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်း၊ မိမိတို့တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်း ဖြစ်သည်နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လုံခြုံအေးချမ်းစွာနှင့် အေးအတူ၊ ပူအမျှ လက်တွဲပြီး မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားစွာ နေထိုင်လုပ်ကိုင်နိုင်အောင် ခိုင်မာစွာ ဆက်လက်လုပ်ဆောင်သွားမည်၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝ တိုးတက်ရေး ကြိုးစားဆောင်ရွက်သွားမည်"**

*စာမျက်နှာ ၈ မှ*

သေနတ်ပစ်၊ လက်ဝှေ့၊ ပြေးခုန်ပစ်စသည့် အားကစားနည်းများတွင် အမာခံ အားကစားသမားအဖြစ် ပါဝင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား၊ အားကစားသမားများကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားလိုကြောင်း။

**ကာကွယ်စောင့်ရှောက်**

တပ်မတော် အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်လျက်ရှိရာတွင် လူသားချင်းစာနာထောက်ကူမှုနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး (HADR) လုပ်ငန်းစဉ်များတွင်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်ဆေးတပ်ဖွဲ့မှ ပါရဂူ၊ ဆေးမှူးများနှင့် တပ်ဖွဲ့ဝင်များက ၈ နှစ်ကျော် ကာလအတွင်း ပြည်သူ ၂ဒသမ ၅ သန်းကျော်ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်(ရေ) အနေဖြင့်လည်း ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ပင်လယ်ပြင်အတွင်းမှ ဒုက္ခသည် ၄,၀၀၀ ကျော်ကို ကူညီကယ်ဆယ် ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် COVID–19 ကာလအတွင်း မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ ပို့ဘလဲယားတို့တွင် ကာလကြာရှည်စွာ ဒုက္ခခံနေရသည့် မြန်မာနိုင်ငံသား ၁,၁၅၀ ကျော်ကိုလည်း ယခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် စစ်ရေယာဉ်များ စေလွှတ်ပြီး နိုင်ငံအတွင်းသို့ ပြန်လည်ခေါ်ဆောင် ပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိနေသေးသည့် နိုင်ငံသားများကို ခေါ်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ယခုနှစ် ဖေဖော်ဝါရီနှင့်မတ်လအတွင်း အကြောင်း အမျိုးမျိုးကြောင့် ဆေးရုံများ မဖွင့်နိုင်သည့်အတွက် ဆေးကုသမှုခံယူရန် အခက်အခဲဖြစ်နေသည့် ပြည်သူလူထုကို တပ်မတော် ဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်ပေးမှုများ လုပ်ဆောင်ပေးခဲ့ရာတွင် ပြည်သူလူထု ပြင်ပလူနာ ၉၀,၀၀၀ ကျော်၊ အတွင်းလူနာ ၃၀,၀၀၀ ခန့်တို့ကို ပြုစုကုသပေးနိုင်ခဲ့ပြီး မွေးလူနာ ၆,၀၀၀ နီးပါးတို့ကို ကောင်းမွန်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း။

တပ်မတော်(လေ) အနေဖြင့်လည်း HADR လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဒုက္ခရောက်နေသူ ပြည်သူများအတွက် ရိက္ခာဆေးဝါးပို့ဆောင်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ပဋိပက္ခအတွင်း ပိတ်မိနေသည့် ပြည်သူလူထုများ၊ ဝန်ထမ်းများ၊ သက်ကြီးရွယ်အိုနှင့် ကျန်းမာရေးမကောင်းသူများကိုလည်း တပ်မတော်ရဟတ်ယာဉ်များဖြင့် ရွှေ့ပြောင်းပို့ဆောင်မှုများ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း။

မိမိတို့ တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိအောင် အမြဲလေ့ကျင့်နေရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အမြန်ဆုံးအကူအညီ လိုအပ်နေသည့်နေရာများကို သွားရောက်ကူညီ ဆောင်ရွက်ပေးကြရန် အလေးထား မှာကြားလိုကြောင်း။

တပ်မတော်အနေဖြင့် ထိုကဲ့သို့ ပြည်သူလူထုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင် စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းများကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရအဆက်ဆက် ကာလများတွင် ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းမှုမျိုးစုံပြုလုပ်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ပါတီစုံဒီမိုကရေစီ ကာလတွင်လည်း ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်သည်အထိ ရောက်ရှိခဲ့ကြောင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးရပ်တည်ချက်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်လျှောက်လှမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိစေရေးအတွက် မူဝါဒ (၆)ရပ်ကို ချမှတ်၍ ဦးတည်ဆောင်ရွက်လျက် ရှိကြောင်း၊ ယင်းမူဝါဒများသည်လည်း နိုင်ငံ့အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကိုသာ ရှေးရှုပြီး ရေရှည်မျှော်တွေး ချမှတ်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

**ထာဝရငြိမ်းချမ်းရေး**

ထို့ကြောင့် ထာဝရငြိမ်းချမ်းရေးရရှိစေရေးအတွက် တပ်မတော်အနေဖြင့် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါတွင် ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီဆိုသည့် ကော်မတီ ၃ ခုနှင့် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ကြောင်း၊ ထိုကဲ့သို့ ငြိမ်းချမ်းရေးကို ဦးတည်ဆောင်ရွက်နေသည့်ကာလတွင် လက်နက်ကိုင်အဖွဲ့အစည်းအချို့သည် တစ်ဖက်သတ် တောင်းဆိုနေမှုများ၊ တရားမဝင်ကုန်ပစ္စည်းကူးသန်းရောင်းဝယ်မှုများ၊ မူးယစ်ဆေးဝါးလုပ်ငန်းများကို လုပ်ဆောင်နေမှုများရှိနေသည်ကို တွေ့နေရကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်ရေး မဆုံးရှုံးခင်ကာလအထိ ဘုရင့်နိုင်ငံအဖြစ် ရပ်တည်ခဲ့သော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်ဒီမိုကရေစီစနစ်အပါအဝင် ပုံစံအမျိုးမျိုးဖြင့် တိုင်းပြည်တည်ဆောက်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်ကစပြီး ပြည်သူအများ၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် မားမားမတ်မတ် တည်တံ့ခိုင်မြဲနေရေး ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် နယ်မြေအေးချမ်းတည်ငြိမ်မှုနှင့် လူမှုဘဝလုံခြုံမှုအပေါ် ထိခိုက်စေလျက်ရှိသည့် အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ပြီး မိမိတို့လိုလားချက်များကို ရှေ့တန်းတင် တောင်းဆိုနေမှုများသည် မည်သို့မျှမဖြစ်သင့်ကြောင်းကို ပြောလိုကြောင်း၊ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအနှောင့်အယှက်ဖြစ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန်အတွက် ကိုင်ထားသည့် လက်နက်များကို ဘေးချထားပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် အတူတကွ ဆွေးနွေးညှိနှိုင်းရန် အဓိကလိုအပ်ကြောင်း၊ ထို့အပြင် NCAလက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် လက်မှတ်ရေးထိုးရန် လိုအပ်သကဲ့သို့ လက်မှတ်ရေးထိုးပြီး ဖြစ်သည့် အဖွဲ့များအနေဖြင့်လည်း ဥပဒေဘောင်အတွင်းမှ သဘောတူညီချက်များနှင့်အညီ နေထိုင်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် တပ်မတော်နှင့်အတူ လက်တွဲ ကြိုးပမ်းသွားကြရန် တိုက်တွန်းလိုကြောင်း။

**ဆွေးနွေးညှိနှိုင်း**

တပ်မတော်အနေဖြင့် NCA လမ်းကြောင်းမှတစ်ဆင့် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နေစဉ် အချို့ဒေသများတွင် ရှိသည့် တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေးကိုလည်း ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ IDP Camp များမှ ဒေသခံတိုင်းရင်းသားပြည်သူများ ၎င်းတို့၏နေရပ်တွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ နယ်မြေအသီးသီးတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများအပါအဝင် အခြေခံစားဝတ်နေရေးလုပ်ငန်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်သည် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများကို လေးစားလိုက်နာဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ဥပဒေကို လေးစားလိုက်နာပြီး စိတ်ဓာတ်စည်းကမ်း ကောင်းမွန်စွာဖြင့် နေထိုင်ကျင့်ကြံသွားကြရမည်ဖြစ်ကြောင်း၊ စည်းကမ်းအရာတွင် စံနမူနာပြဖြစ်သည့် အဖွဲ့အစည်းအဖြစ် တပ်မတော်၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတိုင်းသည် နိုင်ငံတော်ကို

*စာမျက်နှာ ၁၀ သို့*




(၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသည့် ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်တော်များနှင့် ဖိတ်ကြားထားသူများအား တွေ့ရစဉ်။

**“မိမိတို့တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များအပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိအောင် အမြဲလေ့ကျင့်နေရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းခြင်းမပြုဘဲ အမြန်ဆုံးအကူအညီ လိုအပ်နေသည့်နေရာများကို သွားရောက်ကူညီဆောင်ရွက်ပေးကြရန် အလေးထားမှာကြားလို၊ တပ်မတော်အနေဖြင့် ထိုကဲ့သို့ပြည်သူလူထု ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိ”**

*စာမျက်နှာ ၉ မှ*

ကာကွယ်ရန်ဆိုသည့် အခြေခံ စိတ်ဓာတ်ကောင်းမွန်မှုနှင့် မိမိတို့ သဘောဆန္ဒအလျောက် ရွေးချယ်ပြီး တပ်မတော်အတွင်းသို့ ဝင်ရောက်လာသူများဖြစ်ကြောင်း၊ ထို့ကြောင့် အသက်ခန္ဓာပေး တာဝန်ထမ်းဆောင်နေမှုအပေါ် ဂုဏ်ယူပြီး နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထား ပြုရသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့က ပြုလုပ်ခဲ့သည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲကစ၍ ဖြစ်ပေါ်ခဲ့သည့်အခြေအနေ အရပ်ရပ်ကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်တာဝန်ယူခဲ့ရကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် မဲပေးပိုင်ခွင့်ရှိသူ ၃၉ ဒသမ ၂ သန်း ရှိခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲပြုလုပ်ရန် အကြိမ်ကြိမ်တိုက်တွန်းသော်လည်း မဲပေးပိုင်ခွင့်ရှိသူများကို တပ်မတော်က စိစစ်ခဲ့ရာတွင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၁၀ ဒသမ ၄ သန်းကျော် ရှိခဲ့သည်ကို အငြင်းပွားဖွယ် တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ဖြစ်ပေါ်နေသည့် အငြင်းပွားဖွယ်ကိစ္စရပ်များကို NLD ဦးဆောင်သည့် အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ထံ ဖြေရှင်းပေးရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း တောင်းဆိုချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်း မရှိရုံမျှမက လျစ်လျူရှုပြီး လွှတ်တော်အသီးသီးခေါ်ယူခြင်းနှင့် အစိုးရသစ် တစ်ရပ်ဖွဲ့စည်းနိုင်ရေးကိုသာ ကြိုးပမ်းခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀ (ဂ)နှင့် ပုဒ်မ ၄၁၇ ပါ “နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ဆောင်ရွက်ခြင်း”ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် NLD အစိုးရ၏ ၂၀၂၀ ရွေးကောက်ပွဲတွင် မရိုးမသားဆောင်ရွက်ခဲ့သည့် ဥပဒေမဲ့လုပ်ဆောင်မှုကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဥပဒေနှင့်အညီ ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ အရေးပေါ်ကာလ တာဝန်များ ပြီးမြောက်အောင်ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ပြန်လည်ပြုလုပ်ပြီး တာဝန်လွှဲပြောင်းမှုများ ဆက်လုပ်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်း၊ မိမိတို့တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းဖြစ်သည်နှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လုံခြုံအေးချမ်းစွာနှင့် အေးအတူ ပူအမျှ လက်တွဲပြီး မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဝင့်ကြွားစွာ နေထိုင်လုပ်ကိုင်နိုင်အောင် ခိုင်မာစွာ ဆက်လက်လုပ်ဆောင်သွားမည်၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝ တိုးတက်ရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ခေတ္တထိန်းသိမ်းစောင့်ရှောက်ထားသည့်ကာလအတွင်း ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၉ ရပ်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်သည့်အပြင် နိုင်ငံခြားရေး၊ အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေး စသည်တို့နှင့် ပတ်သက်သည့် မူဝါဒများသည်လည်း တည်ဆဲမူဝါဒများနှင့် ဥပဒေများကို ပြောင်းလဲသွားမည် မဟုတ်ဘဲ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားလိုကြောင်း။

ဥပဒေပြုလုပ်ငန်းကို လုပ်ဆောင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေကို စံပြလိုက်နာရန်လိုကြောင်း၊ ၎င်းတို့ကိုယ်တိုင်က ဥပဒေကို လေးစားလိုက်နာမှုမရှိ၊ ချိုးဖောက်မှုပြုနေကြပါက မိမိတို့မျှော်မှန်းထားသည့် ဒီမိုကရေစီသည် စည်းကမ်းမရှိသည့် ဒီမိုကရေစီသာ ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ယခုလည်း ပါတီခေါင်းဆောင်အချို့သည် အဂတိလိုက်စားမှုများ စစ်ဆေးတွေ့ရှိရသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေကြောင်း။

နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် အမြဲထိတွေ့ဆက်ဆံပူးပေါင်းဆောင်ရွက်နေရန် လိုအပ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သည် အိမ်နီးချင်းတပ်မတော်၊ ဒေသတွင်း တပ်မတော်များအပြင် နိုင်ငံတကာတပ်မတော်များနှင့်လည်း မိတ်ဝတ်မပြတ် ဆက်ဆံရေး မူဝါဒများ ချမှတ်ကျင့်သုံးဆောင်ရွက်လျက် ရှိကြောင်း။ ထိုကဲ့သို့ ဆက်ဆံဆောင်ရွက်သည့်နေရာတွင် အာဆီယံတပ်မတော်များ အပါအဝင် မိတ်ဆွေနိုင်ငံများမှ တပ်မတော်များနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကိုရှေးရှုပြီး ပူးပေါင်းဆောင်ရွက်မှုများ၊ လေ့ကျင့်မှုများ၊ လုပ်ဆောင်ကာ အပြန်အလှန်လေ့လာသင်ယူမှုများနှင့် နားလည်ယုံကြည်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

> “ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအနှောင့်အယှက်ဖြစ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန်အတွက် ကိုင်ထားသည့်လက်နက်များကို ဘေးချထားပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် အတူတကွ ဆွေးနွေးညှိနှိုင်းရန် အဓိကလိုအပ်၊ ထို့အပြင် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် လက်မှတ်ရေးထိုးရန် လိုအပ်သကဲ့သို့ လက်မှတ်ရေးထိုးပြီးဖြစ်သည့် အဖွဲ့များအနေဖြင့်လည်း ဥပဒေဘောင်အတွင်းမှ သဘောတူညီချက်များနှင့်အညီ နေထိုင်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်နှင့်အတူ လက်တွဲကြိုးပမ်းသွားကြရန် တိုက်တွန်းလို”

ယနေ့စစ်ရေးပြအခမ်းအနားသို့ ဂုဏ်ပြုတက်ရောက်ပေးသည့် ရုရှားတပ်မတော်မှ အဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ အနေဝေးသော်လည်း ရင်းနှီးခင်မင်စွာဖြင့် မိတ်ဆွေရင်းပီသစွာ မိမိတို့တပ်မတော်အပေါ် အစဉ်အမြဲ ထောက်ခံကူညီဆောင်ရွက်ပေးလျက်ရှိသော ရုရှားနိုင်ငံအစိုးရနှင့် တပ်မတော်မှ တာဝန်ရှိသူများအားလုံးကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း၊ တပ်မတော်သည် မှန်ကန်မွန်မြတ်သည့် ရည်ရွယ်ချက်နှင့် ဖွဲ့စည်းတည်ဆောက်ခဲ့ပြီး ဂုဏ်ယူဖွယ်ရာကောင်းသည့် သမိုင်းကြောင်းများကိုလည်း ပိုင်ဆိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အမိနိုင်ငံတော်နှင့် လူမျိုးအပေါ်တွင် မည်သည့်သစ္စာဖောက်မှုမျိုးကိုမဆို မကျူးလွန်ဘဲ သစ္စာစောင့်သိခဲ့သည့် တပ်မတော်ဖြစ်သည်နှင့်အညီ နိုင်ငံနှင့်လူမျိုးအပေါ်တွင် အကျိုးအမြတ်ရယူရန် မကြိုးပမ်းဘဲ ပေးဆပ်ရေးကိုသာ အစဉ်တစိုက် ဦးတည်လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိလူမျိုးကို ကိုယ်ပိုင်နိုင်ငံ၊ ကိုယ်ပိုင်နိုင်ငံတော်အလံနှင့် ကိုယ်ပိုင်နိုင်ငံတော်သီချင်း သီဆိုနိုင်သည့်လူမျိုးအဖြစ် ကာကွယ်ပို့ဆောင်ပေးခဲ့ပြီးလည်း ဖြစ်ကြောင်း၊ တပ်မတော်သည် အတိတ်ကာလက နိုင်ငံနှင့်လူမျိုးအပေါ် တာဝန်ကျေပွန်မှု၊ သစ္စာစောင့်သိမှု၊ ပေးဆပ်မှု အမျိုးမျိုးကို မညည်းမညူ လုပ်ဆောင်ခဲ့ပြီးဖြစ်သကဲ့သို့ ယခုပစ္စုပ္ပန်ကာလတွင်လည်း နိုင်ငံနှင့် လူမျိုးအတွက် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးကို တည့်မတ်ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်၏ ကြိုးပမ်းဆောင်ရွက်မှုမှန်သမျှသည် တပ်မတော်အတွက်မဟုတ်ဘဲ အမိနိုင်ငံနှင့် တိုင်းရင်းသားပြည်သူလူထုကောင်းကျိုးဖြစ်ထွန်းပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံနှင့်လူမျိုးအဖြစ် ကမ္ဘာ့အလယ်တွင် ဆက်လက်ရပ်တည်သွားနိုင်ရေး ကိုယ်ကျိုးမငဲ့ မွန်မြတ်သည့် စိတ်ရင်းစေတနာနှင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

(၇၆) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များဖြစ်သည့် အမျိုးသားရေး မူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကိုဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်မှု အပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ၊ မည်သည့် အချိန်အခါတွင်မဆို ကာကွယ် စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝ လုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး၊ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နဲ့ တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော် တည်ဆောက်ရေးဟူသည့် ဦးတည်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် စိုးမင်းဦး ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ညီညာစွာ ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ MI-17 သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် တစ်စင်းနှင့် Mi-2M တိုက်ခိုက်ရေး ရဟတ်ယာဉ် ၂ စင်းတို့က “ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ”ကို ချိတ်ဆွဲ၍ လည်းကောင်း၊ MI-35 P တိုက်ခိုက်ရေး ရဟတ်ယာဉ် ၃ စင်းက တပ်မတော် (ကြည်း) အလံ၊ တပ်မတော် (ရေ) အလံနှင့် တပ်မတော် (လေ) အလံတို့ကို ချိတ်ဆွဲကာ Vic Formation ပုံစံဖြင့်လည်းကောင်း၊ Bell-212 ရဟတ်ယာဉ် ၁ စင်းနှင့် Bell-206 ရဟတ်ယာဉ် ၂ စင်းတို့က အမျိုးအစားမတူ အုပ်ဖွဲ့ပျံသန်းခြင်းပုံစံဖြင့် လည်းကောင်း၊ H-125 ရဟတ်ယာဉ် ၁ စင်းနှင့် H-120 ရဟတ်ယာဉ် ၂ စင်းတို့က အမျိုးအစားမတူ အုပ်ဖွဲ့ပျံသန်းခြင်းပုံစံဖြင့်လည်းကောင်း အသီးသီး ချီတက်အလေးပြုကြပြီး H-120 ရဟတ်ယာဉ် ၂ စင်းတွင် ချင်းတိုင်းရင်းသူ ဗိုလ်ဒေါ်မေဇင်သျှံနှင့် မွန်တိုင်းရင်းသူ ဗိုလ်ဒေါ်ဖြူသွယ်ကျော်တို့က တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပထမဦးဆုံးလေသူရဲများအဖြစ် ပါဝင်ပျံသန်း သရုပ်ပြခဲ့ကြခြင်းဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*




(၇၆) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာသမားများအား တွေ့ရစဉ်။

*စာမျက်နှာ ၁၀ မှ*

ထို့နောက် Mi–2 တိုက်ခိုက်ရေး ရဟတ်ယာဉ် ၃ စင်းက Vic Formation ပုံစံဖြင့် လည်းကောင်း၊ Eurocopter ရဟတ်ယာဉ် ၁ စင်းနှင့် PC–7 အပေါ့စားကင်းထောက်တိုက်လေယာဉ် ၂ စင်းတို့က အမျိုးအစားမတူ အုပ်ဖွဲ့ပျံသန်းခြင်းပုံစံဖြင့် လည်းကောင်း၊ Grob အမောင်းသင်လေယာဉ် ၅ စင်းက Arrow Head Formation ပုံစံဖြင့် လည်းကောင်း၊ Beech သယ်ယူပို့ဆောင်ရေးလေယာဉ် ၁ စင်းနှင့် K–8 အပေါ့စားတိုက်ခိုက်ရေး လေယာဉ် ၂ စင်းတို့က အုပ်ဖွဲ့ပျံသန်းခြင်းပုံစံဖြင့် လည်းကောင်း၊ JF–17 ဘက်စုံသုံးအပေါ့စား တိုက်ခိုက်ရေးလေယာဉ် ၃ စင်းက Vic Formation ပုံစံဖြင့် လည်းကောင်း၊ A–5 မြေပြင်တိုက်ခိုက်ရေး လေယာဉ် ၃ စင်းနှင့် F–7 ကြားဖြတ်တိုက်ခိုက်ရေး လေယာဉ် ၂ စင်းတို့က အမျိုးအစားမတူ မြားခေါင်းပုံစံ ပျံသန်းပြီး နိုင်ငံတော်အလံ ကိုယ်စားပြု အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် မီးခိုးများကို ထုတ်လွှတ်၍ လည်းကောင်း၊ Yak–130 အပေါ့စား တိုက်ခိုက်ရေးလေယာဉ် ၅ စင်းက Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ K–8 အပေါ့စား တိုက်ခိုက်ရေး လေယာဉ် ၃ စင်းနှင့် Yak–130 အပေါ့စားတိုက်ခိုက်ရေးလေယာဉ် ၂ စင်းတို့က အမျိုးအစားမတူ Right Echelon ပုံစံ အုပ်ဖွဲ့ပျံသန်းပြီး နိုင်ငံတော်အလံ ကိုယ်စားပြု အဝါရောင်၊ အစိမ်းရောင်၊ အနီရောင်မီးခိုးများကို ထုတ်လွှတ်၍ လည်းကောင်း၊ Mig–29 ဘက်စုံသုံး တိုက်လေယာဉ် ၅ စင်းက Arrow Head Formation ပုံစံဖြင့် လည်းကောင်း၊ Fan Break ပုံစံဖြင့် လည်းကောင်း အသီးသီး သရုပ်ပြပျံသန်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တက်ရောက်လာကြသည့် ဧည့်သည်တော် ကြီးများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကာ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာခဲ့ပြီး ၂၀၂၁ ခုနှစ် (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

(၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြကျင်းပသော နေပြည်တော်စစ်ရေးပြ ကွင်းကြီးတွင် ခံ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကို လည်းကောင်း၊ တပ်မတော်နေ့ မီးရှူးတိုင်နှင့် (၇၆) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တံဆိပ်ကြီးကို လည်းကောင်း ဝင့်ထည်စွာ တွေ့မြင်နိုင်သည့်အပြင် ဗမာ့လွတ်လပ်ရေး တပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေး တပ်မတော်အလံ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ညွှန်ကြားရေးမှူးရုံးအလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ အမှတ်တံဆိပ်ပါ ရောင်စုံအလံများ တလွင့်လွင့် လွင့်ထူထားကြသည်ကိုလည်း တွေ့မြင်နိုင်သည်။

ထို့အပြင် (၇၆) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်–မန္တလေး ကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ပြီး ဇာတိသွေး၊ ဇာတိမာန် တက်ကြွစေမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိပြီး စစ်ရေးပြကွင်းရှေ့ရှိ လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဆိုင်းဘုတ်များ စိုက်ထူကာ စာတန်းများကိုလည်း ချိတ်ဆွဲထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့

**နေပြည်တော် မတ် ၂၇**

ယနေ့တွင် ကျရောက်သည့် (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားတပ်မတော် အရာရှိကြီးများအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။ **(ယာပုံ)**

အဆိုပါ ဂါရဝပြုကန်တော့သည့် အခမ်းအနားသို့ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများက ကန်တော့ခံတက်ရောက်ကြပြီး ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး ဦးဆောင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ တက်ရောက်ဂါရဝပြုကန်တော့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး က ဂါရဝပြုစကားပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။



ထို့နောက် ကန်တော့ခံအငြိမ်းစား တပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်သူရစောဖြူ (အငြိမ်းစား) နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည် (အငြိမ်းစား)တို့က သြဝါဒစကားများ ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများထံ ဂါရဝပြု လက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြုပေးအပ်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအား ရှင်းလင်းပြသ

**နေပြည်တော် မတ် ၂၇**

မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို (၇၆)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအား ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် နေပြည်တော်ရှိ Grand Amara Hotel ရှိ ဧည့်ခန်းမဆောင်၌ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။ **(အောက်ပုံ)**




ထိုသို့ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ တစ်နိုင်ငံလုံးတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများ၊ မဲလိမ်မဲခိုးမှုများကြောင့် နိုင်ငံတော်၏ တာဝန်ကိုရယူထိန်းသိမ်းခဲ့ရသည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် မဲမသမာမှုများကို တရားဥပဒေနှင့်အညီ ဖြေရှင်းပေးရန်၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဓွေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ရေး တောင်းဆိုခဲ့သော်လည်း လျစ်လျူရှုခဲ့ပြီး ယခုအခြေအနေသို့ ရောက်ရှိမှသာလျှင် ဓွေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် ပြောဆိုလျက်ရှိသည့်အခြေအနေများ၊ နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ငြိမ်းချမ်းစွာဆန္ဒပြမှုအသွင်မှ အကြမ်းဖက်ဆူပူမှုအသွင် (Riot)၊ ယင်းမှ မင်းမဲ့စရိုက်ဆန်သောလူအုပ်စု (Anarchy Mob) အသွင်၊ ထိုမှ တစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သည့်အသွင် (Insurrection) အဆင့်သို့ ကူးပြောင်းလာသည့် အခြေအနေများ၊ မင်းမဲ့စရိုက်အသွင် လက်နက်ကိုင်အကြမ်းဖက်မှုများပြုလုပ်ခဲ့ရာတွင် ပြည်သူပိုင်ရုံးများ၊ ရဲစခန်းများ၊ စာသင်ကျောင်းများ၊ စက်ရုံအလုပ်ရုံတို့ကို မီးရှို့ဖျက်ဆီးခဲ့မှုနှင့် လမ်းတံတားများကို ဖောက်ခွဲဖျက်ဆီးခဲ့မှု စသည့်မင်းမဲ့စရိုက်ဆန်စွာအကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသည့် အခြေအနေများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်၍ လက်ရှိဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို နိုင်ငံတကာမှ သိရှိစေရန် Powerpoint Presentation များဖြင့် တာဝန်ရှိသူများက အကျယ်တဝင့်ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသည့် စစ်သံမှူးများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ခင်းကျင်းပြသထားသော သိမ်းဆည်းရမိသည့် ဆူပူအကြမ်းဖက်လှုပ်ရှားမှုများတွင် အသုံးပြုသော ဒေသန္တရလက်နက်၊ ကိရိယာပစ္စည်းများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၇

**၂၀၂၂ ခုနှစ် (၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ညှဉ့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြသည်။**




(၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ညှဉ့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်ကြသူများကို တွေ့ရစဉ်။

သတင်းစဉ်

### မီးရှူးမီးပန်းများ ပစ်ဖောက်

ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

### ရင်းရင်းနှီးနှီး နှုတ်ဆက်


ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် (၇၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ညှဉ့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယ ကာကွယ်ရေးဝန်ကြီး Colonel General Alexander Vasilyevich Fominနှင့် အဖွဲ့ဝင်များ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စု ရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင်ပထမအဆင့်၊ ဒုတိယအဆင့်နှင့်တတိယအဆင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အငြိမ်းစား အရာရှိကြီးများ၊ အငြိမ်းစား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ မိသားစုဝင်များ၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီဝင်များ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ အငြိမ်းစား သံအမတ်ကြီးများ၊ ဝန်ကြီးဌာန အသီးသီးမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ခဲ့သည့် စစ်ရေးပြမှူး၊ စစ်ကြောင်းမှူးများ၊ ဝန်ကြီးဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား(အငြိမ်းစား) ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများ၊ တပ်မတော်ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် တပ်မတော်သား အားကစားသမားများ၊ တပ်မတော်နေ့အလှူရှင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### သီဆိုဖျော်ဖြေ

(၇၆) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှဉ့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

### မောင်းနှင်အလှပြဂုဏ်ပြု

ထို့ပြင် (၇၆) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် Drone ယာဉ်ငယ်များကို အုပ်စုဖွဲ့၍ 76th AREMD FORCES DAY စာတန်း၊ (၇၆) နှစ်မြောက်တပ်မတော်နေ့ စာတန်း)၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မြေပုံ၊ နိုင်ငံတော်အလံ၊ တပ်မတော်အလံ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ အလေးပြုနေသည့် ပုံသဏ္ဍာန်၊ တပ်မတော် (ကြည်း၊ရေ၊ လေ) တံဆိပ်၊ တင့်ကား၊ တပ်မတော်ရေယာဉ်၊ ရဟတ်ယာဉ်တို့၏ ပုံသဏ္ဍာန်များကို Drone ယာဉ်ငယ်ပေါင်းများစွာကို အသုံးပြု၍ မောင်းနှင်အလှပြ ဂုဏ်ပြုကြသည်။



(၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ညှဉ့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား တက်ရောက်လာကြသူများကို တွေ့ရစဉ်။

ညစာစားပွဲ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များက သီဆိုဖျော်ဖြေခဲ့ကြသည့် စစ်သည်၊ စစ်သမီးများအား အမှတ်တရ ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

### စိတ်ချမ်းမြေ့စွာ ကြည့်ရှု

(၇၆) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအဝင် လမ်းမကြီးတစ်လျှောက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မြေပုံ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ၇ ခုတို့၏ နယ်နိမိတ်မြေပုံများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် တိုင်းစစ်ဌာနချုပ်များ၏ အမှတ်တံဆိပ်များ၊ တပ်မတော်ရေယာဉ်၊ ရဟတ်ယာဉ်များ၊ သံချပ်ကာယာဉ်များ၏ ပုံသဏ္ဍာန်များကို မီးအလှအပများဖြင့် လှပစွာဂုဏ်ပြုပုံဖော်ထွန်းညှိ ထားရှိကြောင်းနှင့် တပ်မတော်နေ့အထိမ်းအမှတ် ညှဉ့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက စိတ်ချမ်းမြေ့ ကြည်နူးစွာ ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဓာတ်ပုံမြင်ကွင်း




(၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား စစ်ရေးပြစစ်ကြောင်းကြီးများက ချီတက်အလေးပြုကြစဉ်။







# မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သေဆုံး/ဒဏ်ရာရ ရဲတပ်ဖွဲ့ဝင် ၂၁ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်

**နေပြည်တော်  မတ် ၂၇**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၂၀ ရက်အတွင်း နိုင်ငံတော်အတွင်းဖြစ်ပေါ်ခဲ့သော အကြမ်းဖက်ဆူပူဆန္ဒပြမှုများဖြိုခွင်းရာတွင် တပ်မတော်နှင့်အတူ လက်တွဲ၍ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ပါသေဆုံး/ ဒဏ်ရာရ ရဲတပ်ဖွဲ့ဝင် ၂၁ ဦးအား ကာကွယ်ရေးဌာန ကောင်စီအထူးအမိန့်အမှတ်၊ ၂/အထူး/၂၀၂၁၊ ယနေ့ရက်စွဲဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်လိုက်ကြောင်း သိရှိရသည်-

| | | | | |
|---|---|---|---|---|
| (၁) | ရဲ | ၃၉၈၄ | ရဲမှူး အောင်ကျော်ဦး | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၂) | ရဲ | ၄၂၁၂ | ရဲမှူး ကျော်ဇင်မြင့် | မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၃) | လ | ၁၄၈၀၈၀ | ရဲအုပ် ရန်အေး | မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၄) | လ | ၂၀၅၂၅၉ | ရဲအုပ် ဝင်းဇော်အောင် | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၅) | လ | ၂၁၄၀၆၇ | ရဲအုပ် ကျော်နိုင်ဦး | ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၆) | လ | ၂၃၈၅၆၃ | ရဲအုပ်နိုင်လင်းအောင် | မွန်ပြည်နယ်ရဲတပ်ဖွဲ့ |
| (၇) | လ | ၂၁၂၅၃၃ | ဒုတိယရဲအုပ် နေမျိုးလွင် | အမှတ်(၄)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ |
| (၈) | လ | ၂၂၀၉၁၁ | ဒုတိယရဲအုပ် ဆန်းဇော်လတ် | အမှတ်(၁၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ |
| (၉) | လ | ၁၆၂၂၅၅ | ရဲတပ်ကြပ်ကြီး စန္ဒာဦး | မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၁၀) | လ | ၂၁၅၆၅၇ | ရဲတပ်ကြပ် သူရဇော် | ကချင်ပြည်နယ်ရဲတပ်ဖွဲ့ |
| (၁၁) | လ | ၂၂၆၀၄၇ | ရဲဒုတိယတပ်ကြပ် ခင်ဇော်လတ် | စည်ပင်သာယာရဲတပ်ဖွဲ့(မန္တလေး) |
| (၁၂) | လ | ၂၆၁၂၆၈ | ရဲဒုတိယတပ်ကြပ် အိအိမွန် | ကရင်ပြည်နယ်ရဲတပ်ဖွဲ့ |
| (၁၃) | လ | ၂၈၉၇၄၅ | ရဲဒုတိယတပ်ကြပ် သူသူပြည့်ဖြိုးစံ | ကရင်ပြည်နယ်ရဲတပ်ဖွဲ့ |
| (၁၄) | လ | ၂၅၂၈၉၉ | ရဲတပ်သား မြိုင်ဝင်း | မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၁၅) | လ | ၂၅၄၄၁၀ | ရဲတပ်သား လန်ပေး | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၁၆) | လ | ၂၅၄၄၁၅ | ရဲတပ်သား မောင်မောင် | စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၁၇) | လ | ၂၅၅၉၉၀ | ရဲတပ်သား အောင်ကျော်လင်း | ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၁၈) | လ | ၂၆၁၆၅၀ | ရဲတပ်သား ရဲလင်းအောင် | ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၁၉) | လ | ၂၆၂၀၂၉ | ရဲတပ်သား လိန်းမနား | မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၂၀) | လ | ၂၆၃၁၁၂ | ရဲတပ်သား တင်ဇာမျိုး | ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ |
| (၂၁) | လ | ၂၈၃၉၆၂ | ရဲတပ်သား ဝင်းကိုခိုင် | အမှတ်(၂၅)လုံခြုံရေးတပ်ဖွဲ့ခွဲ |

သတင်းစဉ်

# (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနား ဓာတ်ပုံမြင်ကွင်း







(၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား ယန္တရားစစ်ကြောင်းက ချီတက်အလေးပြုစဉ်။



### ၂၇-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၈၅၃၀၃၂ | ၂၃၂၇၅၂၆၈ | ၅၆၁၁၄၂ |
| ၂။ | ဘရာဇီး | ၁၂၄၀၇၃၂၃ | ၁၀၈၂၄၀၉၅ | ၃၀၇၃၂၆ |
| ၃။ | အိန္ဒိယ | ၁၁၉၀၈၉၁၀ | ၁၁၂၉၅၀၂၃ | ၁၆၁၂၇၅ |
| ၄။ | ရုရှား | ၄၅၁၀၇၄၄ | ၄၁၃၀၄၉၈ | ၉၇၄၀၄ |
| ၅။ | ပြင်သစ် | ၄၄၆၅၉၅၆ | ၂၈၈၀၆၂ | ၉၄၂၇၅ |
| ၆။ | ဗြိတိန် | ၄၃၂၅၃၁၅ | ၃၇၆၈၄၃၄ | ၁၂၆၅၁၅ |
| ၇။ | အီတလီ | ၃၄၈၈၆၁၉ | ၂၈၁၄၆၅၂ | ၁၀၇၂၅၆ |
| ၈။ | စပိန် | ၃၂၅၅၃၂၄ | ၃၀၁၆၂၄၇ | ၇၅၀၁၀ |
| ၉။ | တူရကီ | ၃၁၄၉၀၉၄ | ၂၉၂၁၀၃၇ | ၃၀၇၇၂ |
| ၁၀။ | ဂျာမနီ | ၂၇၅၄၀၀၂ | ၂၄၇၇၅၀၀ | ၇၆၃၀၃ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၇-၃-၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၉၂၀၀၂ | ၁၃၂၇၁၂၁ | ၄၀၃၆၄ |
| ဖိလစ်ပိုင် | ၇၁၂၄၄၂ | ၅၈၁၁၆၁ | ၁၃၁၅၉ |
| မလေးရှား | ၃၄၀၆၄၂ | ၃၂၅၁၈၂ | ၁၂၅၁ |
| မြန်မာ | ၁၄၂၃၇၇ | ၁၃၁၇၈၈ | ၃၂၀၆ |
| စင်ကာပူ | ၆၀၂၈၈ | ၆၀၁၀၃ | ၃၀ |
| ထိုင်း | ၂၈၆၅၇ | ၂၇၁၃၆ | ၉၃ |
| ဗီယက်နမ် | ၂၅၈၆ | ၂၃၀၈ | ၃၅ |
| ကမ္ဘောဒီးယား | ၂၁၄၇ | ၁၁၃၂ | ၈ |
| ဘရူနိုင်း | ၂၀၆ | ၁၈၈ | ၃ |
| လာအို | ၄၉ | ၄၅ | ၀ |

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများ၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၂၇**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိစစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ်(၄)ရပ်ကွက် ပရိယတ္တိပျိုးဥယျာဉ်ကျောင်းတိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ COVID – 19 ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အောင်ရတနာသိဒ္ဓိကျောင်းရှိ သံဃာတော်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မတ် ၂၇**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် COVID–19 ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ အတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အမှတ်(၂) အောင်ဇေယျ စစ်မှုထမ်းဟောင်း အိမ်ရာ၊ ရာဇဗြိုလ်ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၂၇**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား COVID–19 ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀) မြို့နယ်အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၁၀ ကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*ကျော့ဖုံးမှ

## မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ကနီမြို့နယ် | ၁၂၁ | ၁၃၄၄၇၇ | ၈၈၁၄၆ | ၄၆၃၃၁ | ၄၄၈၉၄ | ၁၄၄၇ | ၁၀ |
| ၂ | ချောင်းဦးမြို့နယ် | ၈၆ | ၁၀၀၂၄၉ | ၇၄၅၀၇ | ၂၅၇၄၂ | ၂၄၂၀၀ | ၁၇၅၅ | ၂၁၃ |
| | စုစုပေါင်း | ၂၀၇ | ၂၃၄၇၂၆ | ၁၆၂၆၅၃ | ၇၂၀၇၃ | ၆၉၀၉၄ | ၃၂၀၂ | ၂၂၃ |

## ကနီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၅ အုပ်စု၊ မဲရုံပေါင်း ၁၂၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၃၄၄၇၇ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၈၁၄၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၆၃၃၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၄၈၉၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၃၀၁၅၄ | ၈၇၅၁၁ | ၄၂၆၄၃ | ၄၁၂၀၆ | ၁၄၄၇ | ၁၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၆၃၅ | ၆၃၅ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၆၈၈ | | ၃၆၈၈ | ၃၆၈၈ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၃၄၄၇၇ | ၈၈၁၄၆ | ၄၆၃၃၁ | ၄၄၈၉၄ | ၁၄၄၇ | ၁၀ |

၆။ ကနီမြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၅ အုပ်စုရှိ မဲရုံ ၁၂၁ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၁၄၄၇ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၁၀ စောင် အပိုတွေ့ရှိရပါသည်။

၇။ ထူးခြားချက်အနေဖြင့် ကနီမြို့နယ်၊ ဘုတ်ကုန်းကျေးရွာ မဲရုံအမှတ်(၂)မှ ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများကို မတွေ့ရှိဘဲ ကြိုတင်မဲလက်ကျန်သာ တွေ့ရှိသဖြင့် စိစစ်ခဲ့ရာ မဲလက်ခံဖြတ်ပိုင်းများကို မဲရုံမှူးလက်ဝယ် သိမ်းဆည်းထားပြီး လာရောက်အပ်နှံမှု မပြုခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၈။ ကနီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေး တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အမှတ်(၁) ရပ်ကွက် | ၁ | ၁၈၀၀ | ၁၂၇၃ | ၅၂၇ | ၅၂၇ | | |
| ၂ | ကဲတောင်ကျေးရွာအုပ်စု | ၁ | ၁၈၅၀ | ၁၂၅၅ | ၅၉၅ | ၅၉၅ | | |
| ၃ | ကနဲကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၁၉၂၀ | ၁၀၈၀ | ၁၀၈၀ | | |
| ၄ | ကျော်ရွာကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၀၅၉ | ၁၀၉၁ | ၁၀၄၁ | ၅၀ | |
| ၅ | ကျွန်းပင်အိုင် ကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၁၇၃ | ၁၂၇၇ | ၁၁၇၉ | ၉၈ | |
| ၆ | စကမြားကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၉၉၃ | ၉၀၇ | ၉၀၇ | | |
| ၇ | ဆူးလေကုန်း ကျေးရွာအုပ်စု | ၂ | ၃၀၅၀ | ၂၀၄၇ | ၁၀၀၃ | ၁၀၀၁ | ၂ | |
| ၈ | ဆင်အိုကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၂၅၅ | ၁၂၉၅ | ၁၁၉၅ | ၁၀၀ | |
| ၉ | တပုန်းကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၄၁၇ | ၉၃၃ | ၉၃၃ | | |
| ၁၀ | တပေါင်းကျေးရွာအုပ်စု | ၁ | ၂၅၅၀ | ၁၇၀၇ | ၈၄၃ | ၈၄၃ | | |
| ၁၁ | ထနောင်းပကား ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၁၇၀၄ | ၁၀၄၆ | ၁၀၄၆ | | |
| ၁၂ | ထူးပေါက်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၈၃၇ | ၄၆၃ | ၄၆၃ | | |
| ၁၃ | နတ်ကြီးကျေးရွာအုပ်စု | ၄ | ၄၀၀၀ | ၂၆၄၈ | ၁၃၅၂ | ၁၃၂၀ | ၃၂ | |
| ၁၄ | နတ်ရဲတောင် ကျေးရွာအုပ်စု | ၃ | ၄၄၅၀ | ၂၆၅၀ | ၁၈၀၀ | ၁၈၀၀ | | |
| ၁၅ | ဘုတ်ကုန်း ကျေးရွာအုပ်စု | ၄ | ၂၀၅၀ | ၁၁၇၀ | ၈၈၀ | ၅၃၅ | ၃၄၅ | |
| ၁၆ | ဘုမ္မဇင်းကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၁၉၀၇ | ၁၀၄၃ | ၉၉၂ | ၅၁ | |
| ၁၇ | မိုးကောင်းကျေးရွာအုပ်စု | ၁ | ၂၆၀၀ | ၁၇၉၂ | ၈၀၈ | ၈၀၈ | | |
| ၁၈ | မဲဒင်ကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၃၂၉ | ၁၂၂၁ | ၁၂၂၁ | | |
| ၁၉ | ယင်းကျေးရွာအုပ်စု | ၃ | ၃၇၀၀ | ၂၆၀၁ | ၁၀၉၉ | ၁၀၉၉ | | |
| ၂၀ | ယင်းယိမ်ကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၄၉၉ | ၉၅၁ | ၉၀၁ | ၅၀ | |
| ၂၁ | ဝယာကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၅၂၆ | ၆၂၄ | ၆၂၄ | | |
| ၂၂ | ဝင်မနားကျေးရွာအုပ်စု | ၄ | ၄၇၀၀ | ၂၈၅၅ | ၁၈၄၅ | ၁၇၄၅ | ၁၀၀ | |
| ၂၃ | အုမ္မကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၁၈၇၃ | ၁၀၂၇ | ၁၀၂၇ | | |
| ၂၄ | အမှတ်(၂) ရပ်ကွက် | ၁ | ၁၄၀၀ | ၁၀၆၀ | ၃၄၀ | ၃၄၀ | | |
| ၂၅ | အမှတ်(၃) ရပ်ကွက် | ၁ | ၁၆၅၀ | ၁၂၈၆ | ၃၆၄ | ၃၆၄ | | |
| ၂၆ | ကင်းကျေးရွာအုပ်စု | ၆ | ၅၄၀၄ | ၃၈၆၆ | ၁၅၃၈ | ၁၄၃၄ | ၁၀၄ | |
| ၂၇ | ကူးဆိပ်ကျေးရွာအုပ်စု | ၃ | ၂၇၅၀ | ၂၃၈၉ | ၃၆၁ | ၃၇၁ | | ၁၀ |
| ၂၈ | ကင်းတောင်း ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၅၄၁ | ၅၅၉ | ၅၅၉ | | |
| ၂၉ | ချိုင်ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၂၀၂၁ | ၇၂၉ | ၇၂၅ | ၄ | |
| ၃၀ | ခုံကြီးကျေးရွာအုပ်စု | ၃ | ၂၈၀၀ | ၂၀၈၁ | ၇၁၉ | ၅၁၇ | ၂၀၂ | |
| ၃၁ | ချောင်းမကျေးရွာအုပ်စု | ၃ | ၂၈၅၀ | ၂၀၂၁ | ၈၂၉ | ၈၂၉ | | |
| ၃၂ | ဇီးပင်တွင်း ကျေးရွာအုပ်စု | ၁ | ၂၆၀၀ | ၁၅၉၇ | ၁၀၀၃ | ၉၅၁ | ၅၂ | |
| ၃၃ | တွင်းကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၆၂၁ | ၉၂၉ | ၉၂၈ | ၁ | |
| ၃၄ | တဇယ်ချောင် ကျေးရွာအုပ်စု | ၄ | ၄၂၅၀ | ၂၈၃၇ | ၁၄၁၃ | ၁၄၁၃ | | |
| ၃၅ | တောင်ပေါက် ကျေးရွာအုပ်စု | ၅ | ၄၈၅၀ | ၃၄၉၈ | ၁၃၅၂ | ၁၃၀၂ | ၅၀ | |
| ၃၆ | ဒိုင်ကြီးကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၇၉ | ၄၂၁ | ၄၂၁ | | |
| ၃၇ | နတ်လာပို့(မ) ကျေးရွာအုပ်စု | ၃ | ၂၈၀၀ | ၁၄၆၂ | ၁၃၃၈ | ၁၃၃၈ | | |
| ၃၈ | နတ်လာပို့(တ) ကျေးရွာအုပ်စု | ၃ | ၃၄၀၀ | ၂၃၂၄ | ၁၀၇၆ | ၉၇၆ | ၁၀၀ | |
| ၃၉ | မုဒြောကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၄၅၉ | ၆၄၁ | ၆၄၁ | | |
| ၄၀ | မျိုင်းကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၀၇၄ | ၅၇၆ | ၅၇၆ | | |
| ၄၁ | ယာကြီးကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၂၃၉ | ၆၆၁ | ၆၆၁ | | |
| ၄၂ | ယင်းသွင်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၂၅၃ | ၃၉၇ | ၃၉၇ | | |
| ၄၃ | ယက္ကန်းတိုင် ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၃၃၀ | ၅၇၀ | ၅၇၀ | | |
| ၄၄ | လင်ပုန်းရည် ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၁၈၀ | ၇၇၀ | ၇၇၀ | | |
| ၄၅ | လယ်ရှည်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၃၀ | ၂၇၀ | ၁၇၀ | ၁၀၀ | |
| ၄၆ | လာပို့ကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၂၀၂၇ | ၅၂၃ | ၅၁၉ | ၄ | |
| ၄၇ | သမင်ခြံကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၈၄၆ | ၆၅၄ | ၆၅၂ | ၂ | |
| ၄၈ | အိုင်တောင် ကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၂၃၀၀ | ၉၀၀ | ၉၀၀ | | |
| | မဲရုံ+ရပ်ကျေးပေါင်း | ၁၂၁ | ၁၃၀၁၅၄ | ၈၇၅၁၁ | ၄၂၆၄၃ | ၄၁၂၀၆ | ၁၄၄၇ | ၁၀ |
| | မြို့နယ်ကြိုတင် မဲလက်မှတ် | | ၆၃၅ | ၆၃၅ | | | | |
| | မြို့နယ်အရန်လက်ကျန် မဲလက်မှတ် | | ၃၆၈၈ | | ၃၆၈၈ | ၃၆၈၈ | | |
| | မြို့နယ်ရှိ သုံးစွဲစုစုပေါင်း | ၁၂၁ | ၁၃၄၄၇၇ | ၈၈၁၄၆ | ၄၆၃၃၁ | ၄၄၈၉၄ | ၁၄၄၇ | ၁၀ |

## ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၉။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်တွင် ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၆ အုပ်စု၊ မဲရုံပေါင်း ၈၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၀၀၂၄၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၄၅၀၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၅၇၄၂ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၄၂၀၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၉၅၆၀၀ | ၇၄၂၁၇ | ၂၁၃၈၃ | ၁၉၈၄၁ | ၁၇၅၅ | ၂၁၃ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၉၀ | ၂၉၀ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၃၅၉ | | ၄၃၅၉ | ၄၃၅၉ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၀၀၂၄၉ | ၇၄၅၀၇ | ၂၅၇၄၂ | ၂၄၂၀၀ | ၁၇၅၅ | ၂၁၃ |

၁၀။ ချောင်းဦးမြို့နယ်၊ ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၆ အုပ်စုရှိ မဲရုံ ၈၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၇၅၅ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၂၁၃ အပိုတွေ့ရှိရပါသည်။

၁၁။ ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့သစ်ရပ်ကွက် | ၄၂၀၀ | ၃၁၀၅ | ၁၀၉၅ | ၉၉၆ | ၉၉ | |
| ၂ | မြို့မရပ်ကွက် | ၂၈၀၀ | ၂၁၆၀ | ၆၄၀ | ၅၃၇ | ၁၀၃ | |
| ၃ | ချောင်းဦး(မ)ရပ်ကွက် | ၃၁၅၀ | ၂၄၇၃ | ၆၇၇ | ၆၇၄ | ၃ | |
| ၄ | နွယ်ခွေကျေးရွာအုပ်စု | ၂၆၅၀ | ၁၉၆၀ | ၆၉၀ | ၆၉၂ | | ၂ |
| ၅ | ဘူတာကျေးရွာအုပ်စု | ၁၅၀၀ | ၁၂၀၂ | ၂၉၈ | ၂၉၆ | ၂ | |
| ၆ | ထူးနီကျေးရွာအုပ်စု | ၁၂၀၀ | ၁၀၀၇ | ၁၉၃ | ၁၉၃ | | |
| ၇ | ငါးယုန်ကျေးရွာအုပ်စု | ၃၇၅၀ | ၂၇၁၇ | ၁၀၃၃ | ၁၀၃၄ | | ၁ |
| ၈ | နတ်ရေကန်ကျေးရွာအုပ်စု | ၁၄၅၀ | ၁၁၁၁ | ၃၃၉ | ၃၃၉ | | |
| ၉ | ဘလွေကျေးရွာအုပ်စု | ၁၂၅၀ | ၉၉၈ | ၂၅၂ | ၂၅၂ | | |
| ၁၀ | ကျောက်စစ်ကန်ကျေးရွာအုပ်စု | ၈၅၀ | ၇၄၄ | ၁၀၆ | ၁၀၆ | | |
| ၁၁ | သန်းပင်ကန်ကျေးရွာအုပ်စု | ၁၃၅၀ | ၁၀၈၇ | ၂၆၃ | ၂၁၃ | ၅၀ | |
| ၁၂ | မှန်ချိုကျေးရွာအုပ်စု | ၃၉၀၀ | ၃၀၆၀ | ၈၄၀ | ၈၄၃ | | ၃ |
| ၁၃ | ခင်မွန်ကျေးရွာအုပ်စု | ၇၁၅၀ | ၅၆၇၃ | ၁၄၇၇ | ၁၅၇၉ | | ၁၀၂ |
| ၁၄ | အောင်ချမ်းသာကျေးရွာအုပ်စု | ၁၃၅၀ | ၁၂၂၉ | ၁၂၁ | ၁၂၁ | | |
| ၁၅ | ငါးလုံးတင်ကျေးရွာအုပ်စု | ၆၆၀၀ | ၅၃၇၃ | ၁၂၂၇ | ၈၂၅ | ၄၀၂ | |
| ၁၆ | မကျီးခွကျေးရွာအုပ်စု | ၅၃၀၀ | ၄၃၇၀ | ၉၃၀ | ၉၈၀ | | ၅၀ |
| ၁၇ | ရန်အောင်မြေရပ်ကွက် | ၃၀၅၀ | ၂၃၃၃ | ၇၁၇ | ၇၆၉ | | ၅၂ |
| ၁၈ | ချောင်းဦးတောင်ရပ်ကွက် | ၄၀၀၀ | ၃၀၅၇ | ၉၄၃ | ၉၄၃ | | |
| ၁၉ | တမာမြိုင်ရပ်ကွက် | ၂၄၅၀ | ၁၇၂၈ | ၇၂၂ | ၇၂၂ | | |
| ၂၀ | ကျီကုန်းကျေးရွာအုပ်စု | ၃၅၅၀ | ၂၆၇၅ | ၈၇၅ | ၈၇၄ | ၁ | |
| ၂၁ | အမြင့်ကျေးရွာအုပ်စု | ၂၄၀၀ | ၁၈၀၆ | ၅၉၄ | ၅၉၄ | | |
| ၂၂ | တောကျောင်းကြီးကျေးရွာအုပ်စု | ၃၇၀၀ | ၂၉၅၁ | ၇၄၉ | ၇၄၉ | | |
| ၂၃ | ရွှေလှေကျေးရွာအုပ်စု | ၂၅၀၀ | ၁၉၉၂ | ၅၀၈ | ၄၈၃ | ၂၅ | |
| ၂၄ | ကုလားကြီးကျေးရွာအုပ်စု | ၂၆၅၀ | ၂၀၅၈ | ၅၉၂ | ၅၇၂ | ၂၀ | |
| ၂၅ | ညောင်ပင်သာကျေးရွာအုပ်စု | ၂၁၀၀ | ၁၇၁၅ | ၃၈၅ | ၃၈၅ | | |
| ၂၆ | ဆူးလေကုန်းကျေးရွာအုပ်စု | ၁၈၀၀ | ၁၄၄၈ | ၃၅၂ | ၃၅၂ | | |
| ၂၇ | သုံးပန်လှကျေးရွာအုပ်စု | ၂၉၀၀ | ၂၃၅၉ | ၅၄၁ | ၅၄၁ | | |
| ၂၈ | ကင်မွန်းတော်ကျေးရွာအုပ်စု | ၃၆၀၀ | ၂၉၃၅ | ၆၆၅ | ၆၆၇ | | ၂ |
| ၂၉ | ချောင်းမနားကျေးရွာအုပ်စု | ၂၉၅၀ | ၂၂၉၆ | ၆၅၄ | ၆၅၅ | | ၁ |
| ၃၀ | ဝယာကျေးရွာအုပ်စု | ၃၀၅၀ | ၂၂၆၂ | ၇၈၈ | ၇၈၆ | ၂ | |
| ၃၁ | ရွှေကူကျေးရွာအုပ်စု | ၂၃၀၀ | ၁၅၉၀ | ၇၁၀ | ၃၆၀ | ၃၅၀ | |
| ၃၂ | တောကျောင်းလေးကျေးရွာအုပ်စု | ၄၁၅၀ | ၂၇၄၃ | ၁၄၀၇ | ၇၀၉ | ၆၉၈ | |
| | မဲရုံ+ရပ်ကျေးပေါင်း | ၉၅၆၀၀ | ၇၄၂၁၇ | ၂၁၃၈၃ | ၁၉၈၄၁ | ၁၇၅၅ | ၂၁၃ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၉၀ | ၂၉၀ | | | | |
| | မြို့နယ်အရန်လက်ကျန်မဲလက်မှတ် | ၄၃၅၉ | | ၄၃၅၉ | ၄၃၅၉ | | |
| | မြို့နယ်ရရှိ သုံးစွဲစုစုပေါင်း | ၁၀၀၂၄၉ | ၇၄၅၀၇ | ၂၅၇၄၂ | ၂၄၂၀၀ | ၁၇၅၅ | ၂၁၃ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# လုံခြုံရေးတပ်ဖွဲ့ဝင်များက နေရာဒေသအချို့တွင် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များ ဖြိုခွဲထိန်းသိမ်း



**နေပြည်တော် မတ် ၂၇**

နိုင်ငံတော်အတွင်းရှိ နေရာအချို့တို့တွင် ယနေ့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်သူများအနေဖြင့် အကြမ်းဖက်မှုပုံစံမျိုးစုံဖြင့် အကြမ်းဖက်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဂျင်ကလိ၊ မီးစာတပ်ဆင်ထားသည့် ခတ်ဆီပုလင်းများ၊ လက်လုပ်မိုင်း၊ လက်လုပ်သေနတ်များဖြင့် ရန်ပြုတိုက်ခိုက်ခြင်း၊ အများပြည်သူသွားလာ အသုံးပြုသည့် လမ်းမကြီး၊ လမ်းသွယ်များအား အသုံးပြု၍မရအောင် အတားအဆီးများချထားပိတ်ဆို့ခြင်း၊ နိုင်ငံတော်ပိုင် အဆောက်အအုံများအား အကြောင်းမဲ့ မီးပုလင်း၊ လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအား ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့ ပြုလုပ်နေမှုများအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ညှိနှိုင်းဖြေလျှော့ခြင်း၊ လူစုခွဲရန် အကြိမ်ကြိမ်သတိပေးခြင်း၊ အချို့သောနေရာများတွင် အချိန်ပေး ထွက်ခွာသွားစေခြင်းစသည်ဖြင့် နည်းလမ်းအမျိုးမျိုးဖြင့် ဖြေလျှော့မှုများ ပြုလုပ်ခဲ့သော်လည်း ဆူပူအကြမ်းဖက်သူများအနေဖြင့် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်မှုလုပ်ရပ်များကိုသာ မင်းမဲ့စရိုက်ဆန်စွာ ထိပ်တိုက်ရင်ဆိုင် ပြုမူဆောင်ရွက်နေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချို့သောနေရာများတွင် မလွှဲမရှောင်သာ ခြောက်လှန့်ပစ်ခတ်မှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အမျိုးသား တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး တစ်ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် အမျိုးသား လေးဦး၊ မကွေးတိုင်းဒေသကြီးတွင် အမျိုးသား နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် အမျိုးသား နှစ်ဦး၊ ကချင်ပြည်နယ်တွင် အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၂၆ ဦး ထိခိုက်ဒဏ်ရာရရှိ သေဆုံးခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုများ၏ အကျိုးစီးပွားတို့ကို ရှေးရှုကာ လုံခြုံရေးနှင့် တည်ငြိမ်ရေး အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များအား ဥပဒေနှင့်အညီ ထိထိရောက်ရောက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ထို့ကြောင့် ပြင်သစ်အသင်းအနေဖြင့် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရေးအားစိုက်ကစားလာဖွယ်ရှိနေသည်။ ကာဇက်စတန်အသင်းကလည်း အနိုင်ရရှိရေး အားစိုက်ကစားလာဖွယ် ရှိနေသောကြောင့် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲ ဖြစ်လာဖွယ်ရှိနေသည်။ ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ကာဇက်စတန်အသင်းက အဆင့် (၁၂၂) တွင် ရှိနေပြီး ပြင်သစ်အသင်းက အဆင့်(၂)နေရာတွင် ရှိနေသောကြောင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် များစွာကွာဟနေသည်။ ထို့ကြောင့် ယနေ့ပွဲစဉ်တွင် ပြင်သစ်အသင်း ရလဒ်ကောင်းပိုင်ဆိုင်သွားဖွယ်ရှိနေသည်။

ဂျော်ဂျီယာနှင့် စပိန်အသင်းတို့ပွဲစဉ်ကို မတ် ၂၈ ရက် ည ၁၀ နာရီခွဲတွင် ဂျော်ဂျီယာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဂျော်ဂျီယာအသင်းက ပွဲစဉ်(၁)တွင် ဆွီဒင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ ထို့အပြင် စပိန်အသင်းကလည်း ပွဲစဉ်(၁)တွင် ဂရိအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ထို့ကြောင့် ယနေ့ ပွဲစဉ်(၂)တွင် နှစ်သင်းစလုံး ရလဒ်ကောင်းပိုင်ဆိုင်နိုင်ရန် အားစိုက်ကစားလာဖွယ်ရှိနေသည်။ စပိန်အသင်းသည် ယခုပွဲစဉ်ပြီးလျှင် ကိုဆိုဗိုအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် ယနေ့ပွဲစဉ်တွင် ရလဒ်ကောင်းဖော်ဆောင်နိုင်ရန် ပြင်ဆင်လာဖွယ်ရှိနေသည်။

အယ်လ်ဘေးနီးယားနှင့် အင်္ဂလန်အသင်းတို့ ပွဲစဉ်ကို မတ် ၂၈ ရက် ည ၁၀ နာရီခွဲတွင် အယ်လ်ဘေးနီးယားအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အယ်လ်ဘေးနီးယားအသင်းရော အင်္ဂလန်အသင်းပါ ပြီးခဲ့သည့် ပွဲစဉ်(၁)တွင် နိုင်ပွဲရယူထားနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် ယခုပွဲစဉ်(၂)တွင် မည်သည့်အသင်းက ရလဒ်ကောင်း ပိုင်ဆိုင်သွားနိုင်မလဲ စောင့်ကြည့်ရမည်ဖြစ်သည်။ နောက်ဆုံးထွက်ပေါ်လာသော သတင်းများအရ အင်္ဂလန်အသင်းမှ ရက်ဖို့ဒ်နှင့် ဆာကာတို့သည် ဒဏ်ရာကြောင့် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် အယ်လ်ဘေးနီးယား၊ ပိုလန်တို့နှင့်ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေကြောင်း ဖော်ပြထားသည်။ **အောင်ဇော်**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ



နေပြည်တော် မတ် ၂၇

ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများ တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

နေပြည်တော် မတ် ၂၇



တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၉၉၇၈၄ ဦး၊ အတွင်းလူနာ ၄၂၀၉ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၄၆၃၉ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၄၆၁ ဦး၊ စုစုပေါင်း ၇၁၀၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၄၉၂ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၇၈၅ ဦးကို သာမန်မွေးဖွား ပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့ အထိ ကလေးငယ် ၆၂၇၇ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများ ဆေးကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၂၇

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးကို နေ့ညမပြတ် ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်း သာယာမှုရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိမြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကသွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်၊ ပင်းတလဲ တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒိုံဇရစ်ရွာတိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့်လူနာရှင်များက အကူအညီ တောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အကြောရောဂါ၊ အစာအိမ်ရောဂါ၊ လည်ချောင်းရောဂါ၊ သားဖွားသွားနှင့် ခံတွင်းရောဂါ၊ အရိုး မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ မီးယပ် ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူစာပေဆုချီးမြှင့်ပွဲ အခမ်းအနားများ ကျင်းပမည်

**နေပြည်တော် မတ် ၂၇**

၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ ယင်းစာမူဆုနှင့် စာပေဆုချီးမြှင့်ပွဲများကို ဧပြီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျင်းပရာ၌ ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပေးပွဲ အခမ်းအနားကို ဧပြီ ၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု အခမ်းအနားကို ဧပြီ ၂ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် လည်းကောင်း အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဆုချီးမြှင့်ခံရသူများအား အခမ်းအနားတက်ရောက်ရန် ဖိတ်ကြားထားပြီး အသေးစိတ်သိရှိလိုပါက စာပေဗိမာန်ရုံး စီမံရေးရာဌာန ဖုန်း ၀၁ – ၃၈၁၄၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပင်စင်စားများ အဆင်ပြေစွာ ပင်စင်ထုတ်ယူနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်များက ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် မတ် ၂၇**

နိုင်ငံတစ်ဝန်းရှိ နိုင်ငံ့ဝန်ထမ်း ပင်စင်စားများကို မတ်လအတွက် ပင်စင်ထုတ်ပေးရာ၌လတ်တလော အခြေအနေအရ အခက်အခဲများစွာ ရှိနေသော်လည်း အဆင်ပြေ ချောမွေ့စွာ ပင်စင်ထုတ်ယူနိုင်ရန် မြန်မာ့စီးပွားရေး ဘဏ်များက ကြိုးပမ်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ယခင်က ဘဏ်များသို့ ကိုယ်တိုင်လာရန်မလိုဘဲ မိမိတို့ အနီးဝန်းကျင်ရှိ Wave Money ဆိုင်များတွင် လွယ်ကူမြန်ဆန်စွာ ပင်စင်ငွေထုတ်ယူနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်များက စီမံဆောင်ရွက်ပေးထားပြီး ယခုအခါ ငွေလွှဲ/ငွေထုတ် အခက်အခဲတို့ကြောင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေး ဘဏ်တို့တွင် မတ်လ၌ ကိုယ်တိုင်လာရောက် ထုတ်ယူသော စနစ်ဖြင့် နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

"တစ်ရက်ကို တိုကင်စာရွက် ၁၀၀၀ နဲ့ ပင်စင်ထုတ်ပေးနေပါတယ်။ နေ့လယ်ပိုင်းလူ ၁၀၀၀ ပြည့်သွားခဲ့ရင် ဘဏ်ပိတ်ပြီး ညနေ ၃ နာရီအထိ ဆက်ပြီး ထုတ်ပေးတယ်။ မနေ့က လူဦးရေ ၁၆၀၀ နီးပါး ထုတ်ပေးခဲ့တယ်။ အင်းစိန်ဘဏ်မှာ ပင်စင်စား ၂၃၀၀၀ နီးပါးရှိတဲ့အတွက် တစ်ရက် လူဦးရေ ၁၀၀၀ ပင်စင်ထုတ်ပေးနိုင်အောင် ကြိုးစားနေပါတယ်။ လုပ်နိုင်သလောက် လုပ်ပေးနေပါတယ်။ ပင်စင်စားတွေ အဆင်ပြေချောမွေ့အောင် ရှိတဲ့ ဝန်ထမ်း အင်အားနဲ့ ပင်စင်ထုတ်ပေးနေပါတယ်" ဟု အင်းစိန် မြန်မာ့စီးပွားရေးဘဏ်မှ မန်နေဂျာ ဦးထက်နိုင်က ပြောသည်။

လစဉ် ၂၁ ရက်တွင် ထိုလအတွက် ပင်စင်စားများကို ထုတ်ပေးလျက်ရှိပြီး ခြောက်လတစ်ကြိမ်ဖြစ်စေ ထုတ်ယူနိုင်သော်လည်း မတ်လတွင် ထုတ်ယူမှုများခြင်း၊ ဘဏ်တွင် ကိုယ်တိုင်လာရောက်ထုတ်ယူရခြင်းတို့ကြောင့် ဘဏ်များတွင် လူစည်ကားနေခြင်း ဖြစ်သည်။ မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်ထုတ်ယူရာ၌ ပင်စင်စာအုပ်၊ စမတ်ကတ်တို့ဖြင့် ထုတ်ယူလျက်ရှိပြီး ထိုနှစ်မျိုးကို ဘဏ်သို့ကိုယ်တိုင် လာရောက်ရန်မလိုဘဲ Wave Money ဖြင့် ထုတ်ယူနိုင်ရန် လစဉ်မိမိမိုဘိုင်းဖုန်းအတွင်းရှိ Wave Pay ထဲသို့ ပို့ဆောင်ပေးလျက်ရှိရာ မတ်လပိုင်းတွင် ထိုသို့ပို့ဆောင်ရန် အခက်အခဲတို့ကြောင့် လူကိုယ်တိုင် ဘဏ်သို့လာရောက်၍ ပင်စင်စာအုပ်/ စမတ်ကတ်ပြကာ ရက်ချိန်း သတ်မှတ်ပေးသော တိုကင်စာရွက်ယူ၍ သတ်မှတ်ရက်တွင်လာရောက်ထုတ်ယူသော စနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန် မြောက်ပိုင်းခရိုင်၌ ပင်စင်စားအများဆုံးနေထိုင်လျက်ရှိပြီး မြို့နယ်ရှစ်ခုရှိသောကြောင့် မြန်မာ့စီးပွားရေးဘဏ် ရှစ်ခုက ပင်စင်ထုတ်ပေးရာ၌ ယခုရက်ပိုင်း ဘဏ်တိုင်းတွင် အခက်အခဲများရှိသော်လည်း ဘဏ်ပိတ်ချိန် မွန်း လွဲ ၃နာရီအထိ တစ်ရက်တာ သတ်မှတ်ထားသော လူဦးရေ ၁၀၀၀ ထက်ပို၍ ဝန်ဆောင်မှုပေးနေကြောင်းသိရသည်။

**ညိမ်းသူ**




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | – ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ – ၃ – ၂၀၂၁

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ – စုစည်းသည်

# စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးမှာ ပါဝင်ကြပါ

## — — ထွန်းထွန်း(ခရေရိပ်) — —

**မြို့တစ်မြို့က CDM မလုပ်တဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦးရဲ့ ပုံအချို့ လူမှုကွန်ရက်ပေါ်မှာ ပျံ့နှံ့ လာပါတယ်။ ရုံးတက်နေတဲ့အတွက် လူမှုအသိုင်းအဝိုင်းအတွင်း အရှက်ရအောင်၊ ရုံးဝတ်စုံနဲ့ ပုံတွေကို ပုံစာအမျိုးမျိုးနဲ့ တင်ထားတာဖြစ်ပါတယ်။ အဲဒီပုံတွေကို Social Bullying လုပ်ဖို့ အတွက် ပြီးခဲ့တဲ့ လွှတ်တော်သက်တမ်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက Share ထားတာကိုလည်း တွေ့ရပါတယ်။**

စဉ်းစားမိတာလေးတစ်ခုက အဲဒီလွှတ်တော်ကိုယ်စားလှယ်အကြောင်းပါ။ သူက မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက် သူရွေးကောက်ခံမယ့်ဒေသ၊ မြို့နယ်တစ်ခွင် လှည့်လည်ပြီး ပြည်သူတွေနဲ့ တွေ့ဆုံခဲ့၊ စကားတွေပြောခဲ့၊ သူရွေးကောက်ခံရရင် ပြည်သူတွေရဲ့ လိုအပ်ချက်ကို ဘယ်လိုတွေ ဖြည့်ဆည်းပေးမယ်၊ လမ်းတွေဖောက်ပေးမယ်၊ တံတားတွေ ဆောက်ပေးမယ်၊ ဘာတွေလုပ်ဆောင်ပေးမယ် စသည်ဖြင့် ရွေးကောက်ပွဲ ကတိကဝတ်တွေ ပေးခဲ့၊ ပြောခဲ့ပါတယ်။

ပြည်သူနဲ့အတူဆိုတော့ နိုင်လည်း နိုင်ခဲ့ပါတယ်။ လွှတ်တော်တက်ရောက်ဖို့ နေပြည်တော်စည်ပင်ဧည့်ရိပ်သာကို ရောက်တော့လည်း ရောက်နေပါပြီ။ ပြည်သူ့အတွက် တာဝန်ထမ်းဆောင်ရန် အသင့် စသည်ဖြင့် သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာမှာ ဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ တင်ထားတာတွေ့ရပါတယ်။

သို့သော် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်က မလွှဲသာမရှောင်သာ အခြေအနေတွေကြောင့် နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းရယူခဲ့ရတဲ့ အခြေအနေကို ဆုပ်ကိုင်ပြီး ပြည်သူလူထုအကြားမှာ စိတ်ဝမ်း ကွဲပြားမှုတွေ ဖြစ်ပေါ်အောင်၊ တိုင်းပြည်တည်ငြိမ် အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားအောင် ကိုယ်ကျိုးစီးပွားအတွက် သွေးထိုးလှုံ့ဆော် ကြပါတော့တယ်။

### လူထုအုံကြွမှု ရှေ့တန်းကို တွန်းပို့

အကျိုးဆက်အဖြစ် ဆူပူအုံကြွမှုတွေ၊ လူထုကို လမ်းပေါ်ရောက်စေခဲ့ပါတယ်။ လူငယ်တွေကို ဂျန်နရေးရှင်းဇက်လို့ နာမည်လှလှလေးတွေနဲ့ မြှောက်ပင့်ပေးပြီး နွေဦးတော်လှန်ရေးလို့ ခေါင်းစဉ်တပ်ထားတဲ့ လူထုအုံကြွမှုရဲ့ ရှေ့တန်းကို တွန်းပို့ကြပါတယ်။ အစိုးရရဲ့ လုပ်ငန်းယန္တရားရပ်ဆိုင်းသွားရင် နွေဦးတော်လှန်ရေး အောင်မြင်ပြီဆိုတဲ့ ရည်ရွယ်ချက်နဲ့ နိုင်ငံ့ဝန်ထမ်းတွေကို CDM မှာ ပါဝင်ဖို့ စည်းရုံးလှုံ့ဆော်ကြပါတော့တယ်။

အဲဒီလို အခြေအနေမှာ တိုင်းပြည်အတွက်၊ ပြည်သူ့အတွက်လို့ ကြွေးကြော်နေခဲ့သူ အချို့တွေဟာ "ကြောက်စရာတွေ့တိုင်း ကြောက်နေလို့ မရပါဘူး"၊ "CDM လုပ်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေကိုလည်း ကျေးဇူးတင်ပါတယ်၊ သတ္တိရှိရှိ ပူးပေါင်းပါဝင်ပေးကြပါ၊ စားရေး နေရေး ကူညီပေးသွားပါမယ်။ ငြိမ်းချမ်းစွာ တိုက်ပွဲဝင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပြည်သူလူထုတစ်ရပ်လုံးကို လေးစားစွာ မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါတယ်၊ ရုံးမတက်နဲ့ ရုန်းထွက်၊ အရေးတော်ပုံ အောင်ရမယ်" စသည်ဖြင့် တင်ပါတယ်။

UN နဲ့ မတရားအသင်း ကြေညာထားတဲ့ CRPH မှ ထုတ်ပြန်ချက်တွေလည်း သူကတင်ပါတယ်။ ဒီကိစ္စတွေပြီးလို့ ကိုယ့်အစိုးရနဲ့ကိုယ်ပြန်ဖြစ်ရင် CDM လုပ်ခဲ့တဲ့ ဝန်ထမ်းတွေကို CDM ဝန်ထမ်းကောင်းတံဆိပ်နဲ့ ရင်ထိုးချီးမြှင့်ပေးဖို့၊ အခွန်အချို့ လျှော့ပေါ့ကင်းလွတ်ခွင့်ပေးဖို့ တောင်းဆိုမယ်။ လူတိုင်းက ရင်ထိုးကိုမြင်ရင် လေးစားပါတယ်လို့ နှုတ်ဆက်ရအောင် အထိ ဂုဏ်သိက္ခာတင်ပေးပါမယ် စသည်ဖြင့် သူများတင်တဲ့ ပို့စ်တွေလည်း အကုန်လုံးကို Share ပါတယ်။ CDM လုပ်နေတဲ့၊ လုပ်ရဲကြတဲ့ ပြည်သူ့ဝန်ထမ်းတိုင်းဟာ တိုင်းပြည်ကို ကယ်တင်မယ့် အာဂသူရဲကောင်းတွေပါ။ အဲဒီကျေးဇူးတရားတွေကို အစွမ်းကုန်ဆပ်ကြရပါမယ်ဆိုတဲ့ ပို့စ်တွေလည်း တင်ပြီးမြှောက်ပါတယ်။ ခြောက်ပါတယ်။ ဆူပူအုံကြွမှုကို ကြီးထွားလာအောင် လှုံ့ဆော်နေပါတယ်။

**"အတ္တ၊ နိုင်ချင်စိတ်တစ်ခုနဲ့ ချုန်းနေတာ လူငယ်တွေ၊ ပြည်သူလူထုရဲ့ အသက်တွေ၊ အနာဂတ်တွေပါ။ တကယ်မေတ္တာ၊ စေတနာတွေကို ရှေးရှုရင် နိုင်ငံ့အရေးဆိုပြီး လူငယ်တွေ နားမလည်နိုင်တဲ့ ဝေါဟာရတွေနဲ့ လူငယ်တွေကို အနာဂတ်ပျောက်အောင်လုပ်မှာ မဟုတ်ပါဘူး။ နွေပူပူ၊ နေပူပူမှာ သွေးဆူအောင်၊ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ လောင်မြိုက်စေပြီး အကြမ်းဖက်မှုအသွင် ဆန့်ကျင်အောင်၊ ဥပဒေမဲ့အပြုအမူတွေကို လုပ်ဆောင်အောင် သွေးထိုးမြှောက်ပင့်မှာ မဟုတ်ပါဘူး"**

**ဒါပေမယ့် နိုင်ငံရေးသမားအရေခြုံတွေက သူတို့ကိုယ်တိုင် အပြင်ထွက်သလား ကြည့်ပါ။ အွန်လိုင်းပေါ်မှာသာ ရဲရဲတောက်နေပြီး အိမ်အပြင် ခြေတစ်လှမ်းတောင် မလှမ်းပါဘူး။ သူတို့ မြို့နယ်ရဲ့ သမိုင်းမရိုင်းစေနဲ့ဆိုပြီး လူငယ်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပြည်သူလူထုကိုသာ လမ်းပေါ်ထွက်စေခဲ့တာ ဖြစ်ပါတယ်။**

ငယ်ရွယ်ပျိုမျစ်တဲ့၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါတဲ့ လူသား အရင်းအမြစ်လူငယ်တွေကို အန္တရာယ်ကြားကို တွန်းပို့ပါတယ်။ လူငယ်တို့ရဲ့ ပျိုမျစ်လန်းဆန်းတက်ကြွတဲ့ အားမာန်တွေ၊ ပြင်းပြတဲ့လှုံ့လတွေကို ရည်ရွယ်ချက်မှန်မှန် အသုံးချခွင့်မရအောင် လမ်းကြောင်းမှားသွားအောင် စည်းရုံးလှုံ့ဆော်ကြပါတယ်။

ဒီနေရာမှာ သတိရမိတာက မဟော်သဓာရဲ့ သားတရားစီရင်ခန်းပါ။ အားလုံးလည်း သိပြီးကြတဲ့ အတိုင်းပါပဲ။ မိခင်ရင်းနဲ့ ဘီလူးမတို့ သားလေးကို အပြိုင်လုကြပါတယ်။ ဘီလူးမကတော့ ကနဦးကတည်းက စားဖို့ရည်ရွယ်တာဆိုတော့ ကလေးကို ရရင်ပြီးရောဆိုပြီး မညှာမတာ လုပါတယ်။ မိခင်အရင်းကတော့ သူ့သားကလေးရဲ့ အသားနုနုလေးတွေ နာသွားမလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ညှာလိုက်တော့ ဘီလူးက အနိုင်ရသွားပါတယ်။

အဲဒီလိုပါပဲ **အတ္တ၊ နိုင်ချင်စိတ်တစ်ခုနဲ့ ချုန်းနေ**တာ လူငယ်တွေ၊ ပြည်သူလူထုရဲ့ အသက်တွေ၊ အနာဂတ်တွေပါ။ တကယ်မေတ္တာ၊ စေတနာတွေကို ရှေးရှုရင် နိုင်ငံ့အရေးဆိုပြီး လူငယ်တွေ နားမလည်နိုင်တဲ့ ဝေါဟာရတွေနဲ့ လူငယ်တွေကို အနာဂတ်ပျောက်အောင်လုပ်မှာ မဟုတ်ပါဘူး။ နွေပူပူ၊ နေပူပူမှာ သွေးဆူအောင်၊ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ လောင်မြိုက်စေပြီး အကြမ်းဖက်မှုအသွင် ဆန့်ကျင်အောင်၊ ဥပဒေမဲ့အပြုအမူတွေကို လုပ်ဆောင်အောင် သွေးထိုးမြှောက်ပင့်မှာ မဟုတ်ပါဘူး။

### လမ်းပေါ်ရောက်အောင် လုပ်နေတာ တရားလား

ကိုဗစ်-၁၉ ရောဂါကို အတန်အသင့် ထိန်းနိုင်နေပြီဖြစ်လို့ စာသင်ခန်းတွေထဲမှာ၊ ဘာသာစကားသင်တန်းတွေမှာ၊ အသက်မွေးဝမ်းကျောင်းသင်တန်းတွေမှာ တွေ့ရမယ့်အစား အိုင်တီနည်းပညာတွေ လေ့လာနေရမယ့်အစား၊ မိဘတွေရဲ့ ရင်ခွင်မှာ နွေးထွေး လုံခြုံစွာနေရမယ့်အစား လမ်းပေါ်ရောက်အောင် လုပ်နေတာဟာ တရားပါရဲ့လား။ မိမိတို့ ရင်နှစ်သည်းချာတွေဆိုရင်ရော ဒီလိုခွင့်ပြုကြပါ့မလား။ ဆူးခင်းလမ်းကို လျှောက်ခွင့်ပေးပါ့မလား။

သားတရားစီရင်ခန်းထဲက ဘီလူးမလို မေတ္တာမျိုးနဲ့တော့ လူငယ်တွေရဲ့ အနာဂတ်အတွက်ဆိုတဲ့ အသုံးအနှုန်းတွေနဲ့ မချည်နှောင်ပါနဲ့တော့လို့ ပြောချင်ပါတယ်။ ကိုယ်တိုင်ကတော့ အရိပ်အောက်မှာ၊ အဲကွန်းခန်း၊ ဟိုတယ်မှာ နှစ်ခြိုက်စွာ အနားယူ အိပ်စက်နေပြီး ပြည်သူလူထုကို ကြောက်ရွံ့မှုတွေနဲ့ မိုးလင်းတဲ့အထိ တစ်ရေးမှမအိပ်လိုက်ရတဲ့ အဖြစ်တွေကို မပေးပါနဲ့တော့လို့ တောင်းဆိုလိုပါတယ်။

သားသမီးတွေ ဆုံးရှုံးသွားလို့ ငိုကြွေးရတဲ့ မိဘတွေ၊ မိခင်၊ ဖခင်တွေ စွန့်လွှတ်လိုက်ရလို့ ခိုလှုံရာ ကောင်းကင်မဲ့သွားရတဲ့ ကလေးငယ်လေးတွေအတွက် " တိုင်းပြည်အတွက် အသက်ပေးသွားတာ ဂုဏ်ယူပါတယ်။ Rest in Peace ငြိမ်းချမ်းစွာ အနားယူပါတော့" ဆိုတဲ့ စကားလုံးတွေ၊ ငွေကြေးထောက်ပံ့မှုတွေ၊ ကျန်ခဲ့တဲ့ကလေးတွေအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးသွားပါမယ်ဆိုတာလောက်နဲ့ မနှစ်သိမ့်ပါနဲ့တော့။ ဘယ်လိုပဲဖြစ်ဖြစ် လူသားတစ်ယောက်မို့ မွေးရာပါ လူသားအခွင့်အရေး၊ ဂုဏ်သိက္ခာဆိုတာရှိပါတယ်။ သူ့မိသားစုအတွက်တော့ သူဟာ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးတွေ ရှိပါတယ်။ ပြန်လည်အစားထိုးမရတဲ့ ဆုံးရှုံးမှုတွေပဲဖြစ်ပါတယ်။

### ဦးတည်ချက်၊ ပန်းတိုင်တွေ မပျောက်ဖို့ အရေးကြီး

လူတစ်ယောက်အပေါ် ပုဂ္ဂိုလ်စွဲနဲ့ အလွန်အမင်း မှီခိုအားကိုးအောင် လုပ်ဆောင်နေမှုတွေကို ရပ်တန့်လိုက်ပါ။ တန်ဖိုးရှိလှတဲ့ လူငယ်တွေကို သူတို့ခြေထောက်ပေါ် သူတို့ ရပ်တည်နိုင်အောင် လွတ်လပ်စွာ တွေးခေါ်မြော်မြင်နိုင်ဖို့ အချိန်ပေးလိုက်ပါ။ တိုင်းပြည်ရဲ့ အနာဂတ်အတွက် လူငယ်တွေရဲ့ ဦးတည်ချက်၊ ပန်းတိုင်တွေ မပျောက်ရှဖို့က အရေးကြီးတယ်ဆိုတာ အသက်အရွယ်နဲ့ အတွေ့အကြုံအရ လူကြီးတွေက ပိုမိုသိကြမှာဖြစ်ပါတယ်။

လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေကလည်း ရွေးကောက်ပွဲမဲစာရင်း မှားယွင်းမှုတွေ၊ နိုင်ငံတော်အာဏာကို အဓမ္မနည်းလမ်းသုံးပြီး ရယူဖို့ ကြိုးပမ်းလုပ်ဆောင်မှုတွေနဲ့ အမျိုး ဘာသာ သာသနာ ရေရှည်တည်တံ့စေဖို့၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မသွားစေဖို့အတွက် တပ်မတော်က နိုင်ငံတော်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ မလွှဲမရှောင်သာ ထိန်းသိမ်းလိုက်ခြင်းဖြစ်ပါတယ်။ အရေးပေါ်ကာလ ပြီးဆုံးသွားရင် စည်းကမ်း ပြည့်ဝပြီး အနှစ်သာရရှိတဲ့ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပ ပေးသွားမှာဖြစ်ကြောင်း၊ အနိုင်ရပါတီကို အာဏာလွှဲအပ်သွားမှာဖြစ်ကြောင်းကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြေညာထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် လူထုရဲ့ ထောက်ခံမှုကိုရနေပြီးဖြစ်တဲ့ ဂျန်နရေးရှင်းဇက်တွေအနေနဲ့ နိုင်ငံရေးကို စိတ်ဝင်စားရင် ရွေးကောက်ပွဲမှာ ပါဝင်ကြပါ။ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ငြိမ်းချမ်းရေး ရရှိရေးတွေမှာ အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ကြပါ။ ဂျန်နရေးရှင်း X ,Y ,Z , Alpha အထိ အမျိုးသား ညီညွတ်ရေးကို ရအောင်ယူပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးမှာ ပါဝင်ကြပါလို့ တိုက်တွန်းလိုပါတယ်။ ။

**"သားသမီးတွေ ဆုံးရှုံးသွားလို့ ငိုကြွေးရတဲ့ မိဘတွေ၊ မိခင်၊ ဖခင်တွေ စွန့်လွှတ်လိုက်ရလို့ ခိုလှုံရာ ကောင်းကင်မဲ့သွားရတဲ့ ကလေးငယ်လေးတွေအတွက် " တိုင်းပြည်အတွက် အသက်ပေးသွားတာ ဂုဏ်ယူပါတယ်။ Rest in Peace ငြိမ်းချမ်းစွာ အနားယူပါတော့" ဆိုတဲ့ စကားလုံးတွေ၊ ငွေကြေးထောက်ပံ့မှုတွေ၊ ကျန်ခဲ့တဲ့ကလေးတွေအတွက် ပညာသင်စရိတ် ထောက်ပံ့ပေးသွားပါမယ်ဆိုတာလောက်နဲ့ မနှစ်သိမ့်ပါနဲ့တော့။ ဘယ်လိုပဲဖြစ်ဖြစ် လူသားတစ်ယောက်မို့ မွေးရာပါ လူသားအခွင့်အရေး၊ ဂုဏ်သိက္ခာဆိုတာရှိပါတယ်။ သူ့မိသားစုအတွက်တော့ သူဟာ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးတွေ ရှိပါတယ်။ ပြန်လည်အစားထိုးမရတဲ့ ဆုံးရှုံးမှုတွေပဲဖြစ်ပါတယ်"**

# CDM ဆွယ် တရားကို ကြံ့ကြံ့ခုခံရင်း ပြည်သူ့အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်သွားမည်သာ

ရတီ

**"ကိုယ့်ရွာ မျက်နှာမှမထောက် သူပဲ အရုက်မရှိသွားတုန်း" ဟု တစ်ဖက်ခြံထဲကနေ ဝိုင်းဖွဲ့၍ ကျွန်မကြားအောင် တမင်ဆိုလိုက်သံကြောင့် ရုံးသွားဖို့ ဆိုင်ကယ်ထုတ်နေတဲ့ ကျွန်မ ချက်ချင်းတုံ့ပြန်စကားဆိုမိပါတယ်။**

"ကျွန်မကို ပြောသလား။ ရွာကို အရှက်ရတယ်ဆိုရအောင် ကျွန်မက ရွာရဲ့ ပျက်စီးရာ ပျက်စီးကြောင်းလည်း မလုပ်ဘူး။ အကျိုးယုတ်စရာလည်း မလုပ်ဘူး။ ရှိခဲ့ရင် ပြောပြကြပါဦး" ဟု ဒေါသစွက်သံဖြင့် ဆိုမိပါသည်။

"ညည်းလို့ ဆိုလို့လားအေ" စကားဝိုင်းရဲ့ ပြောဆိုသံကြောင့် ပြန်ပြောဖို့ ဟန်ပြင်နေစဉ်မှာပဲ အမေက အိမ်ထဲက ထွက်လာပြီး တားတဲ့အတွက် ဘာမှဆက်၍ မဆိုဖြစ်တော့။ ကျွန်မလည်း လူငယ်တစ်ယောက်၊ မဟုတ်တာပြောရင် မခံချင်။ သို့သော် အလုပ်တက်ချိန် နောက်ကျမှာစိုးသည်က တစ်ကြောင်း၊ ကျွန်မကို ပြောဆိုတာ မခံချင်လို့ အမေနဲ့ဆက်ပြီး ရန်ဖြစ်နေမှာစိုးသည်က တစ်ကြောင်း စိတ်ထဲကြိတ်မှိတ် မျိုသိပ်ရင်း ရုံးသို့သာ ဦးတည်ခဲ့ပါတယ်။ ရုံးလာရင်း နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေတာနဲ့ အပြစ်ရှိရော့လားလို့ စဉ်းစားနေမိဆဲ။

ရုံးရောက်တော့ စိတ်မောမောနဲ့ ခဏထိုင်ရင်း သူတို့ကို ဘယ်လိုတုံ့ပြန်ပြောဆိုရင် ကောင်းမလဲဟု စဉ်းစားနေမိပြန်သည်။ လုပ်ဖော်ကိုင်ဖက် ညီမလေးသူဇာက "အစ်မ မျက်နှာလည်း မကောင်းပါ့လား၊ ဘာဖြစ်နေတာလဲ၊ ရော့ သတင်းစာဖတ်ဦးမလား" ဟုဆိုကာ ရုံးကယူတဲ့နေ့စဉ်ထုတ်သတင်းစာတွေကို စားပွဲပေါ် ချထားခဲ့၏။ သူဇာ့ အပြောကြောင့် ဘာရယ်မဟုတ်၊ သတင်းစာတွေ လှန်လှောဖတ်ရင်း ကြေးမုံသတင်းစာမှာပါတဲ့ အယ်ဒီတာ့ထံ ပေးစာတစ်စောင်ကိုလည်း ဖတ်ဖြစ်မိ၏။ ထိုပေးစာကြောင့် ရုံးလာရင်း အရှိန်တက်ခဲ့တဲ့ ဒေါသနှောတဲ့ အတွေးစိတ်တွေ ပျက်ပြယ်သွားပါတော့တယ်။

### အခြေအမြစ်မရှိ ပြောဆိုသူတွေ အရေးယူဖို့

စာက ကျွန်မလို တွေ့ကြုံခံစားနေရတဲ့ ပြည်သူတစ်ဦးက ကြေးမုံအယ်ဒီတာထံ ပေးပို့ထားတဲ့ ပေးစာတစ်စောင်။ စာပါအကြောင်းအရာက နေပြည်တော်မှာ အလုပ်လုပ်တဲ့ နိုင်ငံ့ဝန်ထမ်းသားကို အကြောင်းပြုပြီးတော့ ရွာက အမေကို ခနဲ့ကြ၊ လှောင်ကြ၊ သားကို CDM လုပ်လာစေဖို့ ခြိမ်းခြောက်ကြ၊ ပြီးတော့ နေပြည်တော် တိုက်ခိုက်ခံရတော့မယ်ဟု ကောလာဟလတွေကို လာရောက်ဆိုသူကဆို၊ ဒီလိုတွေ ရင်ဆိုင်ခံစားနေရတဲ့အတွက် ကောလာဟလစကားတွေကို ဖေ့စ်ဘွတ်မှာ ဖြန့်ဝေနေသူတွေနဲ့ အခြေအမြစ်မရှိတဲ့ အကြောင်းအရာတွေ ပြောဆိုနေသူတွေကို အရေးယူပေးဖို့ ကြေးမုံသတင်းစာကတစ်ဆင့် တာဝန်ရှိသူတွေထံ တင်ပြခြင်းသာ။

ပေးစာလေးဖတ်ပြီး ဒေါသ ဘာကြောင့် လျော့သလဲလို့ တွေးကြပါလိမ့်မယ်။ အခြေအမြစ်မရှိတဲ့ ဖေ့စ်ဘွတ်ပေါ်က မြှောက်ပင့်လှုံ့ဆော်မှုတွေ၊ ကောလာဟလတွေကို ယုံကြည်ကာ ပြည်သူချင်း ပြစ်တင်ဝေဖန်ခံရတာ အခုအချိန်မှာ ကျွန်မတစ်ယောက်တည်း မဟုတ်။ တာဝန်ကျေပွန်ဖို့ ကင်းကွာအောင် လှုံ့ဆော်နေကြဆဲပါ။ အစိုးရယန္တရား ရပ်တန့်ရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျန်းမာရေးဝန်ထမ်းတွေ ပြည်သူတွေကို ဆေးကုသမှု မပေးနိုင်အောင်၊ ပညာရေးဝန်ထမ်းတွေ ကျောင်းသားကျောင်းသူတွေကို စာမသင်နိုင်အောင် CDM က လှုံ့ဆော်ခြိမ်းခြောက်နေဆဲပင်။

> **"CDM လှုပ်ရှားမှုမှာ ယုံကြည်ချက်ကြောင့် ပါဝင်သူဝန်ထမ်းတွေ ရှိခဲ့ပါတယ်။ ယုံကြည်ချက်ကြောင့်ထက် ငွေကြေးနဲ့ သွေးဆောင်ခံရမှုတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေ၊ မသိနားမလည်မှုတွေ၊ ဖိအားပေးအကျပ်ကိုင်မှုတွေကြောင့် ပါဝင်ကြတဲ့ ဝန်ထမ်းတွေက အများအပြားပါ။ လှုံ့ဆော်မှုတွေကို ယုံမှားနားယောင်ကာ CDM မှာ ပါဝင်မိပေမယ့် လုပ်ငန်းခွင်ပြန်ဝင်ပြီး ပြည်သူ့ဝန်ကို ထမ်းဆောင်သူတွေ ထမ်းဆောင်နေကြပါပြီ၊ ယုံမှားခဲ့မှုကြောင့် အရှိန်လွန်ကာ ဝန်ထမ်းဘဝကို ကျောခိုင်းရသူတွေလည်း ရှိခဲ့ပါပြီ"**

ကြိုးစားနေတဲ့ နိုင်ငံ့ဝန်ထမ်းတိုင်းဟာ ဒီလို ပြောဆိုသံတွေကြားထဲက ကြိုးစားလုပ်ကိုင်နေကြတာပဲဆိုတဲ့ ကိုယ်ချင်းစာ အတွေးစိတ်ကြောင့် ပြေပျောက်ခဲ့ရသည်သာ။ ပြည်သူအချင်းချင်း မုန်းမာန် မပွားလိုပါ။

### ဝန်ထမ်းဆိုတာ ပြည်သူထဲက ပြည်သူ

သို့သော်ငြားလည်း နိုင်ငံ့ဝန်ထမ်းတွေကို မတ်လကုန် နောက်ဆုံးထားပြီး CDM ပါဝင်ကြဖို့ ဖိတ်ခေါ်လှုံ့ဆော်မှုတွေကလည်း အဆက်မပြတ်။ တစ်ဖက်ကလည်း CDM မလုပ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေကို Social Bullying လုပ်ဆောင်မှုတွေကလည်း ရပ် မသွား။ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းဆိုတာ ပြည်သူထဲက ပြည်သူတွေသာ။

တစ်ဖက်က လာပါလို့ ခေါ်သလို တစ်ဖက်က မလာရင် ပြစ်တင်ရှုတ်ချမှုတွေနဲ့ CDM လှုပ်ရှားမှုတွေကြောင့် ကျွန်မတို့လို နိုင်ငံ့ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ရတာ ကျဉ်းထဲကျပ်ထဲမှာပါ။

CDM မလုပ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ခေါင်းပုံတွေကပ်ပြီး ပြစ်တင်ကဲ့ရဲ့ကြသည်မှာ စိတ်မကောင်းဖွယ်။ နိုင်ငံဝန်ထမ်းတွေ တာဝန်ကနေ ကင်းကွာအောင် ...

CDM လှုပ်ရှားမှုမှာ ယုံကြည်ချက်ကြောင့် ပါဝင်သူဝန်ထမ်းတွေ ရှိခဲ့ပါတယ်။ ယုံကြည်ချက်ကြောင့်ထက် ငွေကြေးနဲ့ သွေးဆောင်ခံရမှုတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေ၊ မသိနားမလည်မှုတွေ၊ ဖိအားပေးအကျပ်ကိုင်မှုတွေကြောင့် ပါဝင်ကြတဲ့ ဝန်ထမ်းတွေက အများအပြားပါ။ လှုံ့ဆော်မှုတွေကို ယုံမှားနားယောင်ကာ CDM မှာ ပါဝင်မိပေမယ့် လုပ်ငန်းခွင်ပြန်ဝင်ပြီး ပြည်သူ့ဝန်ကို ထမ်းဆောင်သူတွေ ထမ်းဆောင်နေကြပါပြီ၊ ယုံမှားခဲ့မှုကြောင့် အရှိန်လွန်ကာ ဝန်ထမ်းဘဝကို ကျောခိုင်းရသူတွေလည်း ရှိခဲ့ပါပြီ။

နိုင်ငံ့ဝန်ထမ်းဆိုတာ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ထမ်းဆောင်ရမယ့်သူတွေပါ။ နိုင်ငံ့ဝန်ထမ်းဥပဒေအရလည်း နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ထမ်းရွက်ရမယ့် တာဝန်ရှိသူတွေ ဖြစ်ကြပါတယ်။ နိုင်ငံ့ဝန်၊ ပြည်သူ့ဝန်ကို ထမ်းနိုင်တဲ့ ဝန်ထမ်းတစ်ယောက်အဖြစ် ရပ်တည်နိုင်ဖို့က လွယ်ကူလှတာမဟုတ်။ လွယ်ပါတယ်လို့ ထင်သူတွေလည်း ရှိနိုင်ပါတယ်။

ကျွန်မအနေနဲ့ လွယ်ကူတယ်လို့ မဆိုရခြင်းမှာ အကြောင်းရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ ထမ်းဆောင်ရမယ့် တာဝန် ၁၂ ရပ်၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အခြေခံမူတွေ၊ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုတွေ၊ ပြစ်ဒဏ်တွေ စတာတွေ အပါအဝင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ တာဝန်ထမ်းဆောင်မှုနဲ့ ပတ်သက်တဲ့ အကြောင်းအရာအားလုံးကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေမှာ အခန်းအရပ်ရပ်နဲ့ အသေးစိတ်ပြဋ္ဌာန်းပြီးသား ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်အဖြစ် နိုင်ငံ့ဝန်ထမ်းဆောင်မယ်ဆိုပါရင် ဒီပြဋ္ဌာန်းချက်တွေအပြင် ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေကိုပါ လိုက်နာရပါတယ်။ ဒါကြောင့် လွယ်ကူတယ်လို့ ထင်မြင်သူတွေကိုလည်း နိုင်ငံ့ဝန်ထမ်း နည်းဥပဒေကို လေ့လာစေလိုပါတယ်။

ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့ ထိန်းကျောင်းထားတဲ့ ဝန်ထမ်းဘဝကို လွတ်လွတ်လပ်လပ် နေထိုင်လိုသူ၊ လစာကောင်းကောင်းနဲ့ ချမ်းချမ်းသာသာ နေထိုင်ဖို့ ရည်မှန်းထားသူတွေက မရွေးချယ်ကြပါ။ အများအတွက် သယ်ပိုးလိုစိတ်အရင်းခံရှိသူတွေသာ ဝန်ထမ်းဘဝကို ရွေးချယ်ကြတာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်း ဥပဒေအရလည်း ကိုယ်ကျိုးထက် နိုင်ငံနှင့် ပြည်သူအကျိုး သယ်ပိုးလိုစိတ်ရှိသူတွေ နိုင်ငံ့ဝန်ထမ်းဖြစ်လာစေဖို့ လမ်းကြောင်းထားပြီးသား ဖြစ်ပါတယ်။ ဒီလိုပဲ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သင်တန်းတွေကလည်း နိုင်ငံနှင့် ပြည်သူအကျိုးသယ်ပိုးစေဖို့သာ ဝန်ထမ်းတွေကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါတယ်။

### နိုင်ငံနဲ့ ပြည်သူ့အကျိုး အလေးထား

နိုင်ငံ့ဝန်ထမ်းတွေဟာ အများဝန်ကို ဆောင်ရွက်ရသူတွေမို့ သူကောင်းမှ ကိုယ်ကောင်းမယ်ဆိုတဲ့ စိတ်ဓာတ်မျိုး မရှိအောင် နိုင်ငံ့ဝန်ထမ်းဥပဒေအရ ထိန်းကျောင်းထားပြီးဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်လာပြီဆိုရင် နိုင်ငံနဲ့ ပြည်သူ့အကျိုးကို အလေးထားဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားကိုလည်း အပ်နှင်းထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံ့ဝန်ထမ်းဆိုတာ နိုင်ငံနဲ့ ပြည်သူ့အတွက် အဓိကဖြစ်တာမို့ နိုင်ငံရေး အရောင်အသွေးတွေ စွန်းပေမခံလိုပါ။ လွဲမှားတဲ့ ခံယူချက် မရှိစေလိုပါ။ CDM ဆွယ် တရားတွေကို ကြံ့ကြံ့ခုခံရင်း ပြည်သူ့အကျိုး ဆတက်ထမ်းပိုးဆောင်ရွက်သွားမည်သာ။ ဒါ့အပြင် နိုင်ငံ့ဝန်ထမ်းဖြစ်တည်မှုကို ကောင်းစွာနားမလည်လို့ဆိုမိတဲ့ ပြည်သူအချင်းချင်း ပြစ်တင်ဝေဖန်မှုတွေကိုလည်း ခွင့်လွှတ်အပြုံးနဲ့ တုံ့ပြန်နိုင်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ ။

---

❖ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ သွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ဖျက်ဆီးမယ့် စီမံကိန်းအရ ဆူပူဆန္ဒကျင်ရမယ့် သူတို့ လှုပ်ရှားမှုမှာ ဂိမ်းကစားသလို ထင်မှတ်ကာ ပါဝင်လိုကြတယ်။ သတိထားပါလေ။**

# ၂၃-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*ယမန်နေ့မှ အဆက်*

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က ၂၀၂၀ UEC အဖွဲ့ဝင်ဟောင်းတွေက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့တဲ့ အခြေအနေများနှင့် ပတ်သက်ပြီး ဘယ်လိုပုဒ်မတွေနဲ့ UEC အဖွဲ့ဝင်ဟောင်းတွေကို ဘယ်လိုတရားစွဲဆိုထားတာရှိလဲ၊ ဘယ်နှယောက်လောက် တရားစွဲဆိုထားတာရှိလဲဆိုတာကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က သာမန်အားဖြင့် ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲဥပဒေအခန်း(၁၃)အရ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများကျူးလွန်လျှင် ရွေးကောက်ပွဲပြစ်မှုဖြင့် မြို့နယ်တရားရုံးနှင့် ရဲစခန်းတွင် တရားစွဲ၍ရပါကြောင်း၊ ယင်းသို့ တရားစွဲသည့် အမှုပေါင်း ၅၀၀ ကျော်ခန့်ရှိပြီး ဆောင်ရွက်သည့်အခါ မိမိတို့အနေဖြင့် ခွဲမထားပါကြောင်း။

ယခင်သတင်းစာရှင်းလင်းပွဲတွင်လည်း ဖြေကြားခဲ့ပါကြောင်း၊ ယင်းအမှုပေါင်း ၅၄၆ မှုဖြစ်ပွားခဲ့ပြီး တရားစွဲတင်သည့် အမှု ၃၃၄ မှု၊ ပိတ်သိမ်းသည့်အမှု ၁၇၁ မှုရှိပါကြောင်း၊ ယင်းအမှုများထဲမှ ဥပဒေအကြံဉာဏ်တောင်းထားသည်မှာ ၃၅ မှု ၊ ရဲလုပ်ငန်းစစ်ဆေးဆဲ ၆ မှု၊ စုစုပေါင်း ၄၁ မှု ရှိပါကြောင်း၊ ထိုအရာသည် အခန်း(၁၃)ပါ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း။

ကြိုတင်ပြီးလည်း မဲ(၂)ကြိမ် မပေးရခြင်း၊ အယောင်ဆောင် မဲမပေးရခြင်းများ ပြဋ္ဌာန်းချက်များရှိပါကြောင်း၊ ယင်းပြစ်မှုများကို ကျူးလွန်သည့်အခါ ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်ဖြစ်သည့် ရပ်/ကျေးများမှ ပါဝင်လျှင်လည်း ယင်းဥပဒေအရ အရေးယူဆောင်ရွက်ပါကြောင်း၊ သာမန်ပြည်သူများဆိုလျှင်လည်း ယင်းသို့ဆောင်ရွက်ပါကြောင်း၊ ထိုနည်းလမ်းဖြင့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများကို သက်ဆိုင်ရာ ရဲစခန်းတွင်ဆောင်ရွက်နေသည့် ဖြစ်စဉ်များလည်းရှိပါကြောင်း။

### ကျူးလွန်ခဲ့ခြင်းများရှိပါက အရေးယူမည်

ထိုအရာမှာလည်း ပုံမှန်သွားနေသည့် ဖြစ်စဉ်တစ်ခုဖြစ်ပြီး သီးခြား မိမိရှင်းလင်းတင်ပြခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များအပေါ်တွင် မူတည်ပြီး ရွေးကောက်ပွဲကော်မရှင်နှင့် ပတ်သက်သည့် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ပတ်သက်၍ လတ်တလောအနေဖြင့် မသိရသေးပါကြောင်း၊ ကျူးလွန်ခဲ့ခြင်းများရှိပါက ဖော်ထုတ်ပြီး တိတိကျကျသိရလျှင် အရေးယူသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က မဲစာရင်းများ စစ်ဆေးဆောင်ရွက်သည့်အခါတွင် UEC အဖွဲ့ဝင်ဟောင်းတချို့မှ ထွက်ဆိုချက်ပေးခြင်းများရှိပြီး ထိုအထဲမှ ပူးပေါင်းမှုမရှိဘဲ တင်းတင်းမာမာ တုံ့ပြန်ခြင်းများ၊ ပူးပေါင်းဆောင်ရွက်ခြင်းမရှိသည့် အခက်အခဲများ ဘယ်လောက် ကြုံခဲ့ရပါသလဲဟု မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ပြီးခဲ့သည့် ရွေးကောက်ပွဲဖြစ်စဉ်အပေါ်တွင် သုံးသပ်ပြီး မိမိတို့ UEC အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သည့် မဲစာရင်းစစ်ဆေးခြင်းအပါအဝင် ဆောင်ရွက်ချက်များကို ဆောင်ရွက်နေပါကြောင်း၊ ဆောင်ရွက်သည့်အခါတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ အများကြီးရှိပါကြောင်း၊ ယင်းပုဂ္ဂိုလ်များဖြင့် ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Sky net သတင်းဌာနမှ သတင်းထောက် ပိုးဥရန်နိုင်**က Covid Vaccine က လက်ရှိတွင် သတ်မှတ်ထားသည့် အလှည့်အလိုက် ထိုးနှံမှုအစီအစဉ်ကို ဘယ်လိုအစီအစဉ်များဖြင့် ထိုးပေးနေပါသလဲ၊ ကာကွယ်ဆေးထိုးသည့်နေရာမှာ ဘယ်သူမဆိုသွားရောက်ထိုးနှံ၍ ရပါသလား၊ လက်ရှိတွင် ကာကွယ်ဆေး စုစုပေါင်း ဘယ်လောက်ရောက်နေပြီလဲ၊ ဘယ်လောက်ထပ်ရောက်ရန်ရှိပါသေးသလဲ၊ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် လူဦးရေဘယ်လောက်အထိ ထိုးနှံပေးသွားရန် အစီအစဉ်ရှိပါသလဲ သိလိုကြောင်း၊ နောက်တစ်ခုအနေဖြင့် ထိုင်းပြည်သူတချို့နှင့် တချို့သော မြန်မာဘက်မှ ပြည်သူတချို့တွင် Covid Vaccine နှင့်ပတ်သက်ပြီး မြန်မာမှ Covid ဆေးတွေကို ရောင်းနေခြင်းများရှိသည်ဟု ကြားနေရသည့် အချက်မှာ ဟုတ်ပါသလား သိလိုကြောင်း မေးမြန်းသည်။




သတင်းစာရှင်းလင်းပွဲ၌ ခင်းကျင်းပြသထားသည့် မဲစာရင်းဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များနှင့် ဆူပူဆန္ဒပြသူများသုံးစွဲသည့်ပစ္စည်းများကို တွေ့ရစဉ်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က Covid-19 ရောဂါ ကာကွယ်ဆေးအစီအစဉ်တွင် သတ်မှတ်ထားသည့် အလှည့်အလိုက်ထိုးနှံရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် မတ်လအတွင်း မိမိတို့အနေဖြင့် သတ်မှတ်ထားသည်မှာ အဆင့်(၁)အနေဖြင့် ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အဆင့်(၂)အနေဖြင့် ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းမှ ကျန်းမာရေးဝန်ထမ်းများ၊ အဆင့်(၃)မှာ ပုဂ္ဂလိကလုပ်ငန်းများမှ ဝန်ထမ်းများဖြစ်ကြောင်း။

ဦးစားပေးမှာ ဘဏ်ဝန်ထမ်းများနှင့် ပို့ဆောင်ရေး၊ ဟိုတယ်ခရီးတို့ဖြစ်ပြီး အများနှင့် နေ့စဉ်နီးပါး ထိတွေ့ဆက်ဆံနေရသည့်သူများ ဖြစ်ကြောင်း၊ ထို့နောက် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် သံဃာတော်၊ ဘာသာရေးပုဂ္ဂိုလ်များ၊ အသက် ၆၀ နှစ်အထက် ပြည်သူတွေဆောင်ရွက်ရမည့် လူအုပ်စုဆိုပြီး သတ်မှတ်ထားပါကြောင်း၊ ၎င်းတို့အနေဖြင့် လူအုပ်စုထဲမှာ အကျုံးဝင်သည့် မည်သူမဆို Covid-19 ရောဂါကာကွယ်ဆေး ထိုးနှံသည့်နေရာတွင် သွားရောက်ထိုးနှံ၍ရပါကြောင်း။

ခုနပြောခဲ့သည့် အုပ်စု ၅ အုပ်စုရှိပါကြောင်း၊ ထို ၅ အုပ်စုသည် မတ်လအတွင်း မည်သူမဆိုသွားရောက်ပြီး ထိုးနှံ၍ရပါကြောင်း၊ ဆေးရောက်ရှိမှုအနေဖြင့် လှူဒါန်းထားမှုသည် ၁ ဒသမ ၅ သန်း၊ ဝယ်ထားသည့်ဆေး ၂ သန်း၊ စုစုပေါင်း ၃ ဒသမ ၅ သန်း ရောက်ရှိပြီးဖြစ်ပါကြောင်း၊ နောက်ထပ် ၂၈ သန်း ရောက်ရှိရန်ရှိပါကြောင်း၊ ထိုကာကွယ်ဆေးကို လူဦးရေ ၁၅ သန်းကျော် ထိုးနှံပေးရန် စီစဉ်ထားရှိပါကြောင်း။

ထိုအစီအစဉ်သည် ယခင်အစိုးရလက်ထက်ကတည်းက စီစဉ်ထားသည့် အစီအစဉ်ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် အိန္ဒိယက Covid ကာကွယ်ဆေးအပြင် တရုတ်နိုင်ငံထုတ် Covid ကာကွယ်ဆေး၊ ရုရှားထုတ် Covid ကာကွယ်ဆေး၊ ထို ၃ မျိုးကို ထပ်မံခွင့်ပြုခဲ့ခြင်းများရှိပါကြောင်း။

ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် တင်သွင်းနိုင်ပြီး ထိုးနှံနိုင်ရန် FDI က ခွင့်ပြုထားပါကြောင်း၊ ထိုသို့ ခွင့်ပြုပြီး တစ်နိုင်ငံလုံး အမြန်ဆုံးလွှမ်းခြုံနိုင်ရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ ခုနကပြောသည့် Covid-19 ရောဂါ ကာကွယ်ဆေးရောင်းချသည့် သတင်းမှာ မဖြစ်နိုင်ကြောင်း၊ ရောင်းချစရာလည်း မရှိပါကြောင်း၊

*စာမျက်နှာ ၂၃ သို့*

## ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များတွင် မဲလက်မှတ်များ မြေပြင်စစ်ဆေးမှုမှတ်တမ်း ဓာတ်ပုံများ










*စာမျက်နှာ ၂၂ မှ*

Covid-19 ကာကွယ်ဆေး သယ်ယူခြင်းဆိုသည်မှာ သယ်ယူပုံသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပို၍သိမည် ဖြစ်ပါကြောင်း။

သယ်ယူပုံအဆင့်ဆင့်သည် အအေးခာတ် ပျက်ပြယ်၍မရဘဲ သယ်ယူရခြင်း ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် Covid-19 ကာကွယ်ဆေးထိုးရန်အတွက် ကိုကိုးကျွန်းကို လေယာဉ်ဖြင့် ဆရာဝန်များပါ တစ်ခါတည်းပို့၊ တစ်ခါတည်း ထိုးနှံသည့် အစီအစဉ်မျိုးဆောင်ရွက်ခဲ့ပါကြောင်း၊ ကိုကိုးကျွန်းပေါ်တွင် ဆိုလာဖြင့် မီးပေးနိုင်သည့်စနစ်၊ ဒီဇယ်မီးစက်ဖြင့် မီးပေးနိုင်သည့်စနစ်များရှိကြောင်း၊ သို့သော် ၂၄ နာရီ မီးပေးနိုင်ခြင်း မရှိသည့်အတွက် သိုလှောင်ရန် ခက်ခဲခြင်းကြောင့် လေယာဉ်ဖြင့် သွားရောက်ပြီး နေ့ချင်းပြန်ထိုးနှံခြင်းဖြစ်ပါကြောင်း။

Covid 19 ရောဂါ ကာကွယ်ဆေးသည် အခြားသူများပြောနေသကဲ့သို့ မဖြစ်နိုင်ကြောင်း၊ ဖြစ်နိုင်စရာ လည်း မရှိပါကြောင်း၊ သယ်၍လည်း မရပါကြောင်း၊ ထိုအကြောင်းများသည် နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနအပေါ်မှာ အကြည်ညိုပျက်အောင် အဖျက်အမှောင့် လုပ်လိုသူများက သတင်းမှား ထုတ်လွှင့်မှုသာ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကာကွယ်ဆေး ဆေးမလုံလောက်သေးပါကြောင်း၊ အပြင်မှာလည်း ထိုဆေးများ မရှိပါကြောင်း ဖြေကြားသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်း သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

ဆက်လက်၍ **Sky net သတင်းဌာနမှ သတင်းထောက် ပိုးဥရန်နိုင်**က Covid-19 ရောဂါ ကာကွယ်ဆေးနှင့် ပတ်သက်ပြီး ပြည်သူအချို့ကြားတွင် ထိုးနှံမှုဆိုင်ရာ အငြင်းပွားမှုများရှိနေကြောင်း၊ ထိုအကြောင်းအရာအပေါ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာနက ယုံကြည်မှုအပေါ်မှာ ထိုးနှံရန်အတွက် ဘာများပြောကြားချင်ပါသလဲ သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ယုံကြည်စွာထိုးနှံမှုနှင့်ပတ်သက်ပြီး အပိုင်းနှစ်ပိုင်းရှိမည် ဖြစ်ပါကြောင်း၊ နံပါတ်တစ်အပိုင်းအနေဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖွလိုက်သည့်အပိုင်းဖြစ်ကြောင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖွလိုက်သည်မှာ Covid-19 ရောဂါကာကွယ်ဆေး သိုလှောင်သည့်နေရာကို CDM ပြုလုပ်သည့်သူများက အအေးခန်းကို ပိတ်လိုက်ကြောင်း၊ အအေးခန်းကို ပိတ်လိုက်သည့်အတွက် Covid-19 ရောဂါ ကာကွယ်ဆေးသည် အာနိသင်မရှိဘူးဟု လူမှုကွန်ရက်ပေါ်တွင် ဖွနေသည်ကို တွေ့ရပါကြောင်း။

ထိုသတင်းမှာ မဟုတ်ပါကြောင်း၊ Covid-19 ရောဂါ ကာကွယ်ဆေးများကို သိုလှောင်ကတည်းက မှတ်တမ်းများဖြင့် ထားရှိရပါကြောင်း၊ မှတ်တမ်းများသည် လူကိုယ်တိုင်စောင့်နေခြင်း မဟုတ်ကြောင်း၊ အလိုအလျောက် မှတ်တမ်းတင်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါသတင်းသည် မဟုတ်မှန်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် Covid-19 နှင့်ပတ်သက်ပြီး ဘေးထွက်ဆိုးကျိုးနှင့် ပတ်သက်သည်ဟု ထင်မြင်ပါကြောင်း၊ Covid-19 ရောဂါကို မိမိအနေဖြင့် ဆေးပညာရပ်ကဲ့သို့ မပြောလိုကြောင်း၊ ဆေးပညာအသုံးအနှုန်းဖြင့် ရှင်းပြလျှင် နားရှုပ်နိုင်ပါကြောင်း၊ Covid-19 ဆေးသည် ကာကွယ်ဆေးဖြစ်ပြီး ကာကွယ်ဆေး သဘောသည် လူ့ခန္ဓာကိုယ်ထဲတွင် Covid 19 ရောဂါကူးစက်လာလျှင် ခံနိုင်ရန်အတွက် Covid-19 ပိုးကို ထိုးသွင်းလိုက်သည့်သဘော ဖြစ်ပါကြောင်း၊ ကျောက်ရောဂါ ကာကွယ်ဆေးလိုမျိုး ဖြစ်ကြောင်း၊ Covid-19 ထိုးပြီးလျှင် ပထမဦးဆုံးအကြိမ်တွင် လူ့ခံနိုင်ရည်ပေါ်မူတည်ပြီး Covid-19 အသေးစားဖြစ်သည့်ပုံစံမျိုးဖြစ်ကြောင်း။

## ဘေးထွက်ဆိုးကျိုး ဆိုးဆိုးရွားရွားခံရသူမရှိ

အချို့လူများတွင် ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာ ဖြစ်ခြင်းများ တစ်ရက်၊ နှစ်ရက်ဖြစ်နိုင်ပြီး နောက်ပိုင်းတွင် ပုံမှန်ဖြစ်ကြောင်း၊ ရိုးရိုးဆေးစားလျှင် ပျောက်နိုင်ကြောင်း၊ မိမိတို့ကိုယ်တိုင်ထိုးနှံပြီးဖြစ်ကြောင်း၊ မိမိတို့ ကိုယ်တိုင်လည်း ပထမအကြိမ်တွင် ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်းများ ဖြစ်ပါကြောင်း၊ အချို့ကိုယ်ခံအားနည်းသူ၊ အပြင်းအထန်တုံ့ပြန်သူများ ပိုပြီးဖြစ်တတ်ကြောင်း၊ မြန်မာနိုင်ငံတွင် Covid-19 ဆေးထိုးပြီးသည့် လူတိုင်းတွင် Covid-19 နှင့် ပတ်သက်ပြီး ဘေးထွက်ဆိုးကျိုး ကျန်းမာရေးထိခိုက်နိုင်သည်အထိ ဆိုးဆိုးရွားရွားခံခဲ့ရသူမရှိကြောင်း၊ စိတ်ချယုံကြည်စွာ ဆောင်ရွက်နိုင်ကြောင်း ဖြေကြားသည်။

**Sky Net သတင်းဌာနမှ သတင်းထောက် ပိုးဥရန်နိုင်**က သတင်းမီဒီယာကဏ္ဍနှင့်ပတ်သက်ပြီး မိမိတို့သည် နေပြည်တော်အခြေစိုက် သတင်းယူခြင်းဖြစ်ကြောင်း၊ အချို့ပိတ်သိမ်းခံလိုက်ရသည့် မီဒီယာများလည်းရှိသည့်အတွက် ယခုနေပြည်တော်မှာ သတင်းလိုက်နေသည့်မီဒီယာများသည် လက်ချိုးရေလို့ရသည့် အနေအထားမှာ ရှိကြောင်း၊ ယခုဒီရက်ပိုင်းတွင် မီဒီယာသုံးယောက် ထိန်းသိမ်းခံထားရကြောင်း၊ ယခုအချိန်မှာ ၎င်းတို့ထဲမှ တစ်ယောက်သည် ပြန်လွတ်လာကြောင်း၊ မိမိတို့ ယခုသတင်းရယူနေမှု၊ ထုတ်လွှင့်ခွင့်ရနေသည့် သတင်းမီဒီယာမှ သတင်းသမားများအနေနှင့် လွတ်လွတ်လပ်လပ် သတင်းယူနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် ဘယ်လောက်ထိ အာမခံချက်ပေးနိုင်လဲ၊ သတင်းကို လွတ်လွတ်လပ်လပ်ရယူနိုင်ရန်အတွက် ဘာတွေလုပ်ရမလဲသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က သတင်းမီဒီယာသမားများကို အာမခံချက်အပေးနိုင်ဆုံးလူသည် သတင်းမီဒီယာသမားများ ကိုယ်တိုင်ပင်ဖြစ်ကြောင်း၊ သတင်းမီဒီယာသမားများကို အာမခံချက်အပေးနိုင်ဆုံးလုပ်ရပ်သည် သတင်းမီဒီယာသမားများ လုပ်ကိုင်နေသည့်လုပ်ရပ်ပင် ဖြစ်ပါကြောင်း၊ ထိုအရာကို အကြောင်းမဲ့ ပြောနေခြင်း မဟုတ်ပါကြောင်း၊ နေပြည်တော်မှာ မိမိနှင့်ခင်မင်သည့် သတင်းထောက်အသိုင်းအဝိုင်းများအား မိမိအနေဖြင့် သတိပေးထားပါကြောင်း၊ နံပါတ် တစ်အချက်သည် ပြန်ကြားရေးဝန်ကြီးဌာနပဲဖြစ်ဖြစ်၊ ပြန်ကြားရေးနှင့်ဆက်စပ်ပြီး လုပ်နေသည့်သူများပဲဖြစ်ဖြစ် မိမိတို့သည် သတင်းမီဒီယာများနှင့် ဆက်ဆံရေးကို အလေးထားပါကြောင်း။

သို့သော်လည်း ဆူပူအကြမ်းဖက်လှုံ့ဆော်မှုများဖြစ်လာသည့်အခါ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏အမြင်သည် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအမြင်ကို အဓိကထားကြည့်ရှုမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ အမြင်ချင်းသည် တူနိုင်စရာအကြောင်း မရှိပါကြောင်း၊ အချို့ သတင်းမီဒီယာသမားများဆိုလျှင် ပေါ်ပေါ်တင်တင် ပြောပါကြောင်း။

ဆန္ဒပြမှုများကို သတင်းသွားယူခြင်းသည် အပြစ်မဟုတ်ပါကြောင်း၊ သို့သော် ဆန္ဒပြသည့်နေရာမှာ ဦးဆောင်ဦးရွက်လုပ်ခြင်းသည် အပြစ်ဖြစ်သွားနိုင်ပါကြောင်း၊ မည်ကဲ့သို့ ဦးဆောင်ဦးရွက်လုပ်သလဲဆိုသည်ကို မိမိအကြောင်းမဲ့ ပြောနေခြင်း မဟုတ်ပါကြောင်း၊ မိမိနှင့်ရင်းနှီးသည့် သတင်းသမားများ၏ အခြေအနေကို သိရှိသည့်အတွက် ပြောနေခြင်း ဖြစ်ပါကြောင်း၊ အချို့သတင်းသမားများ ဘာတွေလုပ်ကြသလဲဆိုတာသည် ဥပမာ “ငါလာခဲ့မယ်၊ အဲဒီမှာ စုထားလိုက်၊ ငါရိုက်ပေးမယ်” ရိုက်သည့်နေရာမှာလည်း “ဒီလိုမျိုးမလုပ်နဲ့၊ ဆိုင်းဘုတ်တွေက ဘယ်လိုမျိုး၊ မင်းတို့က ရှေ့ကိုတက်လာမှ” ဆိုသည့်အတိုင်း ကိုယ်တွေ့ ပြောခြင်း ဖြစ်ကြောင်း၊ စိတ်ကူးယဉ်ပြီးပြောနေခြင်း မဟုတ်ကြောင်း။

ထိုသို့ပြုလုပ်လျှင် တစ်ဖက်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် သူများအနေဖြင့် ဦးစီးဦးဆောင်လုပ်နေသည့်သူဟု အထင်မှားသွားနိုင်ပါကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် သတင်းမီဒီယာများနှင့် ဆက်ဆံရေးကို အလေးထားပါကြောင်း၊ သတင်းမီဒီယာများ၏ လွတ်လပ်ခွင့်ကို အလေးထားပါကြောင်း၊ မိမိအရင်က ပြောသလို UDHR မှာပါသည့် Article ၁၉ ကို လိုပါက Article ၂၉ ကို လိုက်နာရန်လိုအပ်ပါကြောင်း၊ သတင်းသမားများ၏ လုပ်ဆောင်ချက်များသည် မိမိကိုယ်မိမိ အာမခံနိုင်မှာဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည်ဟု ပြောလိုပါကြောင်း ရှင်းလင်း ဖြေကြားသည်။

**Sky Net သတင်းဌာန သတင်းထောက် ပိုးဥရန်နိုင်**က သတင်းမီဒီယာနှင့် ပတ်သက်၍ လက်ရှိတွင် နယ်မြေတည်ငြိမ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက်မှာ ဆန္ဒပြသည့်ကိစ္စများနှင့် လက်ရှိအောက်က မြေပြင်သတင်းများသည် အထက်ကို အကုန်လုံးရောက်မရောက် သိလိုကြောင်း၊ ယခုလိုမေးခြင်းသည် လက်ရှိရောက်သည့် သတင်းများကို မည်သို့စိစစ်ပြီး ဝန်ကြီးတို့အောက်ရှိသည့် state media များတွင် မည်ကဲ့သို့စိစစ်ပြီး ထုတ်လွှင့်သည်ကို သိလိုကြောင်း။

ယခု ပိတ်သိမ်းလာသည့် မီဒီယာများ များလာသည့်အခါ ပြည်သူတော်တော်များများသည် state media များကိုသာ အားကိုးပြီးကြည့်နေရကြောင်း၊ သည်အချိန်မှာ ၎င်းကနေပြီး ထုတ်လွှင့်သည့်အခါ သဘောထားကွဲလွဲခြင်း၊ အငြင်းပွားသည့်ကိစ္စများ ဖြစ်လာမှုများရှိကြောင်း၊ ထို့ကြောင့် MRTV ကဲ့သို့ state media များကို အားပေးနေသည့် ပြည်သူများလည်းရှိပါကြောင်း၊ သတင်းများကို ယခုလိုမျိုး ထုတ်လွှင့်သည့်အခါ အငြင်းပွားမှုများ နည်းပါးသွားစေရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိမည်သို့ သတင်းများကို စိစစ်ပြီး ထုတ်လွှင့်နေသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းနှင့် ပတ်သက်ပြီး မူဝါဒများဖြစ်သည့် မြန်ရမည်၊ မှန်ရမည်၊ တိကျရမည် ဆိုသည့် မူဝါဒကို အဓိကထားပြီး ဆောင်ရွက်ပါကြောင်း၊ သတင်းနှင့် ပတ်သက်ပြီး ထုတ်လွှင့်သွားသည့် သတင်းမှန်သမျှသည် မှန်ကန်မှုရှိသည်ဆိုတာကို အာမခံနိုင်ပါကြောင်း၊ မှန်ကန်မှုမရှိဘူးဆိုလျှင် မိမိတို့ထုတ်လွှင့်ခဲ့သည့်သတင်းများမှ မှန်ကန်မှုမရှိဘူးဆိုသည့် သတင်းများကို မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနကို တရားဝင်ပြောနိုင်ပါကြောင်း၊ မိမိတို့အနေနှင့် မှန်ကန်မှုရှိသည်၊ မရှိဘူးဆိုသည်ကိုလည်း ပြန်လည်ဖြေရှင်းနိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။


*ဆက်လက်ဖော်ပြပါမည်*

# ညီညွတ်ရေးနှင့် အသက်ရှည်ရှည် ခင်ခင်မင်မင် လက်ရည်တစ်ပြင်တည်း ရှေးကတော့ ပိုချစ်ကြတယ်

**စာချစ်သူ**

**မုန်တိုင်းစဲစပြုလေပြီ။ လေပြည်လေညင်းတို့လည်း နော့လေပြီ။ နွေရဲ့သင်္ကေတ ဥဩပျိုတို့၏ တေးသီသံများနှင့် ချိုးငှက်တို့၏ တကူကူတွန်ကျူးသံများလည်း ကြားရစပြုလေပြီ။ သို့တစေ မုန်တိုင်း၏ ဒဏ်ရာဒဏ်ချက်များကား အကင်းမသေရှိနေဆဲပင်။**

အကြီးမားဆုံးဒဏ်ချက်ကတော့ လွန်ခဲ့သောနှစ်အနည်းငယ်ကတည်းက အက်ရာအက်ကြောင်းထင်နေသော လူ့အဖွဲ့အစည်းအတွင်းက အကွဲအပြဲ။




"အကွဲအပြဲ"။ အကွဲအပြဲများကား မြန်မာတို့အဖို့ အထူးအဆန်းမဟုတ်တော့ပြီ။ ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသက လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ ကြိုးပမ်းချက်(ပထမတွဲ) တရားတော်တွင် "မညီညွတ်တဲ့ထဲမှာတော့ မြန်မာလူမျိုးတွေက တော်တော်နာမည်ကြီးကြတယ်လို့ဆိုတာ ကမ္ဘာကတောင် သိနေတယ်။ တော်တော်သိနေတယ်။ မြန်မာတွေမညီညွတ်ဘူးဆိုတာ ဘာဖြစ်လို့တုံးဆို တစ်လောကတင်ပဲ ရန်ကုန်သွားတော့ မဟာချူလာလောင်ကွန်တက္ကသိုလ်(Maha Chulalongkorn University)က ပါမောက္ခအမျိုးသမီးတစ်ယောက် မြန်မာပြည်လာပြီးတော့ ပညာရေး၊ စီးပွားရေးကို research လာလုပ်တယ်၊ မေးတယ်၊ မြန်းတယ်။ နောက်ပိုင်းမှာ အလွတ်စကားပြောတဲ့အခါ အဲဒီအမျိုးသမီးက ဘာမေးတုံးဆိုတော့ –

"အရှင်ဘုရား ဗမာပြည်မှာ ဗမာတွေမညီမညွတ်ဘူးလို့ ကြားတယ်"

"အေး – ဟုတ်တယ်"

"ဘာကြောင့်တုံး"

"ဘာကြောင့်မှ မဟုတ်ဘူး၊ တို့လူမျိုးတွေရဲ့သွေးသားကြောင့် ဖြစ်တာလို့" ပြောလိုက်တယ်။ ဗမာလူမျိုးတွေဟာ one man show နဲ့ Hero တွေချည်းပဲ၊ အကုန်လုံး၊ ဘယ်ကိစ္စပဲဖြစ်ဖြစ် one man show တစ်ကိုယ်ကောင်းလုပ်ကြတယ်။ Hero တွေတကယ့်သူရဲကောင်းတွေပဲလို့။ တို့ဗမာပြည်ကလူတွေက တစ်ယောက်နဲ့တစ်ယောက် စုပေါင်းလက်တွဲလုပ်တဲ့အကျင့် အင်မတန်မှ အားနည်းတယ်။ သူ့ထက်ငါသာဖို့အတွက် ကြိုးစားကြတာ၊ one man show တစ်ယောက်တည်းကောင်းတာကို ပြချင်တယ်။ အဖွဲ့အသင်းနဲ့ အောင်မြင်တာကို မလိုချင်ဘူး။ တစ်ယောက်တည်းကို လိုချင်တယ်။ တို့ဆီက Hero တွေပဲ များတယ်လို့ အဲဒီလိုပဲ ဖြေလိုက်တော့ ရယ်နေတယ်၊ သူ့ဟာသူ"

ဒါဟာ ညီညွတ်မှုဆိုတာ မြတ်စွာဘုရားသခင်ကိုယ်တိုင်ကလည်းပဲ ညီညွတ်မှုကို အလေးထားခဲ့တယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးတော့ ပထမဦးဆုံး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတည်ထောင်တဲ့အချိန်မှာ နိုင်ငံတော်တံဆိပ်ထဲမှာ ဘာပါတုံးဆို "သမဂ္ဂါနံ တပေါ သုခေါ" ဆိုတဲ့စာတန်းကြီးပါတယ်။ အဲဒီတုန်းက "သမဂ္ဂါနံ တပေါ သုခေါ" ညီညွတ်သူတို့ရဲ့ အကျင့်ဟာ ချမ်းသာကြောင်း ဖြစ်တယ်ဆိုတဲ့ စကားကြီးပါတယ်။ ဒါပေမဲ့ နောက်ပိုင်းတော့ အဲဒီစာတန်းဟာ ပျောက်ပျက်သွားတယ်၊ မရှိတော့ဘူး။ အဲဒီတော့ ညီညွတ်ဖို့ဆိုတာကတော့ လိုအပ်တာ အမှန်ပဲ။ သို့သော် လူတွေဟာ "နာနာဆန္ဒ နာနာ ဈာသယ" စိတ်ဆန္ဒချင်းဟာ မတူကြဘူး။ အတွေးတွေက မတူကြဘူး။ မတူတဲ့အတွေးတွေ ပေါင်းစပ်ထားဖို့ဆိုတာ အတော်ခဲယဉ်းတယ်။ one man show, Hero ဆိုတဲ့စိတ်ဓာတ်တွေ ရှိနေရင်တော့ ပိုပြီးတော့ စုစည်းဖို့ခက်တာပေါ့"ဟု ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့၏။

> **"ပစ္စက္ခ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းက အကွဲအပြဲကလည်း ကြီးမားနက်ရှိုင်းလွန်းလှသည်ဟု ဆိုရမည်။ ဒီမိုကရေစီယဉ်ကျေးမှုကို သွေဖည်၊ ငါနှင့်မတူငါ့ရန်သူဟူ၍ သတ်မှတ်ရံမက လူအုပ်စုအားကိုးဖြင့် အနိုင်ကျင့်စော်ကားမှုများ၊ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများအထိ လက်ရဲဇက်ရဲ ကျူးလွန်လာသည်အထိ ဖြစ်ပေါ်စေခဲ့သည်"**

သမိုင်းတွင်ခဲ့သော မြန်မာနိုင်ငံ၏ အကွဲအပြဲကမူ ၁၉၅၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံတွင် အခိုင်အမာဆုံးသော အမျိုးသားတပ်ဦးဖြစ်သည့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့(ဖဆပလ)၏ နိုင်ငံရေးအကွဲအပြဲဇာတ်လမ်းဖြစ်လေသည်။

မြန်မာ့လွတ်လပ်ရေးအတွက် ကောင်းတူဆိုးဖက် လက်တွဲဆောင်ရွက်ခဲ့ကြသော ဖဆပလခေါင်းဆောင်များ၊ တစ်နည်းဆိုသော် လွတ်လပ်ပြီးစအစိုးရအဖွဲ့အတွင်း ဆယ်နှစ်ကျော် စုပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော ခေါင်းဆောင်များ၏ အကွဲအပြဲကား မြန်မာ့နိုင်ငံရေးခရီးကို ပြောင်းလဲမှုများ ဖြစ်ပေါ်စေခဲ့သည်။

ဖဆပလနှစ်ခြမ်းကွဲကာ ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့၏ တည်မြဲဖဆပလနှင့် ဦးနုနှင့် သခင်တင်တို့၏ သန့်ရှင်းဖဆပလတို့၏ အကွဲအပြဲဇာတ်လမ်းများကြောင့် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရပေါ်ပေါက်လာခဲ့သည်။

ထိုစဉ်က သမိုင်းဖြစ်စဉ်များနှင့် စပ်လျဉ်း၍ သတင်းစာဆရာကြီး ဂါးဒီးယန်း ဦးစိန်ဝင်းက "အကွဲအပြဲဇာတ်လမ်း" ဟူသည့် သမိုင်းမှတ်တမ်းစာအုပ်ကို ပြုစုရေးသားခဲ့လေ၏။

**"တစ်ဦးနှင့် တစ်ဦး ကလဲ့စားချေသည့်သဘောဖြင့် အပြန်အလှန် ပုတ်ခတ်ပြောကြားရာ၌ လူအများစုက သန့်ရှင်းဖြူစင်သည်ဟု ထင်မှတ်ထားသော ပုဂ္ဂိုလ်များအား အလွန်ဆိုးသွမ်းသည့်သူများအဖြစ်လည်းကောင်း၊ မျိုးချစ်ပုဂ္ဂိုလ်များအား လူသတ်သမား၊ ပြန်ပေးဆွဲသူများ၊ မိန်းမပွေရှုပ်သူများ၊ လူဆိုးလူသွမ်းများအဖြစ်လည်းကောင်း ပြောဆိုခဲ့ခြင်းကြောင့် ပြည်သူလူထုအနေဖြင့် ခေါင်းဆောင်များအပေါ် ယုန်ထင်ကြောင်ထင် ဖြစ်လာခဲ့ကြသည်။**

ပါတီခေါင်းဆောင်များ တစ်ဦးနှင့်တစ်ဦး ပုတ်ခတ်နေခြင်းကြောင့် နောက်ပိုင်းတွင် ယင်းတို့၏ နောက်လိုက်များကပါ တစ်ဦးကိုတစ်ဦး ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်။

တစ်ရက်ပြီးတစ်ရက် အချိန်ကုန်ဆုံးလာသည်နှင့်အမျှ အပုပ်ချစွပ်စွဲပြောဆိုမှုများ ပိုမိုများပြားပြင်းထန်လာကာ ယင်းစွပ်စွဲပြောဆိုမှုများ ရန်ကုန်မြို့တော်မှတစ်ဆင့် မြို့များသို့ ပျံ့နှံ့ရောက်ရှိသွားသောအခါ အချို့သောကျေးလက်ဒေသများ၌ အကြမ်းဖက်မှုများ ဖြစ်ပွားလာသည်အထိ အခြေအနေဆိုးရွားခဲ့သည်။

၁၉၅၈ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ (နု-တင် အုပ်စု၏) ဖဆပလ ညီလာခံကို ဝန်ကြီးချုပ်၏ နေအိမ်ဝင်းအတွင်း၌ ကျင်းပခဲ့သည်။

နယ်ကိုယ်စားလှယ်များက မြို့ပြနှင့် တပ်မတော်အရာရှိများသည် အတိုက်အခံ ဆွေ-ငြိမ်း အုပ်စုအတွက် ဘက်လိုက်ဆောင်ရွက်နေကြကြောင်း၊ ၎င်းတို့အား အခြားနေရာများသို့ ပြောင်းရွှေ့ပေးရန် တပ်မတော်အရာရှိများ၏အမည်ကို တင်ပြခဲ့ကြသည်။

ဟံသာဝတီမှ ကိုယ်စားလှယ်က တပ်မတော်အား ပြည်သူ၏အမှတ်တစ် ရန်သူအဖြစ် ကြေညာကာ ဆွေ-ငြိမ်းအုပ်စုကို လိုလားသော မြို့ပြဝန်ထမ်းများအား ပြည်သူ့ရန်သူအမှတ်နှစ်အဖြစ် ထုတ်ဖော်စွပ်စွဲခဲ့သည်။ အစိုးရအား လွန်ခဲ့သော ဆယ်နှစ်မှစ၍ လက်နက်စွဲကိုင်ပုန်ကန်ခဲ့ကြသည့် သူပုန်များကိုမူ ပြည်သူ၏ရန်သူ အမှတ်သုံးအဖြစ် သတ်မှတ်ခဲ့ပါသည်။

တပ်မတော်အား ပြည်သူလူထု၏ အမှတ်တစ်ရန်သူအဖြစ် ရှုတ်ချပြစ်တင်ခဲ့ခြင်းကြောင့် နိုင်ငံအတွက် အသက်စွန့်ကြိုးပမ်းဆောင်ရွက်နေကြသော ဌာနချုပ်ရှိ တပ်မတော်ခေါင်းဆောင်များ၊ အထူးသဖြင့် နယ်များတွင် သူပုန်များနှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေရသော တပ်မတော်အရာရှိများအား နာကြည်းစေခဲ့သည်။

နု-တင် အုပ်စုခေါင်းဆောင်များက တပ်မတော်အား ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ဝါဒဖြန့်ချိနေရုံတစ်ခုတည်းဖြင့်သာ ၎င်းတို့အလိုကျ တပ်မတော်က လိုက်လျောလာမည် မဟုတ်ကြောင်းကို သဘောပေါက်လာခဲ့သည်။ ထို့ကြောင့် တပ်မတော်ခေါင်းဆောင်များအကြား ၎င်းတို့၏ သြဇာခံများမွေးထုတ်ရန် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် နု-တင်၏ အစီအစဉ်အရ စစ်ရဲတပ်ရင်းများ၊ ပြူစောထီးနှင့် သစ်တောကာကွယ်ရေးတပ်ဖွဲ့များကို ရန်ကုန်မြို့သို့ ခေါ်ခဲ့သည်။ တပ်မတော်ကလည်း အဆိုးရွားဆုံးအခြေအနေဖြစ်ပေါ်လာပါက အသင့်ရှိရန် တန်ပြန်လှုပ်ရှားမှုများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ တပ်ဖွဲ့များအားလုံးကို တပ်လှန့်ထားခဲ့သည်။

ဤကဲ့သို့ ပေါက်ကွဲလုနီးနီးအချိန်တွင် ဦးနုသည် အထက်မြန်မာနိုင်ငံသို့ ခရီးလှည့်လည်ရာမှ ပြန်လည်ရောက်ရှိခဲ့သည်။ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဦးနုသည် ၎င်း၏ အမာခံများနှင့် အကြိတ်အနယ်ဆွေးနွေးခဲ့သည်။ ၎င်းက မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့အင်အားကို တပ်မတော်၏ အင်အားနှင့် ယှဉ်ပြိုင်အန်တုရန် ကြိုးစားခြင်းသည် မိုက်မဲရာကျကြောင်း ရှင်းလင်းပြောပြခဲ့သည်။

ယင်းနောက် စက်တင်ဘာလ ၂၆ ရက်နေ့ နံနက်တွင် နိုင်ငံ၏ အုပ်ချုပ်ရေးအာဏာကို ဗိုလ်ချုပ်ကြီး နေဝင်းထံ လွှဲပြောင်းနိုင်ရေးအတွက် ဦးနုနှင့် ဗိုလ်ချုပ်ကြီးနေဝင်းတို့ တရားဝင်ပေးစာများတွင် လက်မှတ်ရေးထိုးကြပြီး ညပိုင်းတွင် ဦးနုက ၎င်း၏ အစိုးရအဖွဲ့ကို ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကြီးနေဝင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပါလီမန်က ဝန်ကြီးချုပ်အဖြစ် ခန့်ထားမည်ဖြစ်ကြောင်း၊ အိမ်စောင့်အစိုးရသည်

*စာမျက်နှာ ၂၅ သို့*

*စာမျက်နှာ ၂၄ မှ*

တရားဥပဒေစိုးမိုးရေးနှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကို အစိုးရသက်တမ်းခြောက်လအကြာကာလအတွင်း ကျင်းပဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဤသို့ မကြုံစဖူးသော ဖြစ်ရပ်မှာ အာဏာရပါတီဖြစ်သော ဖဆပလအတွင်း အကွဲအပြဲကြောင့်သာဖြစ်သည်။

ဖဆပလခေါင်းဆောင်များသည် နှစ်ပေါင်းရှည်ကြာစွာ အာဏာယစ်မူးခဲ့ကြပြီးနောက် ရန်ဘက်အုပ်စုကြီး နှစ်ရပ်အဖြစ် ဖဆပလအဖွဲ့ကြီးကို ပြိုကွဲရန် ဆုံးဖြတ်ခဲ့ကြသည်။ ဖဆပလအကွဲအပြဲကြောင့် ဤသို့သောဖြစ်ရပ်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပေသည်” ဟူ၍ ၎င်းစာအုပ်တွင် သုံးသပ်ဖော်ပြရေးသားခဲ့၏။

ပစ္စက္ခ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းက အကွဲအပြဲကလည်း ကြီးမားနက်ရှိုင်းလွန်းလှသည်ဟု ဆိုရမည်။ ဒီမိုကရေစီယဉ်ကျေးမှုကိုသွေဖည်၊ ငါနှင့်မတူ ငါ့ရန်သူဟူ၍ သတ်မှတ်ရုံမက လူအုပ်စုအားကိုးဖြင့် အနိုင်ကျင့်စော်ကားမှုများ၊ အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှုများအထိ လက်ရဲဇက်ရဲကျူးလွန်လာသည်အထိ ဖြစ်ပေါ်စေခဲ့သည်။

မိတ်ဆွေ သူငယ်ချင်းများကြားတွင်လည်း ဝိဝါဒ ကွဲကြပြဲကြသည်။ အစွန်းရောက်စိတ်ဝင်သွားသူများက ကိုယ်နှင့်အမြင်မတူ၊ သဘောချင်းမတိုက်ဆိုင်သူတို့ကို လူမှုရေးစည်းမျဉ်းစည်းကမ်း၊ လွတ်လပ်စွာသဘောကွဲလွဲခွင့်တည်းဟူသော ဒီမိုကရေစီယဉ်ကျေးမှု စည်းမျဉ်းစည်းကမ်းများကိုကျော်ကာ ထိကပါး ရိကပါး၊ ကလူ၏သို့ မြှူ၏သို့ စကားတင်း ဆိုကြသည်။ လူချင်းမတွေ့ပါက လူမှုကွန်ရက်ထက်တွင် ရိသလိုကလိသလို စောင်းမြောင်း စော်ကားရေးသားကြပြန်သည်။ အစိုးရဝန်ထမ်းတစ်ဦး ဖြစ်နေပါမူ “CDM မလုပ်ဘူးလား” ဟူ၍ သရော်စကားဆိုကြပြန်သည်။ ဒီမိုကရေစီယဉ်ကျေးမှုသည်

> **“မြန်မာ့လူ့အဖွဲ့အစည်းနှင့် မိသားစုအသိုက်အဝန်း အတွင်း ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်ထွန်းစေရေး အတွက် အကြံပြုလိုသည်မှာ နိုင်ငံရေးအသွေးအရောင် များ၊ သဘောထားအမြင်ခံယူချက်များ စသည့် ဘက်ပေါင်းစုံမှ မတူသည်များကိုဖယ်ပြီး တူသည်များကို ပေါင်းလုပ်ကြဖို့ဖြစ်ပါသည်”**

ကွယ်ပျောက်လေပြီ။ “အများညီလျှင် ဤသည်ကျွဲ” ဖြစ်ခဲ့လေပြီ။ စိတ်မကောင်းအဖြစ်ရဆုံးက တစ်အူထုံ့ဆင်း မောင်နှမအရင်း မိသားစုအတွင်းမှာပင် အကွဲအပြဲများ ဖြစ်ပေါ်လာရခြင်းပင်။ စိတ်ခံစားမှုများ မြင့်တင်နေသူ မောင်နှမ၊ တူ၊ တူမသားချင်းများက ကိုယ်နှင့်အမြင်မတူလျှင် တံဆိပ်ကပ်ကြလေ၏။ ဤသို့ဖြင့် တစ်အူထုံ့ဆင်း မောင်နှမအရင်း ဆွေမျိုးဉာတိများကြား ဆက်ဆံရေးသည်လည်း ခပ်မှန်မှန် ခပ်တန်းတန်း အေးခဲသွားလေ၏။

မြန်မာ့လူ့အဖွဲ့အစည်းအတွင်းက အကွဲအပြဲကို ဘယ်သူကူလို့ ငြိမ်းပါအံ့နည်း။

ဤသည်ကို မိမိတို့တစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးက ဝိုင်းဝန်းထိန်းကျောင်း တာဝန်ယူကြရပါမည်။

မြန်မာ့လူ့အဖွဲ့အစည်းနှင့် မိသားစုအသိုက်အဝန်းအတွင်း ငြိမ်းချမ်းရေးနှင့် သဟဇာတ ဖြစ်ထွန်းစေရေးအတွက် အကြံပြုလိုသည်မှာ နိုင်ငံရေးအသွေးအရောင်များ၊ သဘောထားအမြင်ခံယူချက်များ စသည့် ဘက်ပေါင်းစုံမှ မတူသည်များကိုဖယ်ပြီး တူသည်များကို ပေါင်းလုပ်ကြဖို့ ဖြစ်ပါသည်။

ထပ်မံအကြံပြုလိုသည်မှာကား ဆရာသော်တာဆွေ၏ “ပြုံးရယ်ခြင်း” ဝတ္ထု ဆောင်းပါးထဲကလို မိတ်ဆွေသင်္ဂဟများအားလုံး တစ်ဦးနှင့်တစ်ဦး အခင်အမင်မပျက် ပြုံးရယ်နှုတ်ဆက်ကြဖို့ပင်။

ဆရာက သူ့၏စာထဲတွင် ဆရာမြို့မငြိမ်းရေးခဲ့ပြီး အဆိုတော် ကိုအံ့ကြီး သီဆိုသည့်

“ကြယ်ကလေးတွေ ချစ်စရာ
အပြာရောင် ကောင်းကင်မှာ
သူတို့ကို ပြုံးရင်း တစ်လုံးချင်းကြည့်နေပါ
မကြာမီ ပြန်ကာပြုံးလို့ …
သူတို့လည်း ကိုယ့်ကိုခင်ရှာ … ပြုံးတုံ့ပြုံးလှဲ့
ကျီစယ်မှာ …”

စသည့် မေတ္တာသဘောကို ဖော်ကျူးထားသော သီချင်းလေးကို ထည့်ရေးကာ “အသိမိတ်ဆွေတို့မည်သည် လူချင်းတွေ့ကြလျှင် တစ်ဦးနှင့်တစ်ဦး ပြုံးရယ်ပြမည်၊ နှုတ်ဆက်ကြမည်၊ ပဋိသန္ထာရ ပြောကြမည်မဟုတ်ပါလား။ မျက်နှာကြီးငယ် ဆင်းရဲချမ်းသာ မရွေးပါနှင့်၊ သဇင်လည်းပန်း၊ နှင်းဆီလည်းပန်း၊ ခရေလည်းပန်း၊ သပြေလည်းပန်း ဖြစ်ဘိသကဲ့သို့ အပြုံးပန်းဟူသမျှသည် အားလုံး အတူတူပါပဲ။ သင့်ထက်နိမ့်ကျသောသူ၏ အပြုံးပန်းကပင် သင့်အတွက်လန်းဆန်းမွှေးကြိုင်ပါလိမ့်မည်”ဟု ဆို၏။

ဆက်လက်၍ အမှန်အားဖြင့် “နေကောင်းရဲ့လား”၊“ထမင်းစားပြီးပြီလား”၊ “ဘယ်သွားမလို့လဲ” ဆိုသည်များဟာ အရေးကြီးသည့်မေးခွန်းများ မဟုတ်ပါဘူး။ ဖြေချင်လည်းဖြေပါ၊ မဖြေချင်လည်းနေပါ။ သိကျွမ်းနေသည့်လူချင်းမို့ ခင်မင်သည့်အထိမ်းအမှတ် ပြောစရာစကားရှာပြီး အပြုံးချင်းဖလှယ်ရင်း တစ်ဦးနှင့်တစ်ဦး မေတ္တာစိတ်ထားဖော်ကျူးလိုက်တာပါပဲ။ ဒါဟာ --- ကျွန်တော်တို့မြန်မာလူမျိုးများ၏ ရှေးရိုးယဉ်ကျေးမှု၊ သည်လိုနှုတ်ဆက်စကားပြုပြီး အပြုံးပန်းပွင့်လိုက်ရတော့ အလကားနေရင်း လူ့ရွှင်လန်းလို့ စိတ်ချမ်းမြေ့သွားရပါသည်။ စိတ်ပါ လက်ပါပြုံးရသော မျက်နှာက ပျော့ပျောင်းပြီး ကြည်လင်၍ နေပါသည်။

“ပြုံးရယ်သမှု ပြုရခြင်းသည် လူကိုရွှင်လန်းစေ၍ စိတ်ကိုချမ်းမြေ့စေသည်။ ထို့ကြောင့် ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့လိုသူတို့သည် မိမိကိုယ်မိမိ ပြုံးရယ်သမှု ပြုရအောင် ဖန်တီးရာသည်” ဟုလည်း ဆိုပါ၏။

**ဆရာ့စာကို ယခုလို ဖတ်လိုက်ရသည်နှင့်ပင် ကြည်နူးရပါ၏။ လတ်တလော မြန်မာ့လူ့အဖွဲ့အစည်းအတွင်းတွင် သဟဇာတရှိရှိ ငြိမ်းချမ်းသာယာစေရန် ကျွန်တော်တို့အားလုံး လက်သီးဆုပ်များဖြေ၊ မျက်နှာကြောများလျှော့ပြီး ပြုံးရယ်ကြပါစို့လား။ တကယ် မင်္ဂလာရှိစွာ “မင်္ဂလာပါ” ဟု လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ကြပါစို့လား။**

နန်းတော်ရှေ့ဆရာတင် ရေးစပ်သီကုံးထားသော “ညီညွတ်ရေးနှင့် အသက်ရှည်ရှည် ခင်ခင်မင်မင် လက်ရည်တစ်ပြင်တည်း ရေးကတော့ ပိုချစ်ကြတယ်” ဟူသည့် လက်ရည်တစ်ပြင်တည်း သီချင်းကိုလည်း ပြန်လည်ကြားယောင်လာမိပါ၏။ ။

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ အကြမ်းဖက်သူလူအုပ်စုမှ ရဲတပ်ဖွဲ့ဝင် နှစ်ဦးအား အကြောင်းမဲ့ အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ်

**နေပြည်တော် မတ် ၂၇**

မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ တွဲဖက်တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များကို မတ် ၂၅ ရက် ည ၉ နာရီ တွင် တန်းစီလူစစ်ဆေးရာ ရဲတပ်သား သိန်းထွန်း (၂၅)နှစ်နှင့် ရဲတပ်သား သန်းစိုးအောင်(၂၃) နှစ်တို့သည် တန်းစီပျက်ကွက်လျက်ရှိသဖြင့် မြို့အတွင်းနှင့် ၎င်းတို့ သွားလာတတ်သည့်နေရာများကို လိုက်လံ စုံစမ်းရာ ည ၁၁ နာရီတွင် မုံရွာမြို့ စက်မှုဇုန်ရပ်ကွက် အေးငြိမ်းသီတာစက်ရုံလမ်း၌ အမည်မသိ လူတစ်စုမှ ဆိုင်ကယ် တစ်စီးနှင့် လူ နှစ်ဦးကို ဖမ်းဆီးထားကြောင်း စုံစမ်းသိရှိခဲ့ရသည်။

မတ် ၂၆ ရက် နံနက် ၁ နာရီခန့်တွင် ဖမ်းဆီးခံထားရသူ နှစ်ဦးကို စက်မှုဇုန်ရပ်ကွက် ဆားကျင်းသုသာန်ဘက်သို့ ဦးဆောင်သူနှင့် အင်အား(စိစစ်ဆဲ) ဆိုင်ကယ်အစီး ၂၀ ခန့်မှ ခေါ်ဆောင်သွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေခဲ့ရာ နံနက် ၃ နာရီ မိနစ်၂၀ ခန့်တွင် ဆားကျင်းသုသာန်အနီး လမ်းဘေး၌ ဆိုင်ကယ်တစ်စီးနှင့်အတူ ရဲတပ်သား သိန်းထွန်းနှင့် ရဲတပ်သား သန်းစိုးအောင်တို့ နှစ်ဦးမှာ ဦးခေါင်းနောက်စေ့၊ လည်ပင်း၊ မျက်လုံးဘေး ပြတ်ရှဒဏ်ရာများ၊ ရင်ဘတ်/ဝမ်းဗိုက် ထိုးသွင်းဒဏ်ရာများဖြင့် သတ်ဖြတ်ခံထားရသည်ကို တွေ့ရှိခဲ့ရသဖြင့် မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ရဲတပ်ဖွဲ့ဝင် နှစ်ဦး အကြမ်းဖက်ဖမ်းဆီး သတ်ဖြတ်ခံရမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဆက်လက်စုံစမ်းရာ ဝေမိုးနိုင်(၂၆)နှစ် (ဘ)ဦးကိုကိုနိုင်၊ ဗမာ/ဗုဒ္ဓ၊ မုံရွာ တက္ကသိုလ်ကျောင်းသားသမဂ္ဂ (ဥက္ကဋ္ဌဟောင်း) ဆူးလေကုန်းရပ်ကွက် မုံရွာမြို့နေသူနှင့် တရုတ်ကြီး (စိစစ်ဆဲ)တို့ နှစ်ဦး ဦးဆောင် သော အကြမ်းဖက် အဖွဲ့က ရဲတပ်ဖွဲ့ဝင် နှစ်ဦးကို ရက်စက်စွာ




ထွက်ပြေးတိမ်းရှောင်လျက်ရှိသော တရားခံ ဝေမိုးနိုင်။

သတ်ဖြတ် ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသော တရားခံ ဝေမိုးနိုင်၊ တရုတ်ကြီးတို့နှစ်ဦးနှင့် အကြမ်းဖက်ဖမ်းဆီး သတ်ဖြတ်မှုတွင် ပူးပေါင်းပါဝင်ပတ်သက်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး အမှုဖွင့်လှစ်ထားရှိပြီး စုံစမ်းဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကွန်ဟိန်းမြို့နယ်၌ လယ်မြေဧက ၃၀၀ ကိုအကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှု ၉၅ ရာခိုင်နှုန်းပြီးစီး

**ကွန်ဟိန်း မတ် ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ် ဝမ်ပန်ကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ လယ်ယာမြေဧက ၃၀၀ ခန့်မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိစေရေး ရည်ရွယ်လျက် ကျေးလက်ကုန်ထုတ်လမ်းတစ်လမ်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောက်လုပ်ပေးလျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဝမ်ပန်ကျေးရွာ ကုန်ထုတ်လမ်းသည် အရှည် သုံးမိုင်၊ အကျယ် ၁၈ ပေရှိပြီး ဖြုန်းကျောက် ခြောက်လက်မထုခင်းခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၇၃ ဒသမ ၇၉ သန်းဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီက ၂၀၂၀ ဒီဇင်ဘာလ အတွင်းက စတင်ဆောင်ရွက်ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်ဆူးက ပြောသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို လွိုင်လင်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးမင်းသန့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက မတ် ၂၆ ရက်တွင် လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေးအတွက် အလေးထားဆောင်ရွက်ကြရန် ခရိုင်ဦးစီးမှူးက ဆွေးနွေးမှာကြားကြောင်း သိရသည်။

**ငြိမ်းသူ**

# ပဲခွယ်ကုန်းမြို့ သတိပဋ္ဌာန်လမ်း၌ ဆူပူအကြမ်းဖက်သူများက လမ်းများပိတ်ဆို့မှုကို လူစုခွဲရာမှ လက်နက်ကိုင်ဆောင်ထားသူများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲခွယ်ကုန်းမြို့ သတိပဋ္ဌာန်ရပ်ကွက် သတိပဋ္ဌာန်လမ်း၌ ယနေ့ နံနက် ၆ နာရီခွဲခန့်တွင် ဆူပူအကြမ်းဖက်သူ အင်အား ၈၀ ခန့်သည် ဆိုင်ကယ်အစီး ၄၀ ခန့်ဖြင့် လမ်းကို ပိတ်ဆို့၍ အများပြည်သူသွားလာရေးကို နှောင့်ယှက်ခြင်း၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးပျက်ပြားအောင် ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ ဖြေလျှော့ရေးလုပ်ငန်းစဉ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့သော်လည်း ဆူပူအကြမ်းဖက်သူများအနက်မှ ဆိုင်ကယ်စီးနင်းလျက်ရှိသည့် အမျိုးသားနှစ်ဦးသည် သိုဝှက်၍ ယူဆောင်လာသော ခြောက်လုံးပြူးသေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးရန် ပြုလုပ်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီတားဆီးထိန်းသိမ်းခဲ့ရာ ဆိုင်ကယ်တိမ်းမှောက်သွားခဲ့ပြီး ကျော်ကျော်သက် အသက် (၄၂ နှစ်) (ဘ) ဦးအောင်မြင့်၊ ဖိုးကျော်(ဘ) (စိစစ်ဆဲ)အသက် (၄၃ နှစ်)တို့နှစ်ဦးအား ခြောက်လုံးပြူး တစ်လက်၊ ၎င်းကျည်ခြောက်တောင့်တို့နှင့် အတူ ဖမ်းဆီးထိန်းသိမ်းခဲ့ရပြီး ထိုသို့ ဖမ်းဆီးထိန်းသိမ်းမှုနှင့် ဆိုင်ကယ်တိမ်းမှောက်မှုများကြောင့် ကျော်ကျော်သက်နှင့် ဖိုးကျော်တို့နှစ်ဦးတွင်ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် ကျောက်တံခါး ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရှိပြီး ကျောက်တံခါး ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးခဲ့သော်လည်း ကျော်ကျော်သက်သည် ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် ဦးခေါင်းတွင် ရရှိဒဏ်ရာတို့ဖြင့် နံနက် ၇ နာရီခန့်တွင် သေဆုံးသွားခဲ့ကြောင်းနှင့် သေဆုံးမှုနှင့် ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်း ရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်တိုက်ခိုက်သည့် အမျိုးသားနှစ်ဦး လက်ပစ်ဗုံးနှစ်လုံးနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၇**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် တာမွေမြို့နယ်အတွင်း၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းယာဉ်များဖြင့် လှည့်ကင်းဆောင်ရွက်နေစဉ် မလွှကုန်းဋ္ဌေးကြွယ် (က)ရပ်ကွက် မနော်ဟရီလမ်းအရောက်၌ မသင်္ကာဖွယ်တွေ့ရှိသည့် ယာဉ်အမှတ် YGN 7F-8709 Toyota Flactis အဖြူရောင်ယာဉ်ကို စစ်ဆေးရန် တားဆီးစဉ် ယာဉ်ပေါ်ပါသူများထဲမှ တစ်ဦးက လက်ပစ်ဗုံးဟု ယူဆရသော ဗုံးတစ်လုံးဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ပစ်ခတ်ခဲ့ပြီး ယာဉ်ပေါ်မှဆင်းကာ ထွက်ပြေးသွားခဲ့သဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ကျော်သူမြင့်နှင့် ခင်မောင်ကျော်တို့ နှစ်ဦးအား ဗုံးနှစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အနီးရှိတိုက်ပေါ်သို့ တက်ပြေးသွားသည့် ကျန်အမျိုးသား တစ်ဦးသည် တိုက်လှေကားထိပ်အရောက်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ရန်ပြုလုပ်စဉ် ၎င်း၏လက်အတွင်း ပေါက်ကွဲသွားသဖြင့် နေရာတွင် သေဆုံးသွားခဲ့သည်။



ခင်မောင်ကျော်



ကျော်သူမြင့်

လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ပေါက်ခဲ့သော မပေါက်ကွဲဘဲ ကျန်ရှိသည့် လက်ပစ်ဗုံးတစ်လုံးကို စစ်မြေပြင်အင်ဂျင်နီယာ တပ်ဖွဲ့ဝင်များက ပြည်သူလူထု အန္တရာယ်ကင်းရှင်းအောင် စနစ်တကျ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်းနှင့် ဖမ်းဆီးရမိ တရားခံများနှင့် အကြမ်းဖက်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင် ပတ်သက်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်ရန်ပြုတိုက်ခိုက်၍ တပ်ဖွဲ့ဝင်တစ်ဦးကျဆုံး၊ သုံးဦးဒဏ်ရာရရှိ

**နေပြည်တော် မတ် ၂၇**

မြောက်ဒဂုံမြို့နယ် (၃၀)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ အတားအဆီးများကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှင်းလင်းဖယ်ရှားစဉ် အတားအဆီးများအတွင်းမှ တိုက်မိုင်းဟုယူဆရသော မိုင်းသုံးလုံး ပေါက်ကွဲခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ၍ ကျဆုံးခဲ့သည်။

အလားတူ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ဗိုလ်ချုပ် ၁၁ လမ်းတွင် ဆူပူအကြမ်းဖက်သူလူအုပ်စုက လေးခွ၊ မီးကွင်း၊ ဂျင်ကလိများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ရန်ပြုခဲ့သဖြင့် လိုက်လံလူစုခွဲစဉ် အမှတ်(၁/ခ)နေအိမ်ရှေ့အရောက် ဆန္ဒပြလူတစ်စုက တုတ်၊ ဓားများဖြင့် ပြန်လည်ရန်ပြုတိုက်ခိုက်သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေးအတွက် အမှတ်(၂) တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်မှုပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်တွင် အေးချမ်းစွာနေထိုင်သည့် ပြည်သူတစ်ဦးကို ဆူပူ၊ အကြမ်းဖက်သူလူတစ်စုက ဝိုင်းဝန်းရိုက်နှက်

**နေပြည်တော် မတ် ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပေါင်းလောင်း(၁) ရပ် ၁၀ လမ်းတွင် နေထိုင်သည့် ရာအိမ်မှူးဖြစ်သူ ဦးဟန်ထွန်းနိုင်(ဘ)ဦးဝင်းနိုင်အား မတ် ၂၃ ရက် ည ၁၀ နာရီခန့်တွင် ဆူပူအကြမ်းဖက်သူလူတစ်စုက ဝိုင်းဝန်းရိုက်နှက်ခဲ့မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဦးဟန်ထွန်းနိုင်သည် တစ်ရပ်ကွက်တည်းနေ ဦးသိန်းဝင်း၏ နေအိမ်သို့ မတ် ၂၃ ရက် ည ၉ နာရီခန့်က ၁၀ လမ်းအတိုင်း သွားရောက်ခဲ့ပြီး ၎င်း၏နေအိမ်သို့ ပြန်လာစဉ် ၁၀ လမ်းနှင့် စကားဝါလမ်းထောင့်အရောက်တွင် အကြမ်းဖက်သူ ၂၀ ခန့်က ဆိုင်ကယ် ၁၀ စီးဖြင့် ရောက်ရှိလာကာ ၎င်းအား ၉ လမ်းနှင့် ဈေးဘက်သို့ ခေါ်ဆောင်သွားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတင်းပေးဟုပြောဆို၍ ဝိုင်းဝန်းရိုက်နှက်ခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းခဲ့ရာ ဦးဟန်ထွန်းနိုင်တွင် ဝဲ/ယာဘက် နားရွက်ပြတ်ရှဒဏ်ရာ၊ ယာဘက်ပခုံးဖူးရောင်ဒဏ်ရာ၊ ကျောကုန်းပွန်းပဲ့ဒဏ်ရာများရရှိခဲ့သဖြင့် ည ၁၀ နာရီခွဲတွင် နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် ဦးဆောင်သူများနှင့် ပါဝင်ပတ်သက်သူများကို အမြန်ဆုံးဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ မတ် ၂၄ ရက် နံနက် ၁ နာရီခန့်တွင် အားမာန်သစ် ကားဝပ်ရှော့တွင် ပုန်းခိုနေသည့် ရန်နိုင်စိုး (ဘ) ဦးကျော်ဆန်းဦးနှင့် ဆန်းမင်း(ဘ)ဦးစိုးတို့အား ဖမ်းဆီးရမိခဲ့ပြီး တရားဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရန်နိုင်စိုး



ဆန်းမင်း

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ငမိုးရိပ်ကြိုးတံတား၌ အတားအဆီးများပြုလုပ်မီးရှို့လျက်ရှိသော ဆူပူအကြမ်းဖက်သူများကို ဖြိုခွဲထိန်းသိမ်း

**နေပြည်တော် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ငမိုးရိပ်ကြိုးတံတား၌မတ် ၂၆ရက်ည၉ နာရီခွဲခန့်တွင်ဆူပူအကြမ်းဖက်သူများက အတားအဆီးများပြုလုပ်၍ တာယာကွင်းများ မီးရှို့လျက်ရှိကြောင်း သိရှိရသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းမီးငြိမ်းသတ်လျက်ရှိစဉ် အကြမ်းဖက်သူ ၂၀ ခန့်က ဂျင်ကလိ၊ မီးပုလင်း၊ လေးခွတို့ဖြင့် အန္တရာယ်ပြု ပစ်ခတ်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ပြန်လည်ပစ်ခတ်၍ လူစုအားဖြိုခွဲထိန်းသိမ်းခဲ့သည်။

အဆိုပါ အကြမ်းဖက်ပြုလုပ်ခဲ့သည့် နေရာပတ်ဝန်းကျင်ကို အသေးစိတ်စစ်ဆေးခဲ့ရာ ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးလျက်ရှိသည့် အမျိုးသားနှစ်ဦးကို တွေ့ရှိခဲ့ရပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မတ် ၂၇ ရက်သည် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုအများဆုံးနေ့တစ်နေ့အဖြစ် စံချိန်တင်

ဒါကာ မတ် ၂၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လွန်ခဲ့သောနှစ် ဒီဇင်ဘာလမှစကာ နေ့စဉ် ကိုဗစ်-၁၉ သေဆုံးမှုဖြစ်စဉ်များအနက် မတ် ၂၇ ရက်သည် ကိုဗစ်-၁၉ ကြောင့်သေဆုံးမှုအများဆုံးနေ့တစ်နေ့အဖြစ် စံချိန်တင်ခဲ့သည်။

ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံး၏ သတင်းဖော်ပြချက်အရ မတ် ၂၇ ရက်တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၉ ဦးရှိလာခဲ့ကြောင်းနှင့် အဆိုပါပမာဏသည် ဒီဇင်ဘာ ၁၅ ရက်မှစကာ နေ့စဉ် ကိုဗစ်-၁၉ သေဆုံးမှုအများဆုံးနေ့တစ်နေ့အဖြစ် စံချိန်တင်ခဲ့သည်။ အလားတူကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၆၇၄ ဦးတိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ၅၉၁၈၀၆ ဦးရှိလာခဲ့သလို သေဆုံးသူပေါင်းမှာလည်း ၈၈၆၉ ဦးအထိတိုးလာခဲ့သည်။

မတ် ၂၆ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၂၄၆၆၄ ခုကို ပြုလုပ်ခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၅၃၃၉၂၂ ဦး ရှိလာခဲ့သည်။

တရားဝင်သတင်းအချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ သေဆုံးမှုနှုန်းသည် ၁ ဒသမ ၅၀ ရာခိုင်နှုန်းရှိပြီး ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသည့်နှုန်းသည် ၉၀ ဒသမ ၂၂ ရာခိုင်နှုန်း ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇူလိုင် ၂ ရက်က ကိုဗစ်-၁၉ ကူးစက်မှု ၄၀၁၉ ဦးဖြင့် အမြင့်ဆုံး စံချိန်တင် ကူးစက်ဖြစ်ပွားခဲ့သလို ဇွန် ၃၀ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၆၄ ဦးဖြင့် အမြင့်ဆုံး စံချိန်တင်ခဲ့သည်။

ဆင်ဟွာ



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာတွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူတစ်ဦးကို မြေမြှုပ်သင်္ဂြိုဟ်ရန် သယ်ဆောင်လာသည်ကို တွေ့ရစဉ်။




ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်နေသည့်အတွက် ကျေးရွာတစ်ရွာရှိ လမ်းတစ်ခုပေါ်တွင် ကိုဗစ်-၁၉ တားဆီး ကာကွယ်မှုပြုလုပ်တားသည့် အတားအဆီးများကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမြင့်တက်လာသောကြောင့် မြို့တော်မနီလာနှင့် အနီးဝန်းကျင်ဒေသများကို တင်းကျပ်သည့် လူထုသီးသန့်ခွဲခြားစောင့်ကြည့်မှုများ ပြုလုပ်မည်

မနီလာ မတ် ၂၇

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက် မြင့်တက်လာသောကြောင့် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာဒေးက မြို့တော်မနီလာနှင့် အနီးဝန်းကျင်ဒေသများတွင် တင်းကျပ်သည့် လူထုသီးသန့်ခွဲခြားစောင့်ကြည့်စစ်ဆေးမှုများကို ပြန်လည်ကျင့်သုံးရန် သဘောတူခဲ့သည်။

မတ် ၂၇ ရက်တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်တွင် သမ္မတပြောရေးဆိုခွင့်ရှိသူ ဟာရီရိုက မြို့တော်မနီလာနှင့် အိမ်နီးချင်း ဘူလကန်၊ ကာဗိုက်၊ လာဂူနာ၊ ရီဇယ်တို့တွင် လူထုသီးသန့်ခွဲခြား စောင့်ကြည့်စစ်ဆေးမှုများကို မတ် ၂၉ ရက်မှစကာ ဧပြီ ၄ ရက်အထိပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

သီတင်းပတ်တစ်ပတ်ကြာ လူထုသီးသန့်ခွဲခြားစောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း အစိုးရသည် လူထုသွားလာလှုပ်ရှားမှု ကန့်သတ်ခြင်းကို အဆိုပါဒေသများတွင် ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ဟာရီရိုက ပြောကြားလိုက်သည်။

ထို့အပြင် အစိုးရအနေဖြင့် တစ်အိမ်တက်ဆင်း ကိုဗစ်-၁၉ သံသယရှိသူများ ရှာဖွေခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်သလို လူထုသီးသန့်ခွဲခြားစောင့်ကြည့်စစ်ဆေးမှုများထိရောက်စေရန်လည်း သက်ဆိုင်ရာပုဂ္ဂိုလ်များဖြင့် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် အဆိုပါဒေသများတွင် ည ၆ နာရီမှ နံနက် ၅ နာရီအထိ ၁၁ နာရီကြာ ညမထွက်ရအမိန့်ကိုလည်း ထုတ်ပြန်သွားမည်ဖြစ်သည်။ ညမထွက်ရအမိန့် ထုတ်ပြန်ထားချိန်အတွင်း အရေးကြီးသည့်အလုပ်သမားများ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးများ၊ ကုန်စည်ပို့ဆောင်မှုများကို ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် အစိုးရအနေဖြင့် တင်းကျပ်သည့်လူထု သီးသန့်ခွဲခြားစောင့်ကြည့်စစ်ဆေးမှုဆိုင်ရာ အခြေအနေများကို ဖယ်ရှားရန် လို၊ မလို ခုနစ်ရက်အတွင်းလှုပ်ရှားဆောင်ရွက်မှုများကို အကဲဖြတ်သုံးသပ်သွားမည်ဖြစ်သည်။

ဆင်ဟွာ

# ကျူးဘားတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၀၀၀၀ ကျော်ထိ ရောက်ရှိလာ

ဟာဗာနာ မတ် ၂၇

ကျူးဘားတွင် မတ် ၂၆ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၃၂ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၇၀၆၃၄ ဦး ရှိလာခဲ့သည်။ ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ငါးဦးထပ်မံ သေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၁၃ ဦးရှိလာခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။



ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားသည့် အမျိုးသမီးတစ်ဦး ကျူးဘားနိုင်ငံ မြို့တော် ဟာဗာနာတွင် လမ်းလျှောက်နေသည်ကို တွေ့ရစဉ်။

ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကူးစက်မှုဆိုင်ရာညွှန်ကြားရေးမှူး ဖရန်စစ်စကိုဒူရန်က နေ့စဉ်ထုတ်လွှင့်ချက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၀၅ ဦး ရှိကြောင်း အတည်ပြုဖော်ပြခဲ့သည်။ အဆိုပါပမာဏသည် လက်တင်အမေရိကနိုင်ငံတစ်နိုင်ငံတွင် ကူးစက်မှုအမြင့်ဆုံး ဖြစ်ကြောင်း သိရသည်။

ယခု အတည်ပြုခဲ့သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပမာဏ သည် ကိုဗစ်-၁၉ စတင်ဖြစ်ပွားရာ ဟာဗာနာတွင် လွန်ခဲ့သောရက်က စမ်းသပ်တွေ့ရှိခဲ့သော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပမာဏထက် ထက်ဝက်ကျော်ရှိကြောင်း ၎င်းက ပြောကြားလိုက်သည်။

ဟာဗာနာတွင် သက်ဆိုင်ရာ အာဏာပိုင်များက ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များကို ဆောင်ရွက်လျက် ရှိကြောင်း၊ အဆိုပါကန့်သတ်ချက်ထဲတွင် ည ၉ နာရီမှ နံနက် ၅ နာရီအထိ လှုပ်ရှား ဆောင်ရွက်မှုများကို ကန့်သတ်ခြင်း၊ နှာခေါင်းစည်း မတပ်ဆင်သူများကို ဒဏ်ရိုက်ခြင်း၊ နှာခေါင်းစည်း မမှန်မကန် ဝတ်ဆင်သူများ ကိုလည်း ဒဏ်ရိုက်ခြင်းများပါဝင်ကြောင်း သိရသည်။

ဇန်နဝါရီလမှစကာ ကျူးဘားနိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်မှုလှိုင်းဂယက်များကို ရင်ဆိုင်နေရကြောင်း သိရသည်။

ဆင်ဟွာ

# အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း လေးသန်းကျော်အထိ ရောက်ရှိလာ

အဒစ္စအာဘာဘာ မတ် ၂၇

အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် မတ် ၂၇ ရက်နေ့လယ်အထိ ၄၁၆၆၅၅ ဦး ရှိလာခဲ့ကြောင်း ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးဆိုင်ရာ အာဖရိကစင်တာ (အာဖရိကစီဒီစီ)က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။ အာဖရိကသမဂ္ဂ၏ ကျန်းမာရေးအေဂျင်စီဖြစ်သော အာဖရိက စီဒီစီက ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းသည် ၁၁၁၅၄၀ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူပေါင်းသည် ၃၇၃၄၆၄၁ ဦးရှိလာကြောင်း ဖော်ပြခဲ့သည်။

## ကူးစက်မှုအမြင့်ဆုံးဖြစ်ပွား

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်၊ အီသီယိုးပီးယားတို့သည် ကိုဗစ်-၁၉ ကူးစက်မှုအမြင့်ဆုံးဖြစ်ပွားနေသော အာဖရိကနိုင်ငံများဖြစ်ကြောင်း အာဖရိက စီဒီစီက ဖော်ပြထားသည်။

## ဆက်လက်ဖော်ပြထား

အာဖရိကတွင် ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၃၉ ဒသမ ၈ သန်းကျော်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း အာဖရိကစီဒီစီတွင် ဆက်လက်ဖော်ပြထားသည်။

ဆင်ဟွာ

## ရွှေတိဂုံစေတီတော် (၂၆၀၉) နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပိတ်ပွဲ (အောင်ပွဲ) အခမ်းအနားကျင်းပ



ရန်ကုန် မတ် ၂၇

ရွှေတိဂုံစေတီတော် (၂၆၀၉) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပိတ်ပွဲ (အောင်ပွဲ) အခမ်းအနားကို ယနေ့ နံနက် ၆ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာနနာယက တိပိဋကရေ တိပိဋက ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ (ဝဲပုံ)

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဗဟန်းမြို့နယ် ညောင်တုန်း ပါဠိ တက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဝရာဘိဝံသ ထံမှ အနုမောဒနာတရား နာကြားပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**သတင်းနှင့်ဓာတ်ပုံ**
**လင်းလတ်ဇော်**

---

# CDM လှုပ်ရှားမှု နောက်ကွယ်က အဖျက်အမှောင့်လုပ်ရပ်တွေ မှန်သမျှက ပြည်သူတွေကိုပဲ အဓိက ထိခိုက်မှုဖြစ်စေခဲ့တာ

**ဦးမန်းရွှေလေး**

## အင်တာဗျူး-မြင့်မိုရ်

CDM ( Civil Disobedience Movement) လှုပ်ရှားမှုသည် ပြည်သူအများ လိုလားတောင့်တသော ဒီမိုကရေစီလမ်းစဉ်နှင့် မညီသည့် အဖျက်အမှောင့် လုပ်ရပ်များကိုသာ ဦးတည်နေသည်။ CDM လှုပ်ရှားမှုကို အကြောင်းပြုကာ ပြည်သူအများ သွားလာနေသော လမ်းမများပေါ်တွင် အမျိုးမျိုးအဖုံဖုံ ပိတ်ပင်တားဆီးမှုများ လုပ်ဆောင်နေခြင်း၊ ရုံးတက်နေသော ဝန်ထမ်းများအား အနှောင့်အယှက်ပေးနေခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာခဲ့ကြသည်။ ယင်း အဖျက်အမှောင့် လုပ်ရပ်များနှင့် ပတ်သက်၍ လတ်တလော ကြုံတွေ့ခံစားနေရသည့် စက်ရုံဝန်းကျင် ဝန်ထမ်း ပြည်သူများ၏ ရင်တွင်းစကားသံများကို ပြန်လည်မျှဝေ ရေးသားဖော်ပြလိုက်ပါသည်။

“ကျွန်တော်လုပ်တဲ့ စက်ရုံက မတ် ၁၄ ရက်မှာ မီးလောင်မှုဖြစ်ပွားခဲ့တယ်။ စက်ရုံအနေနဲ့ကတော့ လောလောဆယ် ဘာဆက်လုပ်မယ်မသိသေးဘူး။ စက်ရုံမီးလောင်မှု မဖြစ်ပွားခင် အရင်နေ့က စက်ရုံဘေးလမ်းကို CDM လှုပ်ရှားမှုအဖွဲ့တွေ ရောက်လာပြီး အော်သွားကြတာ။ နောက်နေ့ကျတော့လည်း အဲဒီလိုပဲ CDM လှုပ်ရှားမှုရယ်လို့ ဆူပူဆန္ဒပြကြမယ်ပဲထင်ခဲ့တာ။ စက်ရုံအနီးလည်း ရောက်ရော ခဏအတွင်းမှာပဲ အသင့်ယူလာကြတဲ့ မီးကွင်းတွေ၊ ဓာတ်ဆီပုလင်းတွေနဲ့ စက်ရုံထဲ တရစပ် ပစ်တော့တာပဲ။ စက်ရုံကို မီးဘယ်ကစလောင်မှန်းတောင် ကျွန်တော်မသိလိုက်ဘူး။

စက်ရုံကတော့ ဘယ်လိုလုပ်မလဲ မသိသေးဘူး။ သူဋ္ဌေးကလည်း အခုဒီမှာမရှိဘူးဖြစ်နေတယ်။ စက်ရုံ ဆက်လည်ပတ်မယ်၊ မလည်ပတ်ဘူးဆိုတာလည်း ကျွန်တော့်အနေနဲ့ ပြောရခက်တယ်။ ဝန်ထမ်းအချို့ဆို စက်ရုံအခြေအနေ လှမ်းပြီး မေးကြတာရှိတယ်။ ဖုန်းဆက်ပြီး အလုပ်အခြေအနေကို လှမ်းမေးကြတာပါ။ ဘာပဲဖြစ်ဖြစ် ကိုယ်ချင်းစာပါတယ်။ အားလုံးရဲ့ စားဝတ်နေရေးက ဒီစက်ရုံအပေါ်မှာ မူတည်နေတာကို။ အခုလို အခြေအနေတွေ ဖြစ်သွားတာက လက်ရှိ အုပ်ချုပ်နေတဲ့ သူတွေနဲ့ စက်ရုံပိုင်ရှင်တွေကို တကယ်တော့ ကြီးကြီးမားမား ထိခိုက်မှုမရှိဘူး။ တကယ်တမ်း အတိဒုက္ခရောက်ကြရတာက ကျွန်တော်တို့လို ဒီစက်ရုံကို မှီခိုနေတဲ့ ပြည်သူထဲက အခြေခံလူတန်းစား ပြည်သူတွေပဲ။ ပြောချင်တာက အခုလို စက်ရုံတွေ မီးလိုက်ရှို့ကြတော့ရော သူတို့ မျှော်မှန်းထားတဲ့ ရရှိမယ့်အကျိုးထက် ပြည်သူကို ထိခိုက်တဲ့ ဆိုးကျိုးက ပိုများနေတာကို သိသင့်ပါတယ်။ ဒီစက်ရုံ ပြန်လည်ပတ်မှုမရှိတော့ဘူးဆိုရင် သေချာတာက ဝန်ထမ်းတစ်ထောင်ကျော်လောက် ဒီစက်ရုံကို မှီခိုအသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ အလုပ်သမားတွေ အလုပ်လက်မဲ့ ဖြစ်ကုန်ကြတော့မယ်။ အဲဒါတွေကို ဘယ်သူတာဝန်ယူမလဲ၊ နိုင်ငံတည်ငြိမ်မှု မရှိအောင်၊ ဆူပူရမ်းကားမှုဖြစ်အောင် လုပ်နေတဲ့ နောက်ကွယ်က ကြိုးကိုင်သူတွေမှာ အဓိက တာဝန်ရှိတယ်လို့ ကျွန်တော်ကတော့ ပြောချင်တယ်။ တကယ်တော့ ဒီ CDM လှုပ်ရှားမှု နောက်ကွယ်က အဖျက်အမှောင့်လုပ်ရပ်တွေ မှန်သမျှက ပြည်သူတွေကိုပဲ အဓိက ထိခိုက်မှုဖြစ်စေခဲ့တာ”ဟု ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန် အထည်ချုပ်စက်ရုံတစ်ရုံတွင် တာဝန်ထမ်းဆောင်နေသော ဦးမန်းရွှေလေး (အမည်လွှဲ) က အထည်ချုပ်စက်ရုံ မီးရှို့ခံရမှု နှင့် ပတ်သက်၍ တွေ့ကြုံခဲ့သမျှကို ပြောသည်။

**ဝန်ထမ်းတစ်ထောင်ကျော်လောက် ဒီစက်ရုံကို မှီခိုအသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ အလုပ်သမားတွေ အလုပ်လက်မဲ့ ဖြစ်ကုန်ကြတော့မယ်။ အဲဒါတွေကို ဘယ်သူတာဝန်ယူမလဲ၊ နိုင်ငံတည်ငြိမ်မှု မရှိအောင်၊ ဆူပူရမ်းကားမှုဖြစ်အောင် လုပ်နေတဲ့ နောက်ကွယ်က ကြိုးကိုင်သူတွေမှာ အဓိက တာဝန်ရှိတယ်လို့ ကျွန်တော်ကတော့ ပြောချင်တယ်**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာစက်မှုဇုန်အတွင်းရှိ ပြည်ပအထည်ချုပ်စက်ရုံတစ်ရုံတွင် မကွေးတိုင်းဒေသကြီးမှ အထည်ချုပ်ဝန်ထမ်းအဖြစ် လာရောက်လုပ်ကိုင်နေသော မသင်းသင်းမွေး (အမည်လွှဲ)က “အခုရက်ပိုင်းအတွင်း ကျွန်မ စက်ရုံအလုပ်မဆင်းရတာ တစ်ပတ်ကျော်ရှိသွားပြီ။ ပြီးခဲ့တဲ့ မတ်လ ၁၅ ရက်က ကျွန်မတို့ အထည်ချုပ်စက်ရုံ မီးလောင်မှုဖြစ်ခဲ့တာ။ ကျွန်မ အလုပ်လုပ်တဲ့ စက်ရုံသူဋ္ဌေးက ပြည်တွင်းကတော့မဟုတ်ဘူး။ မြန်မာနိုင်ငံကို ဒီစက်ရုံ လာဖွင့်တာ လေးငါးနှစ်လောက်တော့ ရှိမယ်ထင်တယ်။ ဖေဖော်ဝါရီလဆန်းပိုင်း CDM လှုပ်ရှားမှုတွေစတော့ သူငယ်ချင်းနဲ့တောင် ပြောဖြစ်သေးတယ်။ ငါတို့စက်ရုံတွေတော့ မပိတ်လောက်ပါဘူးပေါ့။ အခုတော့ အပြင်အလုပ်ရှာရင် ကောင်းမလား၊ နယ်ပဲ ပြန်ရရင် ကောင်းမလား ဘာလုပ်ရမှန်း မသိဖြစ်နေပြီ။ နယ်ပြန်တော့လည်း အလုပ်မရှိဘူးလေ။ အခုရက်ပိုင်းတော့ အရင်လောက်ကြီး မဆိုးတော့ဘူး ဆိုပေမယ့် သိပ်မအေးချမ်းသေးဘူး။ ဒီနိုင်ငံရေးမငြိမ်မသက်မှုတွေကို အေးအေးချမ်းချမ်းနဲ့ပဲ အမြန်ဆုံး ပြီးဆုံးသွားစေချင်ပါပြီ။

“အစ်မနဲ့ အမေတို့ကတော့ မိဘတွေဆိုတော့ စိတ်ပူတယ်ထင်ပါတယ်။ နေ့တိုင်းပဲ ဖုန်းဆက်နေကြတာ။ အခုချိန်မှာက နယ်လည်း အလုပ်အကိုင်အခွင့်အလမ်း ကောင်းတာမဟုတ်ဘူးလေ။ ဒီမှာပဲ ကောင်းမွန်ပြီး သင့်တော်တဲ့ အလုပ်ကလေး လိုက်ရှာမယ်လို့ စိတ်ကူးထားတာ။ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလတုန်းကဆို စက်ရုံတွေက ဘယ်ရက်စပိတ်ပြီး ဘယ်ရက်လောက်ဆို ပြန်ဖွင့်မယ်လို့ မျှော်လင့်လို့ရသေးတယ်။ အခုလို စက်ရုံမီးလောင်တဲ့အထဲပါသွားတော့ ဘာကို ဘယ်လို မျှော်လင့်ရမယ်မှန်းကို မသိတော့ပါဘူး။ ။

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၇**

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေသတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက်တွင် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် အမှတ် (၉/၂၆၉)၌ မြင့်မြတ်ထူးအောင်(ခ)ဟာဆန်း (ဘ) ဦးအောင်ဝင်းအား ဓားတစ်ချောင်း၊ သံပိုက် ၁၆ လုံး၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ မအူပင်မြို့နယ် ပံတပွတ်ကျေးရွာအုပ်စု မရမ်းကွေ့ကျေးရွာ အနောက်ဘက်ခြမ်းရှိ လယ်ကွင်းအစပ်မှ လက်လုပ်သေနတ် လေးလက်အား လည်းကောင်း၊ ဒေးဒရဲမြို့ အမှတ်(၂)ရပ်ကွက် ပြည်တော်သာလမ်း အိမ်အမှတ် (မ-၉၃)၌ ဝေယံဦး(ခ)ဝေယံ(ဘ) ဦးသန်းလွင်ဦးနှင့် မဆုမြတ်(ဘ) ဦးမြင့်သိန်းတို့ နှစ်ဦးအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက် မီးရထားဘူတာရှေ့၌ ဆူပူအကြမ်းဖက်သူများကို ဖြိုခွင်းစဉ် ဒိုင်းကာ ၃၀ ၊ ဂျင်ကလိ ၂၂၁ ချောင်း၊ လက်လုပ်သေနတ် နှစ်လက်၊ လက်လုပ်မိုင်းမျိုးစုံ ၁၀၁ ခု၊ ဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ မြဝတီမြို့ အမှတ်(၅) ရပ်ကွက် မြို့ပတ်(၁)လမ်း၌ ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖြိုခွဲစဉ် အောင်ကိုလတ်(ဘ)ဦးသိန်းမြင့် အပါအဝင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး နှစ်ဦးတို့ကို ဓားနှစ်လက်၊ ဘောလုံးဖြောက်အိုး ၁၀၀ ၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ တောင်ကြီးမြို့၌ ဆူပူအကြမ်းဖက်မှုတွင် ဖမ်းဆီးရမိသူများအနက်မှ ထက်အောင်လင်း(ဘ)ဦးဖိုးနိုင်ဦး၏ ထွက်ဆိုချက်အရ ဖရဲငွေ တောင်လမ်း အမှတ်(ဖတ/၁၅၇)၌ လေသေနတ် နှစ်လက်၊ ဓား နှစ်ချောင်း၊ ဒူးလေး တစ်လက်၊ အသံမိုင်း သုံးလုံးတို့ကိုလည်း ကောင်း၊ ကျောင်းကြီးစုရပ်ကွက်



ဝါးပြားတောင် နယ်မြေ(၇) စံပယ်လမ်း အမှတ်(မ/၃၇၇)၌ မြင့်မြတ်အောင် (ဘ) ဦးစိုးနိုင်ကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ ဆီဆိုင်မြို့နေသူ ဒေါ်ခင်ငြိမ်းအေး (ဘ)ဦးစိုင်းအား ၎င်း၏ နေအိမ်၌ လက်လုပ်သေနတ် တစ်လက်၊ အခြားဆက်စပ် ပစ္စည်းများနှင့် လည်းကောင်း၊ တာချီ လိတ်မြို့ ရှမ်းရိုးမကွင်းအနီး Golden Cherry Hotel ရှေ့၌ ဆူပူအကြမ်းဖက်သူ ၂၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖြိုခွဲထိန်းသိမ်းစဉ် ၎င်းတို့အနက်မှ အောင်ချမ်းဦး (ဘ) ဦးထွန်းဝေ၊ ခန့်ညီညီအောင် (ဘ) ဦးအောင်ဝင်း၊ မဝင်းသူဇာ (ဘ) ဦးဝင်းရွှေနှင့် စွမ်းရည်ထူး(ဘ) ဦးမြင့်အောင်တို့ လေးဦးကို လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ဗုံး လေးလုံး၊ အခြား ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ဆန်ဆိုင်း (က) ရပ်ကွက်၊ ဝမ်မိုင်ရပ်ရှိ ခြံဝင်းအဟောင်းအတွင်း၌ လက်လုပ်မိုင်း တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ ကလေးမြို့အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အောင်ဇေယျရပ်ကွက်အတွင်း လမ်းအတိုင်းမောင်းနှင်လာသည့် မသင်္ကာဖွယ် ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ မျိုးသက်ကျော်(ဘ) ဦးအောင်ဝင်းရှိန်ကို ၎င်းဆိုင်ကယ် တူးဘောက်အတွင်းမှ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ စစ်ကိုင်းမြို့နယ် လက်ပန်ကျေးရွာရှိ NLD ပါတီ ရပ်/ကျေးဥက္ကဋ္ဌ အောင်နိုင်(ခ) အောင်နိုင်ဦး (ဘ) ဦးစက်ငွေး နေအိမ်၌ လက်လုပ်သေနတ် ခုနစ်လက်၊ သံချောင်းမျိုးစုံ ၆၀ နှင့် အခြားဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ဟားခါးမြို့ ပြည်တော်သာရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ နာရီစင်လမ်းဆုံ၌ ဦးကျဲအိုနှင်းတန်(ဘ)ဦးနော်မန်း မောင်းနှင်လာသည့် ယာဉ်အမှတ်၊ YGN 2G/---- PRADO အမျိုးအစား မော်တော်ယာဉ်ပေါ်မှ မြား ၁၂ ချောင်း၊ ဓားမျိုးစုံ လေးချောင်း၊ အခြားဆက်စပ် ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီး ထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လုပ်ဆောင်ရွက်လျက် ရှိကြောင်းနှင့် စစ်ဆေးရှာဖွေ သတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ ရဲတပ်ဖွဲ့စခန်းများကို ဆူပူအကြမ်းဖက်သူ လူအုပ်စုက မီးရှို့ဖျက်ဆီးခြင်း၊ လက်လုပ်မိုင်း၊ မီးပုလင်းများဖြင့် ပစ်ပေါက်

**နေပြည်တော် မတ် ၂၇**

တမူးမြို့နယ်ရှိ ကန်ကြီး၀ (၁၄) တံတားရဲကင်းနှင့် ချောင်းနက်ကြီးရဲကင်း အဆောက်အအုံများကို မတ် ၂၆ ရက် ည ၁၁ နာရီ ၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူ လူအုပ်စုက မီးရှို့ဖျက်ဆီးခဲ့သဖြင့် ရဲကင်းအဆောက်အအုံများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ မတ် ၂၇ ရက် နံနက် ၃ နာရီခွဲတွင် ရွှေဘိုမြို့ အမှတ်(၅)ရပ်ကွက်ရှိ "မြဝတီ" ဘဏ်အား အမျိုးသား ရှစ်ဦး (စိစစ်ဆဲ)က ဆိုင်ကယ်လေးစီးဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်း တစ်လုံး၊ မီးပုလင်း ခုနစ်လုံးတို့ဖြင့် ပစ်ပေါက်ကာ ဘဏ်ရှေ့လမ်းမပေါ်တွင် မီးပုလင်းအသေး ၁၅ လုံး ခန့်အား ဂျက်ဖာအတွင်းထည့်၍ မီးရှို့ ထွက်ပြေးသွားခဲ့သဖြင့် ဘဏ်လုံခြုံရေး ဝန်ထမ်းများက မီးငြှိမ်းသတ်ခဲ့ပြီး လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် ဘဏ်ရှေ့မျက်နှာစာ အမိုးမှန်တစ်ချပ် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက်၊ အထက်ကြည့်မြင်တိုင်လမ်းရှိ ရဲစခန်းအရှေ့ ဝင်ပေါက်နှင့် နောက်ကျောရှိ အုတ်နံရံတို့အား ယာဉ်အမှတ် (စိစစ်ဆဲ) Mark II ယာဉ်တစ်စီးပေါ်မှ လက်ပစ်ဗုံးဟု ယူဆရသော အရာနှင့် ပစ်ပေါက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ရဲစခန်းအရှေ့နှင့် အနောက်တို့တွင် ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားခဲ့ပြီး ရဲစခန်းရှေ့လမ်းပေါ်တွင် ရပ်ထားသည့် လုံခြုံရေးတပ်ဖွဲ့သုံး Double Cab ယာဉ်၏ ရှေ့ပိုင်းတွင် အပေါက် ၁၀ ပေါက်ခန့်၊ ရှေ့ဘီး နှစ်ဘီးပေါက်၊ ယာဉ်အင်ဂျင်ပိုင်း ပျက်စီးနှင့် ရေတိုင်ကီတို့ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့ပြင် မွန်းလွဲ ၂ နာရီခွဲတွင် ကမာရွတ်မြို့နယ် အမှတ် (၉) ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းထောင့်ရှိ အမေရိကန်စင်တာကို အင်းလျားလမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် (စိစစ်ဆဲ) အနက်ရောင် မာစီဒီး ယာဉ်တစ်စီးပေါ်မှ အရာဝတ္ထု (စိစစ်ဆဲ)ဖြင့် ပစ်ခတ်၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ထိုသို့ ပစ်ခတ်ခံရမှုအပေါ် လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ စင်တာရှိလုံခြုံရေးအခန်းတွင် ကာရံထားသော အလျား ၃ ပေခွဲ၊ အနံ ၅ ပေ၊ အထု ၁ ဒသမ ၂ စင်တီမီတာရှိ မှန်နှစ်ချပ်တွင် နေရာ ၇ နေရာ၌ ထိမှန်အက်ကွဲသွားခဲ့ပြီး အဆောက်အအုံအပြင်ဘက်တွင် ခဲပတ်အပိုင်းအစ ၁၀ ခုခန့် တွေ့ရှိရကာ လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက် အဖျက်အမှောင့် လုပ်ဆောင်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ဆူပူအကြမ်းဖက်သူလူအုပ်စုက မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ် နှစ်စီးကို အကြမ်းဖက်လုယက်ယူဆောင်

**နေပြည်တော် မတ် ၂၇**

ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၁၅၀၀ ခန့်သည် မတ် ၂၆ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ဒလမြို့ရှိ မီးသတ်တပ်ဖွဲ့စခန်းအား ဝိုင်းဝန်းပိတ်ဆို့၍ တပ်ဖွဲ့ဝင်များကို အော်ဟစ်ဆဲဆိုခြောက်လှန့်ရန်ပြုကာ စခန်းအတွင်းရှိ မီးသတ်ယာဉ် နှစ်စီးကို အကြမ်းဖက် လုယက်ယူဆောင်သွားခဲ့သည်။

ယင်းနောက် အဆိုပါ အကြမ်းဖက်လူအုပ်စုသည် ယနေ့နံနက် ၂ နာရီ ၁၅ မိနစ်တွင် လုယက်ယူဆောင်သွားသည့် မီးသတ်ယာဉ် နှစ်စီးအနက်မှ တစ်စီးကို အသုံးပြု၍ ဒလမြို့ရှိ ရဲစခန်းအနီး ဆေးရုံထောင့်သို့ရောက်ရှိလာကာ ရဲစခန်းအား လူအုပ်စုဖြင့် ဝိုင်းရံပိတ်ဆို့ဆူပူအော်ဟစ်ဆဲဆိုကြိမ်းမောင်းပြီး ရဲစခန်းအတွင်းသို့ လေးခွ၊ မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်း၊ ကားတာယာကွင်းများအား မီးရှို့၍ လှိမ့်သွင်းခြင်းများ ပြုလုပ်ပြီး အကြမ်းဖက်ရန်ပြုခဲ့ကြသည်။

ရဲစခန်းအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရန် အကြိမ်ကြိမ်သတိပေးသော်လည်း လိုက်နာခြင်းမရှိဘဲ ဆက်လက်ရန်ပြု အကြမ်းဖက်နေသဖြင့် ဥပဒေနှင့်အညီ အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၃ နာရီခန့်တွင် လူစုကွဲသွားခဲ့ပြီး အကြမ်းဖက်မှုကြောင့် လူနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မီးသတ်စခန်းမှ အကြမ်းဖက်လူအုပ်စုများ လုယက်ယူဆောင်သွားသည့် မီးသတ်ယာဉ် နှစ်စီးကို ပြန်လည်သိမ်းဆည်းနိုင်ရေး မြို့အတွင်း လိုက်လံရှာဖွေခဲ့ရာ နံနက် ၇ နာရီ ၅ မိနစ်တွင် ကမာကစွယ်ရပ်ကွက်၊ ဗိုလ်တေဇ အားကစားကွင်းအတွင်း၌ ရပ်တန့်ထားသည်ကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပြီး ရဲစခန်းဝင်းအတွင်း၌ ခေတ္တထိန်းသိမ်းထားရှိကာ ဆူပူအကြမ်းဖက်၍ မီးသတ်ယာဉ်လုယက်ယူဆောင်သွားသူများနှင့် ပူးပေါင်းပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုခဲ့သည့် လက်ပစ်ဗုံးများနှင့်ပတ်သက်၍ သုံးသပ်တွေ့ရှိချက် ထုတ်ပြန်

**နေပြည်တော် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်အချို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက် ရန်ပြုပစ်ခတ်တိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည့် လက်ပစ်ဗုံးများအနေဖြင့် ၂၀၂၁ ခုနှစ် မတ် ၂၆ ရက်နေ့တွင် လှိုင်မြို့မရဲစခန်းအား တိုက်ခိုက်မှုဖြစ်စဉ်တွင် လက်ပစ်ဗုံး သုံးလုံးစလုံး ပေါက်ကွဲခဲ့ပြီး လက်ပစ်ဗုံးပစ်ခတ်စဉ် လွင့်စဉ်ကျခဲ့သည့် လီဗာတံ နှစ်ချောင်းနှင့် ဗုံးအိမ်ခေါင်း တစ်ခု၊ ဘောစေ့အစအနများ တွေ့ရှိရပြီး ၎င်းအစအနများနှင့် လီဗာတံပုံစံတူ သုံးချောင်းကို မတ် ၂၇ ရက်နေ့ ကြည့်မြင်တိုင်မြို့နယ်၊ မြို့မရဲစခန်းကို လာရောက်ပစ်ခတ်သည့် လက်ပစ်ဗုံး သုံးလုံးပေါက်ကွဲရာ နေရာတွင် ထပ်မံတွေ့ရှိခဲ့ရသည်။

၎င်းဖြစ်စဉ် နှစ်ခုအရ အကြမ်းဖက်မှု ဆောင်ရွက်သူအဖွဲ့အနေဖြင့် အသုံးပြုသည့် လက်ပစ်ဗုံး အမျိုးအစားတူ(ထုတ်လုပ်သည့်နိုင်ငံနှင့် အမျိုးအစားစိစစ်ဆဲ)များကို အသုံးပြုခဲ့ကြောင်း တွေ့ရှိရပြီး တာမွေမြို့နယ်အတွင်း ဖမ်းဆီးရမိသည့်ဖြစ်စဉ်တွင် အမျိုးအစား မတူညီသော လက်ပစ်ဗုံး (ထုတ်လုပ်သည့် နိုင်ငံနှင့် အမျိုးအစားစိစစ်ဆဲ) များ အသုံးပြုခဲ့ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့အတွင်း သောင်းကျန်းသူနယ်မြေများ၊ နယ်စပ်ဒေသများမှ လက်ပစ်ဗုံးနှင့် အမျိုးအစားတူ လက်နက်ခဲယမ်းများ ဝင်ရောက်လာနိုင်သည်ကို သုံးသပ်တွေ့ရှိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ သတင်းစဉ်

# ဟိုဒင်း ကို ဟို ဟာ နဲ့

## ချစ်နိုင်(စိတ်ပညာ)

ချစ်စွာသောတူမောင်

ရွှင်လန်းချမ်းမြေ့ပါစေ . . .

မျက်မှောက်ခေတ်လောက် သတင်းအချက်အလက် တောင်ပုံရာပုံ များပြားတာမျိုး ရှေးယခင်က လူ့သမိုင်းစဉ်တစ်လျှောက်လုံးမှာ တစ်ကြိမ်တစ်ခါမှ မရှိခဲ့ဖူးပါဘူး။ ဒီတော့ ယနေ့ လူငယ်တွေ ရင်ဆိုင်ဖြတ်သန်းရတဲ့ သတင်းအချက်အလက် ကန္တာရတောလောက် ထူထပ်သိပ်သည်းမှုကို ယခုခေတ်မှ ရင်ဆိုင်ကြရတာ ဖြစ်ပါတယ်။

ရှေးကတော့ ရှင်းတယ်ကွယ့်။ နေးလည်း နေးတယ်။ သတင်းအချက်အလက်တွေက နည်းလည်း နည်းတယ်ပဲ ပြောကြပါစို့။ ယနေ့ကာလရဲ့ စိန်ခေါ်မှုက ဒီလောက်များပြားပွေလီ ရှုပ်ထွေးတဲ့ သတင်းအချက်အလက်တွေကို ထင်မြင်ချက် Opinion နဲ့ အချက်အလက် Fact ခွဲခြားသိရှိရန် အရေးကြီးလှပါတယ်။

နောက်တစ်ချက်က ဘာပဲတွေးတွေး၊ ဘာပဲရေးရေး၊ ဘာပဲလုပ်လုပ်၊ **(၁) ရှင်းရှင်းလင်းလင်း လုပ်ဆောင်ပါ ပြောဆိုပါ။ (၂) တိတိကျကျလုပ်ပါ၊ ပြောပါ။** အဲဒါဟာ ထိရောက်အောင်မြင်စေမယ့် အခြေခံနည်းနာနိဿယ ဖြစ်ကြပါတယ်။ တိကျပါဆိုတာ ထပ်ပြီး တိတိကျကျ ပြောရဦးမယ်ဆိုရင် (က) ဘယ်သူလဲ (ခ) ဘယ်အချိန်လဲ (ဂ) ဘယ်မှာလဲ (ဃ) ဘာကြောင့်လဲ (င) ဘာကိုလဲ (စ) ဘယ်လိုလဲဆိုတဲ့ "ဘ" ခြောက်လုံး ဖြစ်ကြပါတယ်တူမောင်။ မတိကျဘူး၊ မရှင်းလင်းဘူးဆိုရင် ဝေ့လည်ကြောင်ပတ်နဲ့ အလွဲလွဲအချော်ချော် ဖြစ်တတ်ပုံတွေ ပြောပြစရာ သာဓကတွေ အများကြီးပါပဲ။

တစ်ခါတုန်းက စာရေးဆရာတစ်ယောက်ဟာ ကလေးဆေးရုံကြီးကို ရောက်သွားသတဲ့။ အဲဒီမှာ ကလေးတစ်ယောက် အသက်ရှူရပ်မသွားအောင် ဆရာဝန်များ၊ သမားတော်ကြီးများနဲ့ သူနာပြုဆရာမတွေ ဝိုင်းအုံပြီး ကြိုးစားပမ်းစား ပြုစုနေကြတာကို တွေ့ကြရသတဲ့။ ကလေးက ပြာနှမ်းနေသတဲ့။ အသက်က ဖုတ်လှိုက်ဖုတ်လှိုက်လေးသာ ကျန်တော့သတဲ့။ ဒါနဲ့ စပ်စုပြီး သူက မေးကြည့်မိတယ်။

"ဘာပြုလို့လဲ"

"အမေ မှားသွားလို့" တဲ့၊ တစ်ဦးက ဖြေရဲ့။

"ဘာမှားသွားတာလဲ"ထပ်မေးတော့ –

"ဆေးရုံက ကလေး အပူမြင့်လို့ ရေခဲတင်ပေးလို့ ဆိုတာနဲ့ အမေက ရေခဲတင်ပေးတာ။ နဖူးပေါ်မတင်ဘဲ ရင်ဘတ်ပေါ် ရေခဲတင်ပေးနေမိလို့" တဲ့ ဖြေသတဲ့ဗျာ။ ကံမကောင်းရင် သေနိုင်တဲ့ အမှားပါကလား။

ရေခဲတင်ပေးလိုက်လို့ ပြောသူက မတိကျ။

ရေရေရာရာ မသိရရင် မရှင်းရင် မေးပါလား။ ရင်ဘတ်ပေါ် တင်ခိုင်းတာ ထင်ပါရဲ့ဆိုပြီး အထင်နဲ့ ရေခဲတုံးကို ရင်ခေါင်းပေါ် တင်ပေးတော့ သေရောပေ့။ ရှင်းရှင်းလင်းလင်းတိတိကျကျ မပြောပြ၊ မလုပ်ကြရင် အသက်တစ်ချောင်းဟာ အလွယ်တကူ ချုပ်ငြိမ်းသွားနိုင်တဲ့အထိ မှားနိုင်တာ ကြည့်ပေတော့။ လူနာရှင်သိမယ်လို့ ထင်တာကိုး။ အထင်၊ အထင်။

မရေမရာ၊ မတိမကျဆိုရင် အလွဲလွဲအချော်ချော်ဖြစ်ပုံကို ပြောပြရင် အများကြီးပါ။

တစ်ခါက စာရေးဆရာ ချစ်စံဝင်းဟာ သူ့သားရဲ့ သူငယ်ချင်းအိမ်ကို သွားလည်ပါသတဲ့။ ကုလားထိုင်ပေါ်ထိုင်ပြီး ခြေဆန့်ရင်း ခေါင်းမိုးပေါ်ကြည့်လိုက်မိတော့ မျက်နှာကြက်မှာ ပါကေးတုံးတွေ ကပ်ထားတာ တွေ့ရသတဲ့။

အလို၊ ပေါများလှချေကလား။ သားဖြစ်သူရဲ့ သူငယ်ချင်းကို မေးကြည့်မိတယ် –

"သား အဖေက သစ်တောဘက်ကလား"

"မဟုတ်ပါဘူး။ ဘာပြုလို့လဲခင်ဗျာ"

"ပါကေးတုံးတွေ မျက်နှာကြက်မှာရော အခင်းမှာပါ ကပ်ထားလို့ မေးတာပါ"

"ဩော် – အဖေက နိုင်ငံခြားသွားခါနီး အမေ့ကို မှာသွားတယ်။ ငါမလာမီ ပါကေးတုံးတွေ ကပ်ထားလိုက်၊ လက်သမားခေါ်ပြီး ပြီးအောင်လုပ်ထားနှင့်ပါတဲ့။ ဒါနဲ့ အမေက လက်သမားကို မျက်နှာကြက်မှာ ပါကေးတုံး အကပ်ခိုင်းတယ်။ လက်သမားကလည်း ဒီဇိုင်းအဆန်းထွင်ချင်လို့နေမှာပဲဆိုပြီး ကပ်ပေးတယ်။ အဖေ ပြန်လာတော့ အမေက ရှင်ပဲ အကပ်ခိုင်းခဲ့တာပဲလေလို့ ပြောပြပါတယ်။ ဒါနဲ့ ကြမ်းခင်းရော မျက်နှာကြက်ရော ပါကေးကပ်တဲ့အိမ် ဖြစ်သွားပါတယ်"တဲ့။

တိတိကျကျ ဘယ်နေရာဆိုတာ မပြောခဲ့ဘဲကိုး။ ပြောစရာမလိုဘဲ သိမယ် ထင်ခဲ့မိပေသကိုး။

ဒီလိုမျိုးဖြစ်တတ်တာတွေက တိတိကျကျ မရှိလှတဲ့ ပြောသူလုပ်သူတွေမှာ ကြုံတွေ့ရစမြဲပါ။

တစ်ခါက မုံရွာမြို့ကို အလည်ရောက်နေတဲ့ ဘကြီးတစ်ယောက်ရှိသတဲ့။ တူက ဝန်ထမ်း အရာရှိဆိုတော့ နေ့လယ် ရုံးသွားရတယ်။ ဘကြီးက ငါသိပ်ညောင်းတယ်ကွာ အနှိပ်သည် ခေါ်ခဲ့စမ်းပါ မှာတယ်။ တူက ကျွန်တော် လွှတ်ပေးမယ်၊ မုံရွာက အနှိပ်သည် အလွန်ကောင်းတယ် ပြောသွားတာပေ့ါ။ ဒါနဲ့မျှော်နေတာပေ့ါ။

ဆယ်နာရီလောက်မှာ လူတစ်ယောက် ပေါက်ချလာတယ်။ အိမ်ထဲဝင်တာနဲ့ –

"မင်းက နှိပ်တတ်ရဲ့လားကွ"

"နှိပ်တတ်ပါတယ် – ဘကြီး"

"အေးကွာ၊ ငါမျှော်နေတာ ကြာပြီ။ နှိပ်တတ်ရင် ကောင်းကောင်းနှိပ်စမ်းကွာ" ဆိုပြီး အနှိပ်ခံတာပေ့ါ။

နေ့လယ် ၁၂နာရီထိုးတော့ တူတော်မောင်က ရုံးမှ အိမ်ပြန်လာတယ်။

"ဦးလေး – အနှိပ်သည်ပါလာပြီ" ဆိုတော့ –

"ဟင် .. မင်းလွှတ်လိုက်တာ မနက်ကတည်းက မဟုတ်လား"

တကယ်တော့ ဘယ်ဟုတ်မှာလဲ။ ဖိုင်တစ်ခု အိမ်မှာ ကျန်ရစ်ခဲ့လို့ ပြန်အယူခိုင်းလိုက်တဲ့ ဝန်ထမ်း ရုံးစာရေးကြီးဥစ္စာ။

"ဟာ – ဦးလေး၊ မှားနေပြီ အဲဒါက ကျွန်တော့်ရုံးက စာရေးကြီးပါ။ ဆင်း ဆင်း"

"ကျွန်တော်ကလည်း ဆရာ့ဘကြီးက နှိပ်တတ်လားမေးတော့ နှိပ်တတ်ပါတယ် ပြောမိတယ်။ ကဲ – နှိပ်စမ်းကွာဆိုတော့ နှိပ်ပေးနေရတာပါ" တဲ့။

ဒါကြောင့်မို့ ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ် ထင်ကြေးနဲ့ မလုပ်ပါနဲ့။ ခန့်မှန်းခြေနဲ့ မဆုံးဖြတ်ပါနဲ့။ သေသေချာချာ စိစစ်ပြီး အချက်အလက် မှန်ကန်ပါစေ။ ရှင်းရှင်းလင်းလင်းပြောပါ၊ မေးပါ၊ ရေးပါ၊ လုပ်ပါ။

တိတိကျကျ ပြောပါ၊ ရေးပါ၊ လုပ်ပါ။

တိကျရမှာက (ဘ) ခြောက်လုံး ဖြစ်ပါကြောင်း နိဂုံးချုပ်ဖော်ပြလိုက်ပါရဲ့ဗျာ။ အရာရာ ထိရောက်အောင်မြင်ပါလိမ့်မယ်။

| | | |
|---|---|---|
| ၁။ | ဘယ်သူ ဘယ်ဝါ | Who |
| ၂။ | ဘယ်အချိန်မှာ | When |
| ၃။ | ဘယ်နေရာမှာ | Where |
| ၄။ | ဘာကို | What |
| ၅။ | ဘာ့ကြောင့် | Why |
| ၆။ | ဘယ်လိုဘယ်ပုံလုပ်သလဲ | How |

ချစ်စွာသော

ချစ်နိုင်(စိတ်ပညာ)

လုံမလေးအမျိုးသမီးမဂ္ဂဇင်း

ဖေဖော်ဝါရီ၊ ၂၀၀၃ ခုနှစ်

# ပြည်သူများ သောက်သုံးရေပြည့်ဝစွာရရှိရေး ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး ဦးဆောင်၍ မတ် ၂၄ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တွေ့ဆုံ၍ နွေရာသီကာလ မြို့ပြနှင့် ကျေးလက်ဒေသရှိ သောက်သုံးရေ အခက်အခဲဖြစ်နိုင်သည့်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ပြည့်ဝစွာရရှိရေး ဆွေးနွေးကြသည်။



ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက ယခုနှစ် နွေရာသီတွင် တိုင်းဒေသကြီးအတွင်းရှိ မြို့ပေါ်နှင့် ကျေးလက်ဒေသအားလုံး အနာဂတ်တွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး အခက်အခဲမရှိအောင် ဖြေရှင်းပေးနိုင်ရန် တာဝန်ရှိသူများက ရှုထောင့်၊ အမြင်အမျိုးမျိုးမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ (ရေသန့်) ဌာနမှူး ဦးမြင့်ဇော်သန်းက လှော်ကား၊ ဂျိုးဖြူ၊ ဖူးကြီး၊ ငမိုးရိပ် ရေလှောင်ကန်များမှ နေ့စဉ်ရေပေးဝေမှု၊ ကုက္ကိုဝ မြစ်ရေတင်စီမံကိန်း၊ လဂွန်းပြင်ဆည်မှ ငမိုးရိပ် ရေထိန်းတံခါးသို့ ရေပေးပို့မှု၊ နွေရာသီကာလ ဆည်ရေလျော့နည်းချိန်တွင် ဖြည့်စွက်ပေးဝေနိုင်ရန် စီမံထားမှု၊ ရေလိုအပ်ချက် မြင့်မားလာမှုအတွက် အနာဂတ်ရေပေးဝေရေးစနစ် ၂၀၄၀ Master Plan၊ ရန်ကုန်မြို့၏ လက်ရှိရေဖိုးရေခ ကောက်ခံမှုနှင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်မှ ရေသန့်စင်မှုစနစ် အဆင့်မြှင့်တင်သည့် လုပ်ငန်းများ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်တင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းအောင်က နှစ်စဉ် နွေရာသီတွင် ကော့မှူး၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များ သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေမှုများအတွက် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန် မြို့အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှု၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေရရှိရေးနှင့် ရေပေးဝေရေး လုပ်ငန်းများတွင် ဌာနအလိုက် ပါဝင်ဆောင်ရွက်နေရသော လုပ်ငန်းကဏ္ဍများ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး လိုအပ်သည့် ယန္တရားများ၊ ရေသယ်ယာဉ်များနှင့် စက်သုံးဆီ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးမည့် အစီအစဉ်များ ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နွေရာသီသောက်သုံးရေ အခက်အခဲဖြစ်နေသော ကျေးရွာများနှင့် မြို့နယ်များ တစ်နှစ်ပတ်လုံး ရေအခက်အခဲ မရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျေးရွာများရှိ သောက်ရေကန်များကို ဌာနပိုင် စက်ယန္တရားများဖြင့် ရွှံ့၊ နုန်း၊ သဲများ ဆယ်ထုတ်ပြီး သန့်ရှင်းရေးပြုလုပ်ရန်နှင့် လတ်တလော နွေရာသီသောက်သုံးရေအခက်အခဲ ဖြစ်နိုင်သော ပင်လယ်ကမ်းစပ်ကျေးရွာဒေသများ အပါအဝင် ရေအခက်အခဲရှိနိုင်သည့် ဒေသများသို့ ရေကားဖြင့် လိုက်လံပေးဝေမည့် အစီအစဉ်များကို သက်ဆိုင်ရာ မြို့နယ်အလိုက် အဖွဲ့များဖွဲ့၍ ကြီးကြပ်ဆောင်ရွက်ကြရန်၊ အနာဂတ် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပေါ် သာမက ကျေးလက်ဒေသပါ သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန်နှင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိစေရေးအတွက် ယခုအစည်းအဝေးတွင် အကြံပြုဆွေးနွေးချက်များကို လက်တွေ့အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ စနစ်တကျကြီးကြပ်ဆောင်ရွက်ပေးကြရန် ပြောကြားကြောင်း သိရသည်။

ဆန်းကျော်ဦး (ပြန်/ဆက်)

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ကြည် (ထားဝယ်)
### ဇနိတရာမ မိုးကုတ်ယောဂီဟောင်း
### အသက် (၉၃) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၇)လမ်း၊ အမှတ် (၂၀)နေ (ဦးအောင်ဘော်-ဒေါ်အုံးတင်)တို့၏ သမီးကြီး၊ (ဦးဟိုဟင်-ဒေါ်ခင်ရီ)၊ (ဦးထွန်းကြည်)-ဒေါ်ကြည်၊ (ဦးပေါ်ဟီး-ဒေါ်ကျင်လွမ်) တို့၏အစ်မကြီး၊ ဦးကြည်လင်း-ပါမောက္ခဒေါ်ထားထားရီ၊ (ဦးဝင်းနိုင်-ဒေါ်သန်းသန်းနွဲ့) တို့၏မိခင်၊ ဒေါ်မြင့်မြင့်ခင်၊ ဦးပိုင်စိုး-ဒေါ်ချယ်ရီဝင်း တို့၏ကြီးကြီး၊ မြေး(၆)ယောက်၊ မြစ်(၈)ယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၃-၂၀၂၁ရက် (သောကြာနေ့) နံနက် ၃:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဗိုလ်ကြီးသူရအောင်နိုင်ဝင်း(ငြိမ်း)
### OTS(90)၊ ဦးစီးအရာရှိ
### အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
### အသက် (၅၂)နှစ်

ဦးမောင်ငွေ-ဒေါ်တင်စိန် တို့၏သား၊ ဦးရွှေဇံအောင်-ဒေါ်စန်းမြင့် တို့၏ သားသမက်၊ ဒေါ်ဝင်းမေ၏မောင်၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခရေအိမ်ရာ၊ တိုက်(၁၂၁)၊ အခန်း(၃၂)နေ ဒေါ်သင်းသင်းအောင်၏ခင်ပွန်း၊ မခိုင်ယဉ်မွန်အောင်၊ မောင်ဇင်မျိုးသူရအောင်တို့၏ ဖခင်သည် ၂၇-၃-၂၀၂၁ရက်(စနေနေ့) နံနက် ၁၁:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၁ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် နေပြည်တော်၊ ကျေးကြီးသုသာန် သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးဘငွေ(မာန်အောင်)
### ဒုခရိုင်ဥပဒေအရာရှိ(ငြိမ်း)
### အသက် (၆၆)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ မြတ်မချောင်ရွာနေ (ဦးဘနီ-ဒေါ်မအေး) တို့၏သားငယ်၊ (ဦးမောင်မှုန့်)-ဒေါ်ညီမနုတို့၏ သားသမက်၊ ဦးဘအေး(တိုင်းမန်နေဂျာ-ငြိမ်း)-(ဒေါ်စုစု)၊ ဦးဘမြင့်အောင်(တိုင်းမန်နေဂျာ-ငြိမ်း) (အထွေထွေမန်နေဂျာ MAEX Co.,Ltd.)၊ ဒေါ်ခင်ခင်အေး၊ ဦးမောင်စိန်-ဒေါ်အေးရင်၊ ဦးဘဖြူ-(ဒေါ်အေးနု)တို့၏ညီ၊ မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅) ရပ်ကွက်၊ ယုဇန (၅)လမ်း၊ အမှတ် (၆၇၈) (က)နေ ဒေါ်တင်အေးခင်၏ခင်ပွန်း၊ ဦးဝင်းအောင်(ခေတ္တ-ဂျပန်)-ဒေါ်ခင်ခင် ဇော်(တရားလွှတ်တော်ရှေ့နေ)၊ ဦးထိန်လင်းဦး-ဒေါ်သိင်္ဂီဇော် (LL.B)၊ ဦးမြတ်သူရဇော်(ဒုမြို့နယ်ဥပဒေအရာရှိ၊ ပျော်ဘွယ်မြို့)-ဒေါ်ရွှေရည်အိမ် (အထက်တန်းရှေ့နေ)တို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၂၆-၃-၂၀၂၁ရက် ညနေ ၅:၁၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၂၁ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၄-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---


သစ်တော
နှင့်
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်
ကိုစိုး


---

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက်
### ရုံးသုံး / လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက် ရုံးသုံး/ လုပ်ငန်းသုံးစက်ကိရိယာ ပစ္စည်းများကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) ရုံးသုံး/ လုပ်ငန်းသုံး စက်ကိရိယာပစ္စည်း (၁၂) မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၂၆-၄-၂၀၂၁ ရက်မှ ၁၀-၅-၂၀၂၁ရက်အထိ နေ့စဉ် နံနက် ၉:၃၀နာရီ မှ ညနေ ၄နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းမပါသော Specification & Catalogue များကို ၁၀-၅-၂၀၂၁ ရက် ၁၇-၅-၂၀၂၁ရက်တို့တွင်လည်းကောင်း၊ ဈေးနှုန်းပါသော Specification & Catalogue များကို ၁၇-၅-၂၀၂၁ရက်တွင်လည်းကောင်း၊ နံနက် ၉:၃၀နာရီမှ ညနေ ၄နာရီအတွင်း ပြန်ကြား ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ထုတ်လုပ်မှုဌာနသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန** | **ပြည်တွင်း/ပြည်ပပစ္စည်းများ** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ဝယ်ယူရေးနှင့်ထုခွဲ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ရောင်းချရေး ကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၃၄၁၂၃၇၄၊ ၀၆၇-၃၄၁၂၃၇၅** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၃၄၁၂၃၇၅** |
| | **၀၆၇-၃၄၁၂၃၇၄၊** |

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးသူရအောင်နိုင်ဝင်း(ငြိမ်း)
### OTS(90)၊ အသက်(၅၂)နှစ်

သူငယ်ချင်း ဗိုလ်ကြီးသူရအောင်နိုင်ဝင်း(ငြိမ်း) အသက်(၅၂)နှစ်သည် ၂၇-၃-၂၀၂၁ ရက်(စနေနေ့) နံနက် ၁၁:၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၀)သူရတပ်ခွဲမှ သူငယ်ချင်းများ**

---

## ဦးတင်ဦး(ညောင်စာရေး/ပြည်)
### အသက် (၈၆)နှစ်

ညောင်စာရေးတိုက်နယ်နေ (ဦးဘိုင်ကြီး-ဒေါ်ကြင်မြိုင်)တို့၏ သားကြီး၊ ပြည်မြို့နေ (ဦးတင်အုံး-ဒေါ်ကြည်)တို့၏သမက်၊ ဦးတင်ဝင်း-ဒေါ်ခင်ချို၊ (ဦးမင်းသူ)-ဒေါ်ခင်သန်းဝင်းတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုး၊ ဒေါ်ခင်ဝင်း၏ခင်ပွန်းသည် ၂၆-၃-၂၀၂၁ရက် ညနေ ၅:၁၀နာရီတွင် အမှတ် (၂၉-စီ)၊ သိရိမင်္ဂလာရိပ်သာလမ်း၊ ရန်ကင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၂၁ ရက် နံနက် ၁၁နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ငွေချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၁ နှင့် ၅)
### စစ်တွေခရိုင်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၃

| | | |
|---|---|---|
| ဟာဆောင်း | နှင့် | ၁။ အဒူလာမစ် |
| | | ၂။ ဆွေယော့တာမိန် |
| **တရားလို** | | **တရားပြိုင်များ** |

စစ်တွေမြို့၊ ဘုမေကျေးရွာအုပ်စု၊ ဆပ်အိုးရွာနေ ဆွေယော့တာမိန် (ဘ) အဒူလာမစ် (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

ဆွေယော့တာမိန် သင့်အပေါ်၌ တရားလို ဟာဆောင်းက ချေးငွေ ၁၇၅၀၀၀၀၀/-(တစ်ရာခုနစ်ဆယ့်ငါးသိန်းကျပ်တိတိ)ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် ဧပြီ ၉ရက် (၁၃၈၂ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်သေခံစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် မတ် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မသိန်းလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**စစ်တွေခရိုင်တရားရုံး**

---


## သင့်သွေးဖြင့် အသက်ကယ်ပါ



## ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
## သဘာဝ တောတွေ ထိန်းသိမ်းစို့


---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၆ခ/၁)၊ ဦးပိုင်အမှတ်(၇၀/ခ)၊ မြေရေိယာ ၀ဒသမ ၀၅၈ ဧကရှိ မြေကွက်သည် မူလက ဦးပိုင်(၇၀)၊ ဧရိယာ ၀ဒသမ ၁၉၈ ဧကကို ဒေါ်ထုရာ အမည်ဖြင့် ၁၆-၂-၂၀၂၅အထိ (၁၀)နှစ်ဂရန်ရရှိခဲ့ပြီး ၎င်းထံမှ ဦးပိုင်(၇၀/ခ)၊ ဧရိယာ၀ဒသမ ၀၅၈ဧကအပိုင်းကို ၁၄-၉-၂၀၂၀ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၃၃၉/၂၀၂၀)ဖြင့် ဒေါ်နှင်းမူမှ တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်နှင်းမူ ၁/ မကန(နိုင်)၀၁၃၉၂၆ အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) ထုတ်ပေးနိုင်ပါရန် လျှောက်ထား လာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြား ချက်များနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၆က/၆)၊ ဦးပိုင်အမှတ်(၁၁၂/က)၊ မြေရေိယာ ၀ဒသမ ၀၉၆ ဧကရှိ မြေကွက်သည် မူလက ဒေါ်ကျန်စီကြူ(ခ)ရွှေစိန် အမည်ဖြင့် ၃၀-၆-၂၀၂၀အထိ နှစ်(၃၀)ဂရန်အား မူလဂရန် သက်တမ်းအတိုင်းရရှိခဲ့ပြီး ၎င်းထံမှ ဒေါ်စွဲ့မိုခမ်း ၁/ မကတ(နိုင်)၀၈၄၂၈၃ အမည်ဖြင့် ၃၀-၁၂-၂၀၁၉ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် ၅၁၃/၂၀၁၉ ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်စွဲ့မိုခမ်း ၁/ မကတ(နိုင်)၀၈၄၂၈၃ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာပါသည့်ရက်မှ စ၍ ၁၅ ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော် အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

---

## ပျားကပ်ပါး မွှားရောဂါ ထိန်းချုပ်ရေးအတွက် အသိပေးနှိုးဆော်ချက်

ဥရောပပျားမွေးမြူရေးပျားအုံများတွင် ကပ်ပါးမွှားရောဂါ ထိန်းချုပ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

၁။ ပျားစခန်းရွှေ့ပြောင်းချထားမွေးမြူမည့် နေရာပတ်ဝန်းကျင်ရှိ ပျားစခန်းများတွင် ကပ်ပါးမွှား ရောဂါကျရောက်ဖြစ်ပွားမှု ရှိ/ မရှိ ဦးစွာစုံစမ်းပြီး ရောဂါကင်းရှင်းမှသာ ရွှေ့ပြောင်းမွေးမြူရန်။

၂။ ဒေသခံပျားများ ပေါများစွာရှိသော နေရာတွင် ပျားစခန်းချထားမွေးမြူခြင်းမပြုရန်။

၃။ ပျားအုံပြင်ပစစ်ဆေးခြင်းကို နေ့စဉ်ဆောင်ရွက်ပါရန်။

၄။ အုံတွင်းစစ်ဆေးမှုပြုလုပ်သည့်အခါအတိုင်း ရပ်ဖုံးသားလောင်းများကို ဖောက်ထုတ်စစ်ဆေးရန်။

၅။ ပျားအင်အားကောင်းအောင် ဆောင်ရွက်၍ ပျားသလက်ချပ်နှင့် ပျားအင်အားမျှတမှု ရှိနေစေရေးဆောင်ရွက်ရန်။

၆။ ပျားအုံများကိုရောဂါဒဏ်ခံနိုင်ရည်ရှိသော ပျားဘုရင်မများဖြင့် မွေးမြူနိုင်ရေးလုပ်ဆောင်ရန်။

၇။ လိုအပ်သော ဖြည့်စွက်စာများကို တိုက်ကျွေးရန်။

၈။ ရောဂါကျရောက်ပါက ဌာနမှ သတ်မှတ်ထားသော ဆေးဝါးများကိုသာ အသုံးပြုကုသရန်။

၉။ ရောဂါဆိုးရွားစွာ ကျရောက်နေသောပျားစခန်းကို အခြားပျားစခန်းများနှင့် အနည်းဆုံး (၃) မိုင်အကွာအဝေးသို့ ရွှေ့ပြောင်း၍ သီးခြားထားရှိစေပြီး ပျားစခန်းရှိ ပျားအုံအားလုံးကို အမြန်ဆုံး ဆေးကုသမှု ဆောင်ရွက်ရန်။

၁၀။ ရောဂါကျရောက်ဖြစ်ပွားနေကြောင်း သိရှိပါက နီးစပ်ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့နယ် ပျားမွေးမြူဖွံ့ဖြိုးရေး တာဝန်ခံရုံးနှင့် မြန်မာနိုင်ငံ ပျားလုပ်ငန်းရှင်များအသင်းထံသို့ ဆက်သွယ်အကြောင်းကြား၍ ပူးပေါင်း ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး
## လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ “နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ်(Stay at home)”တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသောမြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **“COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)”**ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင် -

- ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့်လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေး လုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည် လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာ ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ် နှင့် ချောင်းဦးမြို့နယ်မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း၃ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မဲရုံပေါင်း ၁၂၁ ရုံ | ၁၁၇၂၂၁ | ၈၄၀၄၈ | ၈၅၄၈ | ၆၃၈ | ၁၀၉၇၄ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် မဲရုံပေါင်း ၈၆ ရုံ | ၈၉၂၂၅ | ၇၅၆၈၀ | ၈၄၁၅ | ၆၃၅ | ၉၆၁၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၀၇ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၃၄၇၂၆ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၂၆၅၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၂၀၇၃၊ မြေပြင်လက်ကျန် ၆၉၀၉၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၂၀၂ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၂၂၃ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

*စာမျက်နှာ ၁၆ ကော်လံ ၁* ❄

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၇-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၆-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၇-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၀၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၃၃,၄၈၃) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၃၇၇) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၈၈) ဦး ဆေးရုံမှဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# အင်္ဂလန်အသင်း အယ်လ်ဘေးနီးယားကို ထပ်မံအနိုင်ယူသွားနိုင်မလား

ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲစဉ်များကို ကျင်းပလျက်ရှိရာ ယနေ့တွင် ပွဲစဉ် (၂) အဖြစ် ကာဇက်စတန်နှင့် ပြင်သစ်၊ ဂျော်ဂျီယာနှင့် စပိန်၊ အယ်လ်ဘေးနီးယားနှင့် အင်္ဂလန်စသည့်အသင်းများ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ကာဇက်စတန်နှင့် စပိန်အသင်းတို့ပွဲစဉ်ကို မတ် ၂၈ ရက် ည ၇ နာရီခွဲတွင် ကာဇက်စတန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ကာဇက်စတန်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ခြောက်ပွဲတွင် နိုင်ပွဲရရှိထားခြင်းမရှိဘဲ သရေပွဲနှစ်ပွဲနှင့် ရှုံးပွဲလေးပွဲအထိ ကြုံတွေ့ထားသောကြောင့် ခြေစွမ်းအကျဘက်ရောက်နေသည်ကို တွေ့ရသည်။ ၎င်းနှင့်ယှဉ်ပြိုင်ကစားမည့် ပြင်သစ်အသင်းက ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲစဉ် (၁)တွင် ယူကရိန်းအသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်။

*စာမျက်နှာ ၁၇ ကော်လံ ၅* ●



မတ် ၂၆ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အင်္ဂလန်နှင့် ဆန်မာရီနိုတို့ပွဲစဉ်မှ အင်္ဂလန်တိုက်စစ်ကစားသမား ကားဗက်လီဝင် ဆန်မာရီနိုအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို တွေ့ရစဉ်။

စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးမှာ ပါဝင်ကြပါ

(စာ-၂၀)

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မတ် ၂၇ ရက်သည် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုအများဆုံး နေ့တစ်နေ့အဖြစ် စံချိန်တင်

(စာ-၂၇)